# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရှန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်၊ စနေနေ့ အတွဲ (၆၄)၊ အမှတ် (၁၂၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေး(၁/၂၀၂၅) ကျင်းပစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၁/၂၀၂၅) ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး(၁/၂၀၂၅)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ ယာယီသမ္မတ (တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အထူးဖိတ်ကြားထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ တက်ရောက်ကြသည်။

ဦးစွာ ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို သက်တမ်းတိုးတာဝန်ယူခဲ့သည့် ၆ လတာကာလ အတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❖

## ယနေ့ ဖတ်စရာ


**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပြင်ဆင်ဖွဲ့စည်း**
ထုတ်ပြန်ချက် စာ ၇

**တလုံးတစည်းညီညွတ်သော ပြည်ထောင်စုစိတ်ဓာတ်အားမာန်ဖြင့် ...**
ဆောင်းပါး စာ ၁၀

**အစိုးရဓမ္မာစရိယစာမေးပွဲ ကျင်းပမည့်ရက်နှင့် အချိန်စာရင်းကြေညာ**
ပြည်တွင်းသတင်း စာ ၁၃

# နိုင်ငံတစ်ဝန်းအေးချမ်းသာယာရေး စည်းလုံးညီညွတ်မှုအားဖြင့်တည်ဆောက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်သည် လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေးဖြစ်သည်။ ရွေးကောက်ပွဲကျင်းပရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် ရွေးကောက်ပွဲဥပဒေများနှင့်အညီ ကျင်းပသွားမည်ဖြစ်ရာ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအောင်မြင်စွာ ဖြစ်ပေါ်လာရေးအတွက် နိုင်ငံအတွင်း လုံလောက်သည့် တည်ငြိမ်အေးချမ်းမှု အခြေအနေတစ်ရပ် လိုအပ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းရေးနှင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး အာမခံထားပြီးဖြစ်သည်နှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နေသကဲ့သို့ အခြားတစ်ဖက်တွင်လည်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတစ်ရပ် ကျင်းပနိုင်ရန် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ၊ ရွေးကောက်ပွဲဆိုင်ရာ ထပ်ဆင့်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။

လက်ရှိဖြစ်ပေါ်နေသည့် ပြည်တွင်းအခြေအနေမှာ NUG နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် မြန်မာနိုင်ငံ၏ အကျိုးကို မလိုလားသည့် နိုင်ငံများ၏ ထောက်ပံ့မှုများဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုလုပ်ဆောင်လျက်ရှိပြီး ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီယဉ်ကျေးမှုကို မလိုလားသည့် လက်နက်ကိုင်အဖွဲ့အချို့ကလည်း ဥပဒေမဲ့လုပ်ရပ်များနှင့် နယ်မြေချဲ့ထွင်သည့် လုပ်ရပ်များကို တိုးမြှင့်လုပ်ဆောင်နေကြကြောင်း တွေ့ရှိနိုင်သည်။ မိမိတို့နိုင်ငံ၏ အတိတ်မှသည် မျက်မှောက်ကာလအထိ ဆယ်စုနှစ်များစွာ ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်ရန်၊ နိုင်ငံရေးပြဿနာကို စစ်ရေးဖြင့် ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရန်အတွက် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်ကို နိုင်ငံတကာ အသိသက်သေများရှေ့မှောက်တွင် ကမ္ဘာသိ လက်မှတ်ရေးထိုးခဲ့ကြသည်။ တပ်မတော်က တစ်ဖက်သတ် အပစ်အခတ်ရပ်စဲကြောင်း အကြိမ်ပေါင်းများစွာ ထုတ်ပြန်ကြေညာခဲ့ပြီး နိုင်ငံတော်အစိုးရကလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြစ်သော တွေ့ဆုံဆွေးနွေးရေး လုပ်ဆောင်ရန် ဖိတ်ခေါ်မှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့သည်။ သို့ရာတွင် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAO) အချို့သည် NCA ပါ ကတိကဝတ်များ တည်မြဲမှုမရှိဘဲ ချိုးဖောက်ခဲ့ကြသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခများနှင့် အကြမ်းဖက်တိုက်ခိုက်မှုများမှာ မည်သို့သော အကြောင်းတရားကို အခြေခံသည်ဖြစ်စေ ဒေသခံပြည်သူတို့၏ အသက်အိုးအိမ်နှင့် ပိုင်ဆိုင်မှုများ ပျက်စီးဆုံးရှုံးကာ ဆင်းရဲဒုက္ခများစွာတို့ ဖြစ်ပေါ်စေသည်။ မိသားစုဘဝများစွာတို့ကိုလည်း ပျက်သုဉ်းစေသည်။ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်ရာဒေသများတွင် ဥပဒေမဲ့ကျူးလွန်မှုများ၊ ရာဇဝတ်မှုမကင်းသည့် အနိုင်အထက်ပြုမှုများ၊ ခြိမ်းခြောက်အဓမ္မပြုကျင့်မှုများ၊ လက်နက်အားကိုးဖြင့် ပြည်သူကို အနိုင်ကျင့်မှုများ၊ ဖိစီးနှိပ်စက်မှုများ ဖြစ်ပေါ်နေသည့် သတင်းများမှာလည်း ဖုံးမရ ဖိမရ ပေါ်ထွက်လာလျက်ရှိသည်။ သောင်းကျန်းသူ အချင်းချင်း ကြားတွင်လည်း စားကျက်လု၊ စားခွက်လု စွပ်စွဲသတ်ပုတ်နေကြသည်ကို တွေ့မြင်ကြားသိနေကြရသည်။ သောင်းကျန်းသူများ၏ အကြမ်းဖက်တိုက်ပွဲဖော်ဆောင်မှုများကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ၊ လူငယ်လူရွယ်တို့၏ အနာဂတ်များ၊ ကလေးငယ်များ၏ ပညာသင်ယူမှုများ ထိခိုက်နစ်နာဆုံးရှုံးလျက်ရှိရာ ဒေသများ တည်ငြိမ်အေးချမ်းရေးသည် ဒေသခံပြည်သူများ အလိုလားဆုံး ဆန္ဒပင်ဖြစ်နေသည်။

သို့ဖြစ်ရာ နိုင်ငံတော်တစ်ဝန်း အေးချမ်းသာယာမှသာ မိမိတို့နိုင်ငံ ရှေ့ဆက်လျှောက်လှမ်းရမည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနိုင်ငံ ပန်းတိုင်ဆီသို့ အနှောင့်အယှက်ကင်းကင်းဖြင့် လျှောက်လှမ်းနိုင်မည်ဖြစ်သည့်အလျောက် နိုင်ငံသူနိုင်ငံသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုကို ဝိုင်းဝန်းတည်ဆောက်ကြရပါမည့်အကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ပြဟ္မစိုရ်တရားနှင့် စစ်မှန်သော မျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။




## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မင်းသိဏ်း ကို ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

**တို့ပြည်ထောင်စု တိုင်းရင်းသားများ ညီညွတ်စွမ်းအား ပြည့်ခွန်အား**

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ဝင်းကျော်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

❖ *ရှေ့ဖုံးမှ*

### နိုင်ငံတော်၏ကာကွယ်ရေးနှင့် လုံခြုံရေးအခြေအနေ

ထိုသို့တင်ပြရာတွင် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် အဆိုပါအချိန်က နိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် အခြေအနေများနှင့် ကိုက်ညီပြီး ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ချမှတ်ခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်မှ ပထမဆုံးဖြစ်သည့် **“လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်”** ဆိုသည့် အချက်နှင့် ပတ်သက်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် မြို့/ရွာများကို အကြမ်းဖက်တိုက်ခိုက်ခြင်းနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ဖျက်ဆီးခြင်း၊ လုယက်ခြင်းများ ပြုလုပ်ပြီး နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုမရှိအောင် ဖန်တီးလျက်ရှိကြောင်း၊ အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့်လည်း အဆိုပါ အခြေအနေကို အခွင့်ကောင်းရယူပြီး နယ်မြေချဲ့ထွင်နိုင်အောင် ကြိုးပမ်းနေသည်ကိုတွေ့ရကြောင်း၊ ၆ လတာကာလအတွင်း အကြမ်းဖက်တိုက်ခိုက်မှုအမျိုးမျိုးကြောင့် ထိခိုက်သေဆုံးပျက်စီးမှုကို ကြည့်မည်ဆိုပါက အပြစ်မဲ့ပြည်သူ/ နိုင်ငံ့ဝန်ထမ်း ၃၈၃ ဦး သေဆုံးခဲ့ရကြောင်း၊ ပညာရေး/ကျန်းမာရေးနှင့် လူနေအဆောက်အဦအပါအဝင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အဦ ၅၁၆ လုံးတို့ကို ဖျက်ဆီးခြင်းခံခဲ့ရကြောင်း၊ အစီရင်ခံသည့် ကာလအတွင်း ကချင်ပြည်နယ်တွင် KIA အကြမ်းဖက်သောင်းကျန်းသူများက PDF များနှင့် ပေါင်း၍ တရုတ် – မြန်မာနယ်စပ်ဒေသ၊ ဗန်းမော်ဒေသ၊ စစ်ကိုင်းတိုင်းအထက်ပိုင်း အင်းတော်ဒေသ၊ ကရင်ပြည်နယ်တွင် KNU အကြမ်းဖက်သောင်းကျန်းသူများသည် PDF များနှင့်ပေါင်း၍ ကရင်ပြည်နယ်၊ ကတိုင်တိဒေသ၊ မဲပလီဒေသ၊ အနန်းကွင်းဒေသ၊ ကော့ကရိတ်ဒေသ၊ ရခိုင်ပြည်နယ်တွင် AA အကြမ်းဖက်သောင်းကျန်းသူများသည် PDF များနှင့် ပေါင်း၍ မကွေးတိုင်း–ရခိုင်ပြည်နယ်အစပ်၊ ပဲခူးတိုင်း– ရခိုင်ပြည်နယ်အစပ်၊ ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ်အစပ်ဒေသများတွင် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီး ချင်းပြည်နယ်တွင် CNF သောင်းကျန်းသူများသည် PDF များနှင့် ပူးပေါင်း၍ မင်းတပ်၊ ကန်ပက်လက်နှင့် ဖလမ်းမြို့တို့ကို တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း။



ယာယီသမ္မတ (တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်တာဝန်များကို သက်တမ်းတိုးတာဝန်ယူခဲ့သည့် ၆ လတာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်ရန်လိုအပ်သည်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

အဆိုပါ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေမှုသည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုကြောင့် ရွေးကောက်ပွဲရလဒ် ပယ်ဖျက်ခံရမှုအပေါ်တွင် မဲမသမာမှုပြုလုပ်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်ဟောင်းအချို့က လူထု၏ စိတ်ခံစားချက်ကို အသုံးချပြီး သွေးထိုးလှုံ့ဆော်မှုများပြုလုပ်ခဲ့ခြင်းက အစပြုခဲ့ခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း EAO များအနေဖြင့်လည်း နိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်းပေါ်တွင် အခွင့်ကောင်းယူပြီး တိုင်းရင်းသားရေး၊ နိုင်ငံရေးအကြောင်းပြချက်များနှင့် တိုက်ခိုက်မှုများပြုလုပ်ခဲ့ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့၏ အစွန်းရောက် ယူဆချက်များနှင့် ၎င်းတို့လှုပ်ရှားသည့် နယ်မြေများတွင် လှုံ့ဆော်အားပေးမှုများ ပြုလုပ်ခဲ့ကြောင်း၊ ပြည်တွင်းပြည်ပမှ နိုင်ငံတော်အကျိုးကို မလိုလားသည့် ပြည်ဖျက်မီဒီယာများနှင့်ပူးပေါင်းပြီး မဟုတ်မမှန်သတင်းများကိုလည်း ဝါဒဖြန့်ခဲ့ကြကြောင်း၊ နိုင်ငံတစ်ဝန်းလုံး အကြမ်းဖက်မှုများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာအောင် အချိန်ကိုက် ဟန်ချက်ညီညီဖြင့် လှုံ့ဆော်ခဲ့သည်ကို တွေ့ရကြောင်း၊ ထို့ပြင် ဆင်ခြင်တုံတရားရှိသည့် ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကိုလည်း ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်းနှင့် ဖိအားပေးခြင်းများ ပြုလုပ်ခဲ့ကြကြောင်း၊ ထို့ကြောင့် နိုင်ငံတစ်ဝန်းလုံးတွင် အကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာပြီး ပြည်သူများ၏ အသက်၊ အိုးအိမ်၊ ပစ္စည်းဥစ္စာများနှင့် ပြည်သူပိုင်အဆောက်အဦများစွာ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ အဆိုပါဖြစ်ရပ်များ၏ အကျိုးမည်သူများ ရရှိခံစားရပါသလဲ၊ မည်သူမျှမရပါကြောင်း၊ နိုင်ငံ၏ဆုံးရှုံးမှုများသာဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကိုလိုလားပါသည်ဟုဆိုပြီး လှုံ့ဆော်အားပေးနေသည့် နိုင်ငံများ၊ လူပုဂ္ဂိုလ်များ စဉ်းစားကြရန်လိုကြောင်း၊ ဥပမာတစ်ခုအနေဖြင့် ပေးရမည်ဆိုပါက ပြီးခဲ့သည့်နှစ်က **လွိုင်ကော်မြို့ကို KNPP ၊ PDF အဖွဲ့များ ဝင်ရောက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် လွိုင်ကော်မြို့မှ တက္ကသိုလ်အဆောက်အဦများ ထိခိုက်ပျက်စီးပြီး ကျောင်းပိတ်ခဲ့ရကြောင်း၊ လွိုင်ကော်တက္ကသိုလ်မှ အဆောက်အဦ ၄၄ လုံး ပျက်စီးခဲ့ပြီး ၎င်းတို့ကိုပြုပြင်ရန် ငွေကျပ် ၉ ဘီလီယံခန့် ကုန်ကျရန်ရှိကြောင်း၊ အဆိုပါ ကုန်ကျစရိတ်သည် မူလတန်းကျောင်းအသစ်များစွာ ဆောက်လုပ်နိုင်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစွာ ဆောင်ရွက်ပေးနိုင်ကြောင်း၊** တက္ကသိုလ်တစ်ခုတည်း၏ ပျက်စီးမှုကိုသာ တွက်ချက်ထားခြင်းဖြစ်ကြောင်း၊ ကျန်တက္ကသိုလ်၊ ကျောင်းများ၊ ဈေး၊ ပြည်သူတို့၏ပိုင်ဆိုင်မှုများပါ ထည့်သွင်းတွက်ချက်ပါက ဘီလီယံပေါင်းများစွာရှိဦးမည်ဖြစ်ကြောင်း၊ နိုင်ငံရေးအကြောင်းပြပြီး မိုက်မဲစွာ ဆောင်ရွက်မှုကြောင့် ဒေသခံများသာ ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက စွန့်လွှတ်စွန့်စားစွာဖြင့် အဆိုပါအကြမ်းဖက်သမားများကို ရှင်းလင်းခဲ့ရကြောင်း။

ဒေသတစ်ခု တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျအောင် လုပ်နိုင်စွမ်းရှိသူများသည် အဆိုပါဒေသတွင် နေထိုင်ကြသည့် ဒေသခံများနှင့် ဒေသခံအကြမ်းဖက်သမားများသာ ဖြစ်ကြောင်း၊ ထိုသို့လက်နက်ကိုင်သောင်းကျန်းသူ အကြမ်းဖက်အဖွဲ့များ၏ ဥပဒေမဲ့အကြမ်းဖက်လုပ်ရပ်များကို နိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် ပြည်သူအားလုံးက ရှုတ်ချနေကြပြီး ရပ်တန့်သွားအောင် တပ်မတော်အနေဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးကို လိုလားသည့် ဒေသခံပြည်သူနှင့်ပူးပေါင်းပြီး ဆောင်ရွက်နေကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လုံခြုံရေးနှင့်ပတ်သက်ပြီး ပြည်သူတစ်ဦးချင်းစီနှင့် သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများနှင့် ပူးပေါင်းပြီး လုံခြုံရေးအသိရှိရှိ ဆောင်ရွက်နိုင်ရန် ပြည်သူ့လုံခြုံရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ရပ်ကွက်/ ကျေးရွာအုပ်စုအဆင့် ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ ဖွဲ့စည်းထားရှိပြီးဖြစ်ခြင်းကြောင့် **အများပြည်သူလုံခြုံရေးနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူ့လုံခြုံရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန် ပြည်သူများအနေဖြင့် သတင်းများပေးကြရန်လိုကြောင်း။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ချမှတ်ထားသည့် နိုင်ငံရေးရည်မှန်းချက် (၂)ရပ်ဖြစ်သည့် **စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းကြောင့် ရွေးကောက်ပွဲတစ်ရပ်ကို မဖြစ်မနေကျင်းပပေးရမည်ဖြစ်**ကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲကို ကျင်းပနိုင်ရန် အဘက်ဘက်မှ ပြင်ဆင်မှုများကို အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ **ကျင်းပမည့် အထွေထွေရွေးကောက်ပွဲသည် စစ်မှန်သည့် ပြည်သူ့ဆန္ဒကို ဖော်ပြနိုင်ရန် အရေးကြီးကြောင်း၊ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများအရ ဆန္ဒမဲ မည်မျှပေးမှသာ ရွေးကောက်ပွဲဖြစ်မြောက်မည်ဟု ပြဋ္ဌာန်းထားခြင်း မရှိသည်ကိုလည်း တွေ့ရ**ပါကြောင်း၊ ပြည်သူလူထု၏ စစ်မှန်သည့်လိုလားချက်ဖြစ်သော ပါတီစုံဒီမိုကရေစီစနစ်ကို ပြည်သူလူထုကသာ စောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ စည်းစနစ်ကျနမှုရှိပြီး လွတ်လပ်ပြီး တရားမျှတမှုအပြည့်ရှိသည့် ရွေးကောက်ပွဲဖြစ်ရန်၊ သိက္ခာရှိသော ရွေးကောက်ပွဲဖြစ်ရန်လိုကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မကျန်ရအောင် အဖြစ်နိုင်ဆုံးဆောင်ရွက်ပေးရန်လည်းလိုကြောင်း၊ အဆိုပါအချက်များဖြစ်ပေါ်ရန် နယ်မြေဒေသအလိုက် တည်ငြိမ်အေးချမ်းပြီးလုံခြုံမှုရှိရန် အရေးကြီးခြင်းကြောင့် တပ်မတော်နှင့်လုံခြုံရေး အဖွဲ့အစည်းများအနေဖြင့် လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ **မိမိတို့ရည်မှန်းထားသည့် ဒီမိုကရေစီလမ်းကြောင်းကို ခိုင်ခိုင်မာမာဖြင့် လျှောက်လှမ်းနိုင်ရန် ရပ်ရွာဒေသများ အေးချမ်းသာယာရေးနှင့် ဒီမိုကရေစီလမ်းကြောင်း ဖော်ဆောင်ဖြိုးရေးကို ပြည်သူအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်လိုကြောင်း။**

### စိုက်မွေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး

မိမိတို့နိုင်ငံသည် အခြေခံအားဖြင့် လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးကို အဓိကထားလုပ်ဆောင်ကြောင်း၊ **လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေကြပြီး လူဦးရေ၏ ၄၅ ဒသမ ၃ ရာခိုင်နှုန်းခန့်သည် လယ်ယာသားငါး၊ သစ်တောနှင့် နီးနွှယ်သည့် အလုပ်များလုပ်ကြ**ကြောင်း၊ **၅၀ ရာခိုင်နှုန်းကျော်သည် ပညာရေးအသင့်အတင့်သာရှိခဲ့ကြသည့်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို နည်းစနစ်တကျ ဆောင်ရွက်ရန် ဦးစားပေးဆောင်ရွက်ခဲ့**ကြောင်း၊ မိမိတို့နိုင်ငံသည် သဘာဝမှ ပေးထားသည့် ရာသီဥတုနှင့် မြေအနေအထား၊ တည်နေရာ အနေအထားအရ စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများ ကောင်းစွာဖြစ်ထွန်းနိုင်သည့် နိုင်ငံဖြစ်ကြောင်း၊ သို့သော်လည်း **စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များ ဈေးနှုန်းကြီးမြင့်ခြင်းကို ကျော်လွှားနိုင်ရန် ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်ရန်၊ သီးထပ်စွမ်းအား ၂ ဆမှ ၃ ဆထိရအောင် ကြိုးပမ်းဆောင်ရွက်ရန်လို**ကြောင်း။

ပြည်တွင်းမှ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို မြှင့်တင်နိုင်ရန်နှင့် ပြည်ပမှ တင်သွင်းကုန်များ လျှော့ချနိုင်ရေးကိုလည်း အလေးထားဆောင်ရွက်ခဲ့ကြောင်း၊ ကုန်ထုတ်လုပ်မှုတိုးမြှင့်နိုင်မှသာ ၎င်းတို့နှင့် ဆက်စပ်နေသည့် ကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ပြည်ပမှတင်သွင်းကုန်များ လျှော့ချနိုင်ပြီး နိုင်ငံခြားငွေသုံးစွဲမှုလည်း လျော့ကျလာစေနိုင်မည်ဖြစ်ကြောင်း၊ သို့မှသာ ပြည်တွင်းငွေကြေး ခိုင်မာမှုရှိလာပြီး ကုန်ဈေးနှုန်းတည်ငြိမ်မှုကိုပါ ဖြစ်စေနိုင်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုကို ၂ ဆ တိုးမြှင့်နိုင်ရန် ကြပ်မတ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

*စာမျက်နှာ ၄ သို့*

❑ **လွိုင်ကော်မြို့ကို KNPP ၊ PDFအဖွဲ့များ ဝင်ရောက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် လွိုင်ကော်မြို့မှ တက္ကသိုလ်အဆောက်အဦများ ထိခိုက်ပျက်စီးပြီး ကျောင်းပိတ်ခဲ့ရ၊ လွိုင်ကော်တက္ကသိုလ်မှ အဆောက်အဦ ၄၄ လုံး ပျက်စီးခဲ့ပြီး ၎င်းတို့ကိုပြုပြင်ရန် ငွေကျပ် ၉ ဘီလီယံခန့် ကုန်ကျရန်ရှိ၊ အဆိုပါ ကုန်ကျစရိတ်သည် မူလတန်းကျောင်းအသစ် များစွာဆောက်လုပ်နိုင်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစွာ ဆောင်ရွက်ပေးနိုင်**

❑ **ကျင်းပမည့် အထွေထွေရွေးကောက်ပွဲသည် စစ်မှန်သည့် ပြည်သူ့ဆန္ဒကို ဖော်ပြနိုင်ရန် အရေးကြီး၊ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများအရ ဆန္ဒမဲမည်မျှပေးမှသာ ရွေးကောက်ပွဲဖြစ်မြောက်မည်ဟု ပြဋ္ဌာန်းထားခြင်း မရှိသည်ကိုလည်းတွေ့ရ**

❑ **မိမိတို့ရည်မှန်းထားသည့် ဒီမိုကရေစီလမ်းကြောင်းကို ခိုင်ခိုင်မာမာဖြင့် လျှောက်လှမ်းနိုင်ရန် ရပ်ရွာဒေသများ အေးချမ်းသာယာရေးနှင့်ဒီမိုကရေစီလမ်းကြောင်း ဖော်ဆောင်ဖြိုးရေးကို ပြည်သူအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်လို**

*စာမျက်နှာ ၃ မှ*

စိုက်ပျိုးရေးထုတ်ကုန်များတိုးမြှင့်နိုင်ရန် စိုက်ပျိုးရေးလုပ်ငန်းမှ ထွက်ရှိသည့် ထွက်ကုန်များကို အခြေခံပြီး စက်မှုနည်းပညာများနှင့် ပေါင်းစပ်အသုံးပြုကာ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၂၂ ခုနှစ်မှစပြီး MSME လုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ရန် နိုင်ငံအနှံ့သွားရောက်ပြီး တွန်းအားပေးဆောင်ရွက်ခဲ့ကြောင်း၊ **MSME လုပ်ငန်းတွင် ကုန်ကြမ်းရရှိရေးသည် အဓိက** ဖြစ်ကြောင်း၊ ထို့ကြောင့် **ဒေသအလိုက်ထွက်ရှိသည့်ကုန်ကြမ်းအပေါ်မှာ အခြေခံရန် မူဝါဒပေးထားပြီး ထိုမှတစ်ဆင့် တန်ဖိုးမြှင့်ကုန်ပစ္စည်းများထုတ်လုပ်ရေး၊ ပြည်ပသို့တင်ပို့ရေး၊ သွင်းအားစုများရရှိရေး၊ ဘဏ္ဍာငွေအကူအညီပေးရေး၊ လူသားအရင်းအမြစ်များရရှိရေးတို့ကို ဆောင်ရွက်လျက်ရှိ**ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို မိရိုးဖလာနည်းလမ်းအတိုင်း ဆောင်ရွက်ခြင်းထက် ခေတ်မီနည်းပညာများကို အသုံးချနိုင်မှသာ အထွက်နှုန်းတိုးတက်လာမည်မှာ အသေအချာပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ၂၀၂၄-၂၀၂၅ စိုက်ပျိုးရေးရာသီအတွင်း မိုးစပါးစိုက်ပျိုး ဧက ၁၄ ဒသမ ၈ သန်းကျော်၊ နွေစပါးစိုက်ပျိုးဧက ၂ ဒသမ ၀၉ သန်းကျော်၊ ပြောင်းမျိုးစုံ စိုက်ပျိုးဧက ၂ ဒသမ ၁ သန်းကျော်၊ ဆီထွက်သီးနှံစိုက်ပျိုးဧက ၃ ဒသမ ၂ သန်းကျော်နှင့် ပဲမျိုးစုံ စိုက်ပျိုးဧက ၃ သန်းကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း၊ စိုက်ပျိုးပြီးစီးသည့် စပါးအပါအဝင်သီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်ပါကလည်း အစာနှင့်ရေကို စနစ်တကျတိုက်ကျွေးသည့်စနစ်ဖြင့် ဒေသတွင်းထွက်ရှိသည့်ကုန်ကြမ်းများကို အသုံးပြုပြီး အောင်မြင်သောမွေးမြူရေးလုပ်ငန်းဖြစ်အောင် ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကုန်ထုတ်လုပ်မှုအတွက် အခြေခံကောင်းများရှိပြီးဖြစ်သည့်အတွက် အောင်မြင်အောင်အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်း၊ အထူးသဖြင့် ပြည်ပမှစားသုံးဆီ နှစ်စဉ်ဒေါ်လာသန်း ၅၀၀ ကျော်ဖိုး တင်သွင်းနေရသည်ကို ၂၀၂၆ ခုနှစ်တွင် လျှော့ချရန် စီမံကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ဆီထွက်နှုန်းကောင်းသည့် နှမ်းကိုပန်းတိုင်ရည်မှန်းချက်ထွက်ရှိရေး၊ နေကြာတိုးချဲ့စိုက်ပျိုးပြီး ပြည်တွင်းဆီလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၏ အဓိကမောင်းနှင်အားဖြစ်သည့် **စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ စက်မှုကဏ္ဍနှင့်လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်နှင့် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်တို့ကို ဖွဲ့စည်းခဲ့**ကြောင်း၊ ဖွဲ့စည်းထားသည့် ကော်မရှင်များအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးကို တာဝန်ယူအကောင်အထည်ဖော်ကြရမည်ဖြစ်သည့်အတွက် ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း။

## ပညာရေးကဏ္ဍ

**ပညာရေးကသာ လူတစ်ဦးချင်းစီ၏ ဘဝတိုးတက်ရေးကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတော်အနေဖြင့်လည်း အသိပညာ၊ အတတ်ပညာပြည့်စုံသည့် ပညာတတ်အရေအတွက် များများရှိမှသာ ကဏ္ဍအစုံတွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်**ကြောင်း၊ ပညာရေး၏ သဘောသဘာဝအရ အခြေခံပညာအလယ်တန်းအဆင့်ထိ သင်ယူပြီးမှသာ ဘဝတိုးတက်ရေးအတွက် လိုအပ်သည့်အတတ်ပညာများကို ဆက်လက်သင်ယူနိုင်မည်ဖြစ်ကြောင်း။

ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်ခွင့်ရပြီး ပညာသင်ကြားနိုင်ရေးသည် အရေးကြီးသည့် ကိစ္စရပ်ဖြစ်ကြောင်း တာဝန်ရှိသူများအနေဖြင့် ကျောင်းတက်နေသည့် ကျောင်းသား၊ ကျောင်းသူများအားလုံး ပညာရေးဆုံးခန်းတိုင်သည်အထိ ပညာသင်ကြားနိုင်ရေး၊ တန်းစဉ်ကူးပြောင်းမှုများ တိုးတက်စေရေးနှင့် အသက်မွေး ဝမ်းကျောင်းပညာနှင့်အဆင့်မြင့်ပညာများကို သင်ယူပြီးမြောက်စေရေး အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကျောင်းတက်သင့်သည့် အချိန်တွင် ကျောင်းမတက်ရသည့်ကလေးများအနေဖြင့် ၎င်းတို့၏ ဘဝကိုများစွာနစ်နာစေသည့်အပြင် ဒေသနှင့်နိုင်ငံတိုးတက်ရေးကိုပါ ထိခိုက်စေကြောင်း၊ ထို့ကြောင့် **နိုင်ငံတော်အနာဂတ်အတွက် ကလေးအားလုံးကျောင်းနေပြီး ပညာသင်ကြားနိုင်ရေး ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဆရာ ဆရာမများ၊ မိဘများ၊ ရပ်မိရပ်ဖများ အားလုံးပူးပေါင်းပြီး လှုံ့ဆော်ခြင်း၊ စည်းရုံးခြင်း၊ အားပေးပံ့ပိုးခြင်း စသည့်နည်းလမ်းများဖြင့် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးကြရန်လို**ကြောင်း၊ လာမည့်မတ်လတွင် ပြုလုပ်မည့် KG+12 တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုရန် လျှောက်လွှာတင်သွင်းထားသူ ၂ ဒသမ ၂ သိန်းကျော်ရှိကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ စနစ်တကျ အေးချမ်းစွာ စာမေးပွဲဖြေဆိုနိုင်ရေး တာဝန်ရှိသူ အဆင့်ဆင့်ကလုပ်ဆောင်လျက်ရှိကြောင်း။

## ကျန်းမာရေးကဏ္ဍ

ကျန်းမာရေးနှင့်ပတ်သက်ပါက ပြည်သူတိုင်းကျန်းမာရန် အရေးကြီးကြောင်း၊ ကျန်းမာမှသာ ပညာသင်ကြားခြင်းနှင့် လူမှုရေး၊ စီးပွားရေး စသည့်အလုပ်များ လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် **"ဆေးရုံရှိလျှင် ဆရာဝန်ရှိရမည်" ဆိုသည့် မူဝါဒကိုချမှတ်ပြီး ဆေးရုံများအဆင့်မြှင့်တင်ခြင်း၊ ဆေးရုံများအားလုံးတွင် ဆရာဝန်များရှိစေရေး ဆောင်ရွက်ပေးလျက်ရှိ**ကြောင်း။

## သဘာဝဘေးအန္တရာယ်ကဏ္ဍ

မိမိတို့ မြန်မာနိုင်ငံတွင်ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသည့် မိုးသည်းထန်စွာရွာသွန်းခဲ့မှုများကြောင့် ပြည်နယ်နှင့်တိုင်းဒေသကြီး ၈ ခုရှိ မြို့နယ် ၁၀၆ ခုတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါ ကြုံတွေ့ခဲ့ရသည့်ရေဘေးသည် ရေဘေးကြုံတွေ့ခဲ့ရသည့် ဒေသများတွင် လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ အတွင်း ယခုကဲ့သို့ အလွန်ဆိုးရွားသည့်အခြေအနေနှင့် မကြုံတွေ့ခဲ့ဖူးသည်ကို သိရှိရကြောင်း၊ ထိုသို့သဘာဝဘေးကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ဆုံးရှုံးမှုများ၊ သေဆုံးမှုများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးပြန်လည်ဆောင်ရွက်ပေးနိုင်ရေးအတွက် မိမိကိုယ်တိုင်သဘာဝဘေးဖြစ်ပွားရာနေရာများအထိ လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း၊ သဘာဝဘေးဒဏ်ခံစားနေရသည့် ပြည်သူများနှင့်တွေ့ဆုံပြီး အားပေးစကားများပြောကြားခဲ့ကြောင်း၊ စားသောက်ဖွယ်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ မိမိအနေဖြင့် ယခုကဲ့သို့ သဘာဝဘေးဖြစ်ပွားရသည့် အကြောင်းရင်းနှင့် ပြန်လည်တည်ဆောက်ရမည့်အခြေအနေများကို သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက်ဖြင့် အမြန်ဆုံးဆောင်ရွက်နိုင်အောင် ကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း။


ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဆွေးနွေးတင်ပြစဉ်။


ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဆွေးနွေးတင်ပြစဉ်။


ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဆွေးနွေးတင်ပြစဉ်။

ထောက်ပံ့ပေးနိုင်မှုများအနေဖြင့် ယခုဖြစ်ပွားခဲ့သည့် သဘာဝဘေးအတွင်းတွင် သေဆုံးခဲ့ရသူဦးရေ ၄၄၀ ကျော်အတွက် ငွေကျပ် ၄၄၇ ဒသမ ၁ သန်းထောက်ပံ့ပေးခဲ့ကြောင်း၊ လူနေအိမ်ပျက်စီးမှုများအတွက် ငွေကျပ် ၂၁ ဒသမ ၂ ဘီလီယံကျော်နှင့် အခြားထောက်ပံ့ခြင်းများအဖြစ် ငွေကျပ် ၃၈ ဒသမ ၉ ဘီလီယံကျော် ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် တိုက်ပွဲရှောင်ပြည်သူများ အင်အားစာရင်းကိုလည်း ပြုစုလျက်ရှိပြီး ထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ **သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ အကြမ်းဖက်မှု၊ လက်နက်ကိုင်သောင်းကျန်းမှု ဖြစ်ပွားခြင်းကြောင့် ပြည်သူများ၏ ဆုံးရှုံးမှုများသည်လည်း သဘာဝဘေးအန္တရာယ် သတ်မှတ်ချက်ထဲတွင် အကျုံးဝင်**ကြောင်း၊ ထို့ကြောင့် **နိုင်ငံတော်အနေဖြင့် တိုက်ပွဲရှောင်ပြည်သူများကို ထောက်ပံ့ပေးသွားမည်ဖြစ်**ကြောင်း၊ ယခုကဲ့သို့ အစိုးရက အင်တိုက်အားတိုက် ဆောင်ရွက်ပေးခဲ့သကဲ့သို့ နိုင်ငံတစ်ဝန်းက အလှူရှင်များ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများကလည်း တတ်နိုင်သရွေ့ပါဝင်လှူဒါန်းခဲ့ခြင်းကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ထိထိရောက်ရောက်နှင့် မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်ခဲ့ခြင်းလည်းဖြစ်ကြောင်း၊ **အများပြည်သူများ၏ ပါဝင်လှူဒါန်းမှုကို ကြိုဆိုသည်ကို ပြောကြားလို**ကြောင်း၊ မိမိတို့ မြန်မာနိုင်ငံသားများအနေဖြင့် ယခုကဲ့သို့ **နိုင်ငံသားအချင်းချင်း သဘာဝဘေးတွေ့ကြုံရချိန်၊ အခက်အခဲများ တွေ့ကြုံနေကြရချိန်တွင် မိမိတို့တတ်နိုင်သလောက် ပါဝင်ကူညီခဲ့ကြခြင်းသည် မိမိတို့ နိုင်ငံသားများအကြားတွင်ရှိနေသည့် ညီရင်းအစ်ကို စိတ်ဓာတ်၊ အမျိုးကိုချစ်သည့် စိတ်ဓာတ်များကို ဖော်ထုတ်ပြသနိုင်ခြင်းဖြစ်ခြင်းကြောင့် မိမိတို့နိုင်ငံအတွက် များစွာဂုဏ်ယူဝမ်းမြောက်မိသည်ကို** ပြောကြားလိုကြောင်း။

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ တာဝန်စတင်ထမ်းဆောင်ချိန်ကတည်းက နိုင်ငံအတွင်းဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် NCA ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိအနေဖြင့် ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ခေါင်းဆောင်များကို ကြိုတင်သတ်မှတ်ချက်မထားဘဲ လွတ်လပ်စွာပြောဆိုဆွေးနွေးကြရန် ဖိတ်ခေါ်ခဲ့ကြောင်း၊ ဖွဲ့စည်းထားသည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအနေဖြင့် စတင်ဖွဲ့စည်းချိန်မှ ယနေ့အချိန်အထိ NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့(၇) ဖွဲ့၊ လက်မှတ်ရေးထိုးထားခြင်းမရှိသည့် အဖွဲ့(၆)ဖွဲ့တို့ဖြင့် ငြိမ်းချမ်းရေးဆွေးနွေးမှုပေါင်း (၁၁၄) ကြိမ်ပြုလုပ်ခဲ့ကြောင်း၊ နိုင်ငံရေးပါတီများနှင့်(၂၁) ကြိမ်၊ ငြိမ်းချမ်းရေးလိုလားသည့် အခြားအဖွဲ့အစည်းများနှင့် (၁၀) ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ တွေ့ဆုံဆွေးနွေးမှုများအရ လာမည့်လွှတ်တော်ကာလများတွင် အချို့ကိစ္စရပ်များကို လွှတ်တော်၌ ဆွေးနွေးနိုင်ရေးအတွက် သဘောတူညီမှုဆွေးနွေးချက်များ ရရှိပြီးဖြစ်ကြောင်း၊ သဘောတူညီမှုများ ပိုမိုရရှိစေရေး တွေ့ဆုံဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်တွင်လည်း နိုင်ငံတော်၏ လူသားအရင်းအမြစ်များ၊ အခြေခံအဆောက်အအုံများ၊ *စာမျက်နှာ ၅ သို့*

- **နိုင်ငံတော်အနာဂတ်အတွက် ကလေးအားလုံးကျောင်းနေပြီး ပညာသင်ကြားနိုင်ရေး ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဆရာ ဆရာမများ၊ မိဘများ၊ ရပ်မိရပ်ဖများ အားလုံးပူးပေါင်းပြီး လှုံ့ဆော်ခြင်း၊ စည်းရုံးခြင်း၊ အားပေးပံ့ပိုးခြင်း စသည့်နည်းလမ်းများဖြင့် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးကြရန်လို**
- **သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ အကြမ်းဖက်မှု၊ လက်နက်ကိုင်သောင်းကျန်းမှု ဖြစ်ပွားခြင်းကြောင့် ပြည်သူများ၏ ဆုံးရှုံးမှုများသည်လည်း သဘာဝဘေးအန္တရာယ်သတ်မှတ်ချက်ထဲတွင်အကျုံးဝင်၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် တိုက်ပွဲရှောင်ပြည်သူများကို ထောက်ပံ့ပေးသွားမည်ဖြစ်**
- **နိုင်ငံရေးနည်းလမ်းကို စားပွဲဝိုင်းပေါ်တွင် တွေ့ဆုံဆွေးနွေးခြင်းဖြင့်သာ အဖြေရှာနိုင်မည်ဖြစ်သည့်အတွက် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို အမြဲတမ်းကြိုဆိုလမ်းဖွင့်ပေးထား**

*စာမျက်နှာ ၄ မှ*

ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ များစွာဆုံးရှုံးခဲ့ရသောကြောင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ကြောင်း၊ ဒေသအလိုက်လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းမှသာ လွတ်လပ်ပြီး တရားမျှတမှုအပြည့်ရှိသည့် ရွေးကောက်ပွဲ ကျင်းပနိုင်မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးရရှိရန်အတွက် ချမှတ်ထားသည့် လုပ်ငန်းစဉ်များအတိုင်း စဉ်ဆက်မပြတ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ **နိုင်ငံရေးနည်းလမ်းကို စားပွဲဝိုင်းပေါ်တွင် တွေ့ဆုံဆွေးနွေးခြင်းဖြင့်သာ အဖြေရှာနိုင်မည်ဖြစ်သည့်အတွက် ငြိမ်းချမ်းရေး ဆွေးနွေးမှုများကို အမြဲတမ်းကြိုဆို လမ်းဖွင့်ပေး**ထားသည်ကို ပြောကြားလိုကြောင်း။

### ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး

တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ပြည်သူများ လိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းနိုင်ရေး လမ်းခင်းပေးခဲ့သကဲ့သို့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မြဲစေရန် ရွေးကောက်ခံအစိုးရများနှင့် လက်တွဲဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်သူလူထု လိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနေခြင်းဖြစ်သည့်အတွက် ရွေးကောက်ပွဲတစ်ရပ်ကို မဖြစ်မနေ ကျင်းပပေးရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင် နိုင်ငံရေးပါတီများ ပါဝင်နိုင်ရေးအတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် နည်းဥပဒေများကို ထုတ်ပြန်ခြင်း၊ ပြင်ဆင်ခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ပြဋ္ဌာန်းထုတ်ပြန်ခဲ့သည့် ဥပဒေများနှင့်အညီ နိုင်ငံရေးပါတီပြန်လည် မှတ်ပုံတင်ခွင့်လျှောက်ထားသည့်ပါတီ ၅၀ပါတီနှင့် ပါတီအသစ် တည်ထောင်ခွင့် လျှောက်ထားသည့်ပါတီ ၁၈ ပါတီရှိခြင်းကြောင့် စုစုပေါင်း ၆၈ ပါတီရှိပြီဖြစ်ကြောင်း၊ ဥပဒေနှင့်အညီ ပြန်လည်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း မရှိသည့် နိုင်ငံရေးပါတီ ၄၀ ပါတီ အနေဖြင့် မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ပြန်လည်မှတ်ပုံတင်ခွင့်နှင့် အသစ်တည်ထောင် မှတ်ပုံတင်ခွင့် တင်ပြလာသည့် နိုင်ငံရေးပါတီ ၆၈ ပါတီအနက်မှ နိုင်ငံရေးပါတီ ၅၅ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး နိုင်ငံရေးပါတီ ၂ ပါတီကို ဥပဒေနှင့်အညီ ပါတီမှတ်ပုံတင်ခွင့် ပယ်ဖျက်ခဲ့သည့်အတွက် လက်ရှိတည်ဆဲ နိုင်ငံရေးပါတီ ၅၃ ပါတီရှိကြောင်း၊ မိမိအနေဖြင့် ဒေသနှင့်တိုင်းရင်းသားများအကျိုးကို တရားဥပဒေနှင့်အညီ ဆွေးနွေးနိုင်ရေးအတွက် တိုင်းရင်းသား ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံရေးစင်မြင့်တွင် ပိုမိုပါဝင်ရန် လိုအပ်သည်ဟု ခံယူထားသည့်အတွက် ယခုကဲ့သို့ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးမှု စုစုပေါင်း ၁၀ ကြိမ် ပြုလုပ်ခဲ့ကြောင်း၊ ထိုကဲ့သို့ တွေ့ဆုံချိန်အတွင်း ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ



ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့် ဆွေးနွေးတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဆွေးနွေးတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဆွေးနွေးတင်ပြစဉ်။

အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုဆိုင်ရာ ကိစ္စရပ်များ၊ ယခင်ရွေးကောက်ပွဲများတွင် ကျင့်သုံးခဲ့သည့်အတွက် ဖြစ်ပေါ်လာတဲ့ လေလွင့်ဆုံးရှုံးသည့်မဲများ မဖြစ်စေရေး မဲများသူ အနိုင်ရသည့်စနစ် (First Past The Post) FPTP စနစ်အပြင် မြန်မာနိုင်ငံနှင့် သင့်လျော်ပြီး ရိုးရှင်းလွယ်ကူသည့် စာရင်းပိတ်အချိုးကျ ကိုယ်စားပြုစနစ် (Closed List–PR)ကို ကျင့်သုံးရေး ရွေးကောက်ပွဲစနစ်ဆိုင်ရာ ပေါင်းစပ်ကျင့်သုံးရေး ကိစ္စရပ်များ၊ နိုင်ငံရေးပါတီများနှင့် ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါတီဝင်အင်အား၊ ပါတီရုံးများ ဖွင့်လှစ်မှုအခြေအနေများ၊ ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုနှင့် ပြည်တွင်းပြည်ပမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ စောင့်ကြည့်လေ့လာခွင့်ဆိုင်ရာ ကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးနိုင်ခဲ့ပြီး သဘောတူညီချက်များလည်း ရရှိပြီးဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် သဘောတူညီချက်များကို ခိုင်ခိုင်မာမာနှင့် အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် အရေးကြီးကြောင်း။

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ NLD ပါတီမှ မဲမသမာမှု ပြုလုပ်သူများ အနေဖြင့် မဲစာရင်းများကို ဖောင်းပွအောင်ဖန်တီးပြီး ၎င်းတို့နှင့်သက်ဆိုင်သည့် ရွေးကောက်ခံမဲဆန္ဒနယ် တစ်ခုတည်း၌သာမဟုတ်ဘဲ နိုင်ငံတစ်ဝန်းလုံးတရားမဲ့ အနိုင်ရရှိအောင် မဲမသမာမှုပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ **၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲရှိသည့် မြို့နယ်အားလုံးတွင် မဲမသမာမှုများအတွက် တာဝန်ရှိသူများသည် NLD ပါတီမှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် (CEC) များဖြစ်သည်ကို တွေ့ရကြောင်း၊ CEC ဖြစ်သည့်သူများသည် NLD ပါတီကို ကိုယ်စားပြုသူများပင် ဖြစ်သောကြောင့် မဲမသမာမှုကို ပါတီလိုက် ကျူးလွန်ခဲ့သည်ဟု ယူဆနိုင်ကြောင်း။**

### ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်နေမှုများ

မိမိအနေဖြင့် အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပပေးနိုင်ရေး ဘက်ပေါင်းစုံကနေ စီမံဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံခြားခရီးစဉ်များ သွားရောက်ချိန်တွင်လည်း နိုင်ငံတကာမှ နိုင်ငံတော်အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံချိန်များတွင် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး စီမံဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း၊ မြန်မာနိုင်ငံသို့လာရောက်သည့် နိုင်ငံတကာမှ သံတမန်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံချိန်များတွင်လည်း ရွေးကောက်ပွဲတစ်ရပ်ကျင်းပရေး စီမံဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း၊ ထိုကဲ့သို့ ရှင်းလင်းပြောကြားခဲ့သည့်အတွက် နိုင်ငံတကာအနေဖြင့် မိမိတို့ ဦးဆောင်ကျင်းပပေးမည့် ရွေးကောက်ပွဲအပေါ် အပြည့်အဝ အားပေးထောက်ခံမှုများ ရရှိခဲ့ပြီးဖြစ်ကြောင်း။

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူအားလုံး ဆန္ဒမဲပေးနိုင်ရေးနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိရေးအတွက် ပန်းခင်းစီမံချက် ၁၊ ၂၊ ၃ ကို ချမှတ်ပြီး စုစုပေါင်း ၅၉၈၀၆၆၄ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ဆက်လက်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရန်ကျန်ရှိနေသူများကိုလည်း ရွေးကောက်ပွဲကာလမတိုင်မီ အပြီးရရှိအောင် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့အပြင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒရှင်များအနေဖြင့် မဲပေးရာတွင် ရှင်းလင်းလွယ်ကူစွာမဲပေးနိုင်ရေး၊ မဲရလဒ်မှန်ကန်ရေး၊ ပယ်မဲမရှိရေး၊ မဲမသမာမှု မပြုလုပ်နိုင်ရေးနှင့် ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine) နှင့် စပ်လျဉ်းသည့် ရှင်းလင်းပြသခြင်းများ၊ လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

### လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်မှုအခြေအနေ

အထွေထွေရွေးကောက်ပွဲကျင်းပရာတွင် ခိုင်လုံသည့်မဲစာရင်းများရရှိရေးသည် အရေးကြီးကြောင်း၊ ထို့ကြောင့် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိကောက်ယူခဲ့ပြီး လုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေများကြောင့် အချို့ဒေသများကို ရက်တိုးမြှင့်ကောက်ယူခဲ့ရကြောင်း၊ သန်းခေါင်စာရင်းကောက်ယူမှုသည် နိုင်ငံအတွက် အကျိုးကျေးဇူးများစွာ ရရှိစေနိုင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းမှ ရရှိလာသည့် အချက်အလက်များအပေါ် မူတည်ပြီး နိုင်ငံအကျိုးအတွက် အရေးကြီးသည့်စီမံကိန်းများ ဖော်ဆောင်ရန် အသုံးပြုနိုင်ကြောင်း။

၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှရရှိသည့် ရှေ့ပြေးလူဦးရေစာရင်းအရ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ညတွင် မြန်မာနိုင်ငံအတွင်းရှိ လူဦးရေမှာ ၅၁၃၁၆၇၅၆ ဦး (၅၁ ဒသမ ၃ သန်းကျော်) ဖြစ်ကြောင်း၊ သန်းခေါင်စာရင်း ကောက်ယူရရှိသည့်စာရင်းအရ လူဦးရေ ၃၂၁၉၁၄၀၇ ဦး (၃၂ ဒသမ ၁၉ သန်းကျော်)နှင့် စာရင်းမကောက်ယူနိုင်သည့် ဒေသများအတွက် ခန့်မှန်းလူဦးရေ ၁၉၁၂၅၃၄၉ ဦး (၁၉ ဒသမ ၁ သန်းကျော်) ပါဝင်ကြောင်း၊ ကောက်ယူရရှိသည့် စာရင်းအရ အမျိုးသား ၁၅၁၀၅၂၁၅ ဦး (၁၅ သန်းကျော်)နှင့် အမျိုးသမီး ၁၇၀၈၆၁၉၂ ဦး (၁၇ သန်းကျော်)ဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် အမျိုးသား ၄၆ ဒသမ ၉ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၅၃ ဒသမ ၁ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရကြောင်း၊ ယခုရရှိလာသည့် လူဦးရေဆိုင်ရာ အချက်အလက်များကို ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအတိုင်း ခိုင်လုံသည့် မဲစာရင်းများအဖြစ် စနစ်တကျ ပြုစုသွားမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ လူဦးရေသည် လွန်ခဲ့သည့် ၁၀ နှစ်က လူဦးရေထက် အနည်းငယ် လျော့နည်းနေသည်ကို တွေ့ရှိရကြောင်း၊ လူဦးရေပြောင်းလဲခြင်းသည် မွေးဖွားခြင်း၊ သေဆုံးခြင်းနှင့် ရွှေ့ပြောင်းခြင်းဆိုသည့် အကြောင်းရင်း ၃ ချက်ကြောင့် ဖြစ်နိုင်ကြောင်း၊ **မိမိတို့နိုင်ငံ၏ အကျယ်အဝန်းနှင့် ယခုကောက်ယူရရှိသည့် လူဦးရေစာရင်းကို နှိုင်းယှဉ်ကြည့်ပါက လူဦးရေနည်းပါးသည်ဟု ယူဆရမည်ဖြစ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် ထိုက်သင့်သည့် လူဦးရေနှင့် နှစ်အလိုက်ထိုက်သင့်သည့် လူဦးရေတိုးတက်မှုနှုန်း ရှိရန်လိုအပ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် ကလေးမွေးဖွားနှုန်း မြင့်မားလာရန်နှင့် သေဆုံးနှုန်း ကျဆင်းစေရန် ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာ တိုးမြှင့်ထောက်ပံ့ခြင်းများကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း၊ ရွှေ့ပြောင်းခြင်းနှင့်ပတ်သက်၍လည်း နိုင်ငံတော်၏ စီးပွားရေးအခြေအနေများ၊ နိုင်ငံရေးအခြေအနေများ တည်ငြိမ်မှုနှင့် တိုးတက်ကောင်းမွန်မှုရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် **ရှိသင့်ရှိထိုက်သည့်လူဦးရေ ဖြစ်ပေါ်လာရန်အတွက် နိုင်ငံနှင့်ကိုက်ညီသည့် လူဦးရေမူဝါဒများကို ဆက်လက်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်**ကြောင်း။

### ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ခုနှစ်နှင့် ရွေးကောက်ပွဲဥပဒေများနှင့်အညီ ဒေသအလိုက် လုံခြုံရေးအခြေအနေအပေါ်မူတည်ပြီး ကျင်းပပြုလုပ်ပေးသွားရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင်လည်း မဲစာရင်းများမှန်ကန်ရန်၊ လွတ်လပ်ပြီး တရားမျှတမှုအပြည့်ရှိသည့်၊ ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲဖြစ်ရန်၊ နိုင်ငံတကာမှ ရွေးကောက်ပွဲလေ့လာအကဲခတ်ရေးကိုယ်စားလှယ်အဖွဲ့များကို ဖိတ်ခေါ်ပြီး လာရောက်ကြည့်ရှုလေ့လာနိုင်စေရန် လိုအပ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပပေးပြီး ပေါ်ပေါက်လာသည့် လွှတ်တော်အတွင်းတွင်လည်း တိုင်းရင်းသားများနှင့် လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုသူများ ကျယ်ပြန့်စွာပါဝင်လာရေး အတွက်လည်း *စာမျက်နှာ ၆ သို့*

**◆ ရှိသင့်ရှိထိုက်သည့်လူဦးရေ ဖြစ်ပေါ်လာရန်အတွက် နိုင်ငံနှင့်ကိုက်ညီသည့် လူဦးရေမူဝါဒများကို ဆက်လက်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်**

**◆ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခြင်းသည် နိုင်ငံသားတစ်ဦးချင်း၏ ဆန္ဒသဘောထားကို လွတ်လပ်စွာ ထုတ်ဖော်ပြသခြင်းပင်ဖြစ်၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးနိုင်အောင် ဆောင်ရွက်ပေးရမည်မှာ နိုင်ငံတော်အစိုးရ၏တာဝန်ဖြစ်ပြီး ဆန္ဒမဲပေးခြင်း၊ မပေးခြင်းမှာ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ခံယူချက်အရသာဖြစ်**

# “နိုင်ငံတော်တစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလကို ၁ - ၂ - ၂၀၂၅ ရက်မှစပြီး နောက်ထပ် ၆ လ တိုးမြှင့်သတ်မှတ်ကြောင်း” ကြေညာ

*စာမျက်နှာ ၅ မှ*

အချိုးကျကိုယ်စားပြုစနစ်(PR)ကို တိုင်းရင်းသားများကို ကိုယ်စားပြုနိုင်သည့် မဲဆန္ဒနေရာများ၊ အဖွဲ့အစည်းများတွင် ဖော်ဆောင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခြင်းသည် နိုင်ငံသားတစ်ဦးချင်း၏ ဆန္ဒသဘောထားကို လွတ်လပ်စွာ ထုတ်ဖော်ပြသခြင်းပင်ဖြစ်**ကြောင်း၊ **ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးနိုင်အောင် ဆောင်ရွက်ပေးရမည်မှာ နိုင်ငံတော်အစိုးရ၏ တာဝန်ဖြစ်ပြီး ဆန္ဒမဲပေးခြင်း၊ မပေးခြင်းမှာ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ခံယူချက်အရသာဖြစ်**ကြောင်း၊ ဆန္ဒမဲပေးချိန်တွင် ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှု၊ မတရားတိုက်တွန်းမှု၊ လူအုပ်စုဖြင့် အနိုင်ကျင့်လွှမ်းမိုးမှု စသည့်မတရားမှုများ ကင်းဝေးအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဥပဒေအရနှင့် လူထုသဘောထားအမြင်အရ ပြည့်စုံကောင်းမွန်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရန်၊ မဲပေးကြမည့် နိုင်ငံသားအားလုံး မတရားမှုများမှ ကင်းဝေးစေရန်နှင့် သိက္ခာရှိသည့် ရွေးကောက်ပွဲ၊ မှန်ကန်သည့်ရွေးကောက်ပွဲဖြစ်ရန် အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ **အထွေထွေရွေးကောက်ပွဲသည် ပြည်သူအများစု၏အမြင်ကို ထင်ဟပ်ပေါ်လွင်စေသည့် ရွေးကောက်ပွဲဖြစ်ရန်လို**ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို လျင်မြန်စွာရောက်ရှိရန်အတွက် ရပ်ရွာဒေသအလိုက် တည်ငြိမ်အေးချမ်းမှု ရှိရန်လိုကြောင်း၊ ထို့ကြောင့် လက်ရှိဆောင်ရွက်နေသည့် ပြည်သူ့လုံခြုံရေးစနစ်ကို အောင်မြင်အောင် ပြည်သူလူထုနှင့် ပူးပေါင်းပြီး အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မိမိအနေဖြင့် **မြန်မာနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံများတွင် ကြုံတွေ့ရသည့် ဖြစ်စဉ်များအရ နိုင်ငံတစ်ခု၏ စနစ်တစ်ခုမှတစ်ခု ကူးပြောင်းမှုကို ဆောင်ရွက်ရာတွင် အဆိုပါနိုင်ငံ၏ ပထဝီဝင်အနေအထား၊ အမျိုးသားရေး စရိုက်လက္ခဏာ၊ ယဉ်ကျေးမှုနှင့် အချိန်အခါတို့အပေါ် မူတည်ပြီး မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့်စနစ်ကို ချဉ်းကပ်လျှောက်လှမ်းကြရမည်ဖြစ်**သည်ကို လေ့လာတွေ့ရှိရကြောင်း၊ ထိုသို့မဟုတ်ဘဲ နိုင်ငံတကာက သတ်မှတ်ထားသည့် စံနှုန်းများအတိုင်း သို့မဟုတ် အင်အားကြီးနိုင်ငံများ၏ ဖိအားပေးစေခိုင်းမှုများအတိုင်း လိုက်ပါဆောင်ရွက်ခဲ့ပါက တည်ငြိမ်မှုကို ပိုမိုဆိုးရွားသွားစေနိုင်ကြောင်း၊ ဥပမာအနေဖြင့် အချို့သောနိုင်ငံများသည် ၎င်းတို့နိုင်ငံနှင့် မကိုက်ညီသည့် စနစ်ကို အတင်းသွတ်သွင်းမှုများ၊ အထွေထွေရွေးကောက်ပွဲကို ဖိအားများကြောင့် အဆောတလျင် ကျင်းပခဲ့မှုများကြောင့် ယနေ့အချိန်အထိ နိုင်ငံရေးတည်ငြိမ်မှု မရသေးဘဲ အကျပ်အတည်းမျိုးစုံကြားတွင် ရုန်းကန်နေကြရသည်ကို တွေ့ရကြောင်း၊ နိုင်ငံတစ်ခု၏ ပြည်တွင်းရေးအခြေအနေကို အဆိုပါနိုင်ငံတွင် နေထိုင်ကြသည့် ပြည်သူများကသာ အသိဆုံးဖြစ်ကြောင်း၊ လက်ရှိ မိမိတို့နိုင်ငံတွင်လည်း ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ မဲမသမာမှုကြောင့် နိုင်ငံရေးပြောင်းလဲမှုဖြစ်ခဲ့ပြီး မိမိအနေဖြင့် ပြည်သူများလိုလားချက်အတိုင်း **နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိစေရန်အတွက် လုပ်ဆောင်ရမည့် လုပ်ငန်းအဆင့်ဆင့်ကို တစ်ဆင့်ပြီး တစ်ဆင့် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်နေ**ကြောင်း၊ **မြန်မာနိုင်ငံ၏ နိုင်ငံ့အရေးကို မြန်မာနိုင်ငံသားများကသာ ဆုံးဖြတ်ရမည်ဖြစ်**ကြောင်း၊ မိမိအနေဖြင့် **အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ နိုင်ငံရေးအခြေအနေများကို နိုင်ငံတကာဖိအားနှင့် အခြားဖိအားများထက် မိမိတို့နိုင်ငံတွင် ဖြစ်ပေါ်နေသည့် ပြည်တွင်းရေးအခြေအနေများအပေါ်တွင်သာ အဓိကဦးတည်ပြီး အောင်မြင်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်**ကြောင်း။

> **❖ မြန်မာနိုင်ငံ၏ နိုင်ငံ့အရေးကို မြန်မာနိုင်ငံသားများကသာ ဆုံးဖြတ်ရမည်ဖြစ်၊ မိမိအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ၊ နိုင်ငံရေးအခြေအနေများကို နိုင်ငံတကာဖိအားနှင့် အခြားဖိအားများထက် မိမိတို့နိုင်ငံတွင် ဖြစ်ပေါ်နေသည့် ပြည်တွင်းရေးအခြေအနေများအပေါ် တွင်သာ အဓိကဦးတည်ပြီး အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကြောင့် ဖြစ်ပေါ်လာသည့် ဒီမိုကရေစီလမ်းကြောင်း ပျက်ယွင်းမှုကို ပြန်လည်တည့်မတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ကြိုးပမ်းရာတွင် နိုင်ငံရေးကြောင့်ဖြစ်ပေါ်လာသည့် ပြဿနာကို နိုင်ငံရေးနည်းလမ်းနှင့်ဖြေရှင်းရန် မကြိုးစားသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ လက်နက်ကိုင်လမ်းစဉ်၊ အကြမ်းဖက်လမ်းစဉ်တို့ဖြင့် လက်နက်စွဲကိုင် အကြမ်းဖက်တိုက်ခိုက်သည့် နည်းလမ်းကိုသာ ရွေးချယ်ခဲ့ခြင်းကြောင့် ယနေ့နိုင်ငံတော်တွင် အကြမ်းဖက်တိုက်ခိုက်ခံရမှုများ ဖြစ်ပေါ်နေကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အချို့အနေဖြင့်လည်း ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းရေးထက် နယ်မြေအလိုက် အာဏာရရှိရေးကို ဦးတည်ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ လုံခြုံရေးကဏ္ဍကို တည်ငြိမ်အောင် ထိန်းသိမ်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ တိုးတက်အောင်မြင်မှုများ ရရှိခဲ့ကြောင်း၊ သို့သော်လည်း မိမိတို့အားလုံး ရည်မှန်းထားသည့် **အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးသည် စိန်ခေါ်မှုများစွာ ရှိနေသေးသည်ကို တွေ့ရ**ကြောင်း၊ **အဓိကအားဖြင့် လွတ်လပ်ပြီး တရားမျှတမှုအပြည့်ဖြင့် ကျင်းပနိုင်မည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်ရန် တည်ငြိမ်အေးချမ်းမှု လိုအပ်နေသေးသည်ကိုတွေ့ရ**ကြောင်း၊ ထို့ကြောင့် အထက်ပါလုပ်ဆောင်ရန် လိုအပ်ချက်များကို အရှိန်အဟုန်မပြတ် ဆက်လက်လုပ်ဆောင်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်ခွင့်ကိုထပ်မံ၍ ၆ လ သက်တမ်းတိုးမြှင့်ပေးနိုင်ရန် တင်ပြအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များက ဆွေးနွေးတင်ပြကြရာ ဦးစွာပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အဘက်ဘက်မှ အသင့်ဖြစ်စေရန် အလေးထားဆောင်ရွက်လျက်ရှိသည်ကို သိရှိရပြီး မဲစာရင်းများပြည့်စုံမှန်ကန်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို သိရှိရကြောင်း၊ မဲစာရင်းပြည့်စုံမှန်ကန်ရေးအပြင် မဲဆန္ဒရှင်များ ပြုစုရာတွင် မဲရုံအလိုက်ပြုစုပြီး မဲရုံအလိုက်မဲပေးနိုင်ရေး အသေးစိတ်ပြုစုရကြောင်း၊ မဲဆန္ဒရှင်များ အစီအစဉ်တကျ မဲပေးနိုင်ရေးအတွက်ကိုလည်း စနစ်တကျ ကြိုတင်ပြင်ဆင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များသည် များပြားလှသည်ဖြစ်သည့်အတွက် အဆင့်ဆင့်အကောင်အထည်ဖော်ဆောင်ရွက်ရန်အချိန်ယူ၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလအား ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ သက်တမ်း ၆ လ တိုးမြှင့်ခြင်းအား ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဆွေးနွေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တည်ငြိမ်အေးချမ်းရေးသည် အဓိကကျပါကြောင်း၊ တည်ငြိမ်အေးချမ်းရေးနှင့်ဆက်စပ်၍ လုံခြုံရေးသည် အဓိကကျသည့်အချက်ဖြစ်ပြီး ပြီးခဲ့သည့် ၆ လတာကာလအတွင်း ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်တို့၌ ဖြစ်ပေါ်နေသည့် အခြေအနေများကို ရှင်းလင်းခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့်လုံခြုံရေးကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသများ၌သာမက မြို့ပေါ်များ၌လည်း တည်ငြိမ်အေးချမ်းရန် လိုအပ်မည်ဖြစ်သဖြင့် ပြည်သူ့လုံခြုံရေးစနစ်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုရရှိအောင် ဆက်လက်ဆောင်ရွက်သွားရန် အချိန်လိုအပ်မည်ဖြစ်သဖြင့် သက်တမ်း ၆ လ ထပ်မံတိုးမြှင့်ခြင်းအား ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက လက်ရှိအချိန်တွင် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် စနစ်တကျစီမံဆောင်ရွက်ဆဲ ကာလဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံအတွင်း လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှု ပိုမိုရရှိရန်လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ပြင် ရွေးကောက်ပွဲကျင်းပနိုင်ရေး ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းစဉ်များကိုလည်း ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အရေးပေါ်ကာလအား သက်တမ်းတိုးမြှင့်ခြင်းကို သဘောတူထောက်ခံပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ လ ၂၇ ရက်နေ့အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆူပူအကြမ်းဖက်မှုများကြောင့် နိုင်ငံ့ဝန်ထမ်းနှင့် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများ၊ ရဟန်း၊ သံဃာများ၊ ကျောင်းသား၊ ကျောင်းသူများ သေဆုံးဒဏ်ရာရရှိမှု၊ လက်နက်၊ ခဲယမ်းများ ဖမ်းဆီးရမိမှုများ၊ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်မှုများအား ရှင်းလင်းတင်ပြပြီး နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသည့် အကြမ်းဖက်မှု ဖြစ်စဉ်များကြောင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးတို့တွင် သာမန်အခြေအနေမဟုတ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာထားသည့် ကာလအား သက်တမ်းထပ်မံတိုးမြှင့်ခြင်းကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးနှင့် သံတမန်ဆက်ဆံမှုများရှိပြီး စစ်ဘက်၊ အရပ်ဘက် ဆက်ဆံမှုများကောင်းမွန်ခိုင်မာမှုရှိစေရေး ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် နိုင်ငံတကာဆက်ဆံရေးနှင့် စစ်ဘက်၊ အရပ်ဘက် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့မှု၊ မြန်မာ့အရေးကို မြန်မာဦးဆောင်သည့် မြန်မာ့ကိုယ်ပိုင်အစီအစဉ်(Myanmar Way)ဖြင့် ဆောင်ရွက်ရမည်ကို နိုင်ငံတကာမှအသိမှတ်ပြုလက်ခံလာသည်ကိုတွေ့ရှိရမှု၊ မိမိတို့ နိုင်ငံနှင့်ထိတွေ့ဆက်ဆံလျက်ရှိသည့် နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတစွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် အပြုသဘောအမြင်ဖြင့် ထောက်ခံမှုရှိလာသည်ကို သိရှိရမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး အချိန်ကာလလိုအပ်မည်ဖြစ်သည့်အတွက် အရေးပေါ်ကာလအား သက်တမ်းတိုးမြှင့်ခြင်းအား ထောက်ခံပါကြောင်းဖြင့် တင်ပြဆွေးနွေးသည်။

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုများ စသည့်ကဏ္ဍအသီးသီးတွင် တိုးတက်ဖြစ်ထွန်းမှုများ များစွာရရှိခဲ့သည်ကိုတွေ့ရကြောင်း၊ ယခုကဲ့သို့ရရှိပြီးသည့် အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်းဖော်ဆောင်နိုင်ရန်နှင့် နောက်ဆုံးလုပ်ငန်းစဉ်ဖြစ်သည့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အချိန်ယူဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်ကို သုံးသပ်တွေ့ရှိရကြောင်း၊ သို့ဖြစ်ပါ၍ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာထားသည့် ကာလကို ၆ လ သက်တမ်းတိုးမြှင့်ခြင်းအား ထောက်ခံပါကြောင်းဖြင့် တင်ပြဆွေးနွေးသည်။

ယင်းနောက် ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တက်ရောက်လာသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များအားလုံးက နိုင်ငံတော်၏ လက်ရှိဆောင်ရွက်နေဆဲလုပ်ငန်းများတွင် လုပ်ငန်းအခြေအနေများအရ၊ နိုင်ငံရေးအခြေအနေအရ အရေးပေါ်ကာလထပ်မံသက်တမ်းတိုးရန်အတွက် တစ်ညီတစ်ညွတ်တည်း ထောက်ခံဆွေးနွေး သဘောတူညီသောကြောင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ **“နိုင်ငံတော်တစ်ဝန်းလုံးအရေးပေါ်အခြေအနေကြေညာထားသည့်ကာလကို ၁ – ၂ –၂၀၂၅ ရက်မှစပြီး နောက်ထပ် ၆ လ တိုးမြှင့်သတ်မှတ်ကြောင်း”** ကို ကြေညာအပ်ပါကြောင်း ပြောကြားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး(၁/၂၀၂၅)ကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပြင်ဆင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်အမှတ်၊ ၇ / ၂၀၂၅
၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး | အတွင်းရေးမှူး |
| (၄) | ဗိုလ်ချုပ်ကြီး ရဲဝင်းဦး | တွဲဖက်အတွင်းရေးမှူး |
| (၅) | ဗိုလ်ချုပ်ကြီး မြထွန်းဦး | အဖွဲ့ဝင် |
| (၆) | ဗိုလ်ချုပ်ကြီး တင်အောင်စန်း | အဖွဲ့ဝင် |
| (၇) | ဗိုလ်ချုပ်ကြီး မောင်မောင်အေး | အဖွဲ့ဝင် |
| (၈) | ဗိုလ်ချုပ်ကြီး ညီညီစော | အဖွဲ့ဝင် |
| (၉) | ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် | အဖွဲ့ဝင် |
| (၁၀) | ဦးဝဏ္ဏမောင်လွင် | အဖွဲ့ဝင် |
| (၁၁) | ဒေါ်အိုင်ဘု | အဖွဲ့ဝင် |
| (၁၂) | ပိုးရယ်အောင်သိန်း | အဖွဲ့ဝင် |
| (၁၃) | မန်းငြိမ်းမောင် | အဖွဲ့ဝင် |
| (၁၄) | ဒေါက်တာ မှုထန် | အဖွဲ့ဝင် |
| (၁၅) | ဒေါက်တာ ဘရှေ | အဖွဲ့ဝင် |
| (၁၆) | ခွန်စံလွင် | အဖွဲ့ဝင် |

(ပုံ)

မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ပြည်ထောင်စုအစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်အမှတ်၊ ၈ / ၂၀၂၅
၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

**ပြည်ထောင်စုအစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉) ရပ်ကို ပိုမိုမြန်ဆန်ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရန်အလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထောင်စုအစိုးရအဖွဲ့ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | နိုင်ငံတော်ဝန်ကြီးချုပ် | ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် |
| (၂) | ဒုတိယဝန်ကြီးချုပ် | ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း |
| (၃) | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး နိုင်ငံတော်ဝန်ကြီးချုပ်ရုံး | ဗိုလ်ချုပ်ကြီး တင်အောင်စန်း |
| (၄) | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန | ဗိုလ်ချုပ်ကြီး မြထွန်းဦး |
| (၅) | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ကာကွယ်ရေးဝန်ကြီးဌာန | ဗိုလ်ချုပ်ကြီး မောင်မောင်အေး |
| (၆) | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဦးဝင်းရှိန် |
| (၇) | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန | ဦးသန်းဆွေ |
| (၈) | ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် |
| (၉) | ပြည်ထောင်စုဝန်ကြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) | ဗိုလ်ချုပ်ကြီး မိုးအောင် |
| (၁၀) | ပြည်ထောင်စုဝန်ကြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) | ဦးကိုကိုလှိုင် |
| (၁၁) | ပြည်ထောင်စုဝန်ကြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၃) | ဦးမောင်မောင်တင့် |
| (၁၂) | ပြည်ထောင်စုဝန်ကြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၄) | ဦးအောင်ကျော်ဟိုး |
| (၁၃) | ပြည်ထောင်စုဝန်ကြီး နယ်စပ်ရေးရာဝန်ကြီးဌာန | ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် |
| (၁၄) | ပြည်ထောင်စုဝန်ကြီး ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန | ဒေါက်တာ ကံဇော် |
| (၁၅) | ပြည်ထောင်စုဝန်ကြီး ဥပဒေရေးရာဝန်ကြီးဌာန | ဒေါက်တာ သီတာဦး |
| (၁၆) | ပြည်ထောင်စုဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာန | ဦးမောင်မောင်အုန်း |
| (၁၇) | ပြည်ထောင်စုဝန်ကြီး သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန | ဦးတင်ဦးလွင် |
| (၁၈) | ပြည်ထောင်စုဝန်ကြီး စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဦးမင်းနောင် |
| (၁၉) | ပြည်ထောင်စုဝန်ကြီး သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန | ဦးလှမိုး |
| (၂၀) | ပြည်ထောင်စုဝန်ကြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ဦးခင်မောင်ရီ |
| (၂၁) | ပြည်ထောင်စုဝန်ကြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ဦးညဏ်ထွန်း |
| (၂၂) | ပြည်ထောင်စုဝန်ကြီး စွမ်းအင်ဝန်ကြီးဌာန | ဦးကိုကိုလွင် |
| (၂၃) | ပြည်ထောင်စုဝန်ကြီး စက်မှုဝန်ကြီးဌာန | ဒေါက်တာချာလီသန်း |
| (၂၄) | ပြည်ထောင်စုဝန်ကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန | ဦးမြင့်ကြိုင် |
| (၂၅) | ပြည်ထောင်စုဝန်ကြီး အလုပ်သမားဝန်ကြီးဌာန | ဦးချစ်ဆွေ |
| (၂၆) | ပြည်ထောင်စုဝန်ကြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန | ဦးထွန်းအုံ |
| (၂၇) | ပြည်ထောင်စုဝန်ကြီး ပညာရေးဝန်ကြီးဌာန | ဒေါက်တာ ညွန့်ဖေ |
| (၂၈) | ပြည်ထောင်စုဝန်ကြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ဒေါက်တာ မျိုးသိန်းကျော် |
| (၂၉) | ပြည်ထောင်စုဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာန | ဒေါက်တာ သက်ခိုင်ဝင်း |
| (၃၀) | ပြည်ထောင်စုဝန်ကြီး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | Jeng Phang နော်တောင် |
| (၃၁) | ပြည်ထောင်စုဝန်ကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန | ဦးမျိုးသန့် |

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

| | | |
|---|---|---|
| (၃၂) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒေါက်တာ စိုးဝင်း |
| (၃၃) | ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | ဦးကျော်စိုးဝင်း |
| (၃၄) | ပြည်ထောင်စုဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ဦးခွန်သန့်ဇော်ထူး |
| (၃၅) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ဦးဇော်သန်းသင်း |

(ပုံ)

မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ပြည်ထောင်စုဝန်ကြီးများ ပြောင်းရွှေ့တာဝန်ပေးအပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၉ / ၂၀၂၅
၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

**ပြည်ထောင်စုဝန်ကြီးများ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါ ပြည်ထောင်စုဝန်ကြီးများအား ယှဉ်တွဲပါ ဝန်ကြီးဌာနများသို့ ပြည်ထောင်စုဝန်ကြီးအဖြစ် ပြောင်းရွှေ့တာဝန်ပေးအပ်လိုက်သည်-

(၁) ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ပြည်ထဲရေးဝန်ကြီးဌာန — နယ်စပ်ရေးရာဝန်ကြီးဌာန
(၂) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် နယ်စပ်ရေးရာဝန်ကြီးဌာန — ပြည်ထဲရေးဝန်ကြီးဌာန

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ကော်မရှင်အဖွဲ့ဝင် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၁၂ / ၂၀၂၅
၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

**ကော်မရှင်အဖွဲ့ဝင် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဦးတိုးရီ အား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## တာဝန်မှအနားယူခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၁၃ / ၂၀၂၅
၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

**တာဝန်မှအနားယူခွင့်ပြုခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာ မိုးဇော်ထွန်း အား တာဝန်မှအနားယူခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## တာဝန်မှအနားယူခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၁၀ / ၂၀၂၅
၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

**တာဝန်မှအနားယူခွင့်ပြုခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အောက်ပါ ပြည်ထောင်စုဝန်ကြီးများအား တာဝန်မှအနားယူခွင့်ပြုလိုက်သည်-

(၁) ဦးမြင့်နောင် — အလုပ်သမားဝန်ကြီးဌာန
(၂) ဦးမင်းသိန်းဇံ — အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန
(၃) ဒေါက်တာ သက်သက်ခိုင် — ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၁၄ / ၂၀၂၅
၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ ဝန်ကြီးဌာနများ၏ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဗိုလ်ချုပ် အောင်ကျော်ကျော် — ပြည်ထဲရေးဝန်ကြီးဌာန
(၂) ဦးနေမျိုးလှိုင် — ပညာရေးဝန်ကြီးဌာန

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၁၁ / ၂၀၂၅
၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

**ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ ဝန်ကြီးဌာနများ၏ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးမောင်မောင်တင့် — နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၃)
(၂) ဦးချစ်ဆွေ — အလုပ်သမားဝန်ကြီးဌာန
(၃) Jeng Phang နော်တောင် — အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန
(၄) ဦးကျော်စိုးဝင်း — ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန
(၅) ဦးခွန်သန့်ဇော်ထူး — တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ဗဟိုအကြံပေးအဖွဲ့ဝင် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၁၅ / ၂၀၂၅
၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

**ဗဟိုအကြံပေးအဖွဲ့ဝင် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အောက်ပါ ပုဂ္ဂိုလ်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးရွှေကြိမ်း
(၂) ဦးရန်ကျော်

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ကော့မှူး၌ နွေစပါးစိုက်ပျိုးမည့် သမဝါယမအသင်းသား တောင်သူများအား သွင်းအားစုများ ပေးအပ်

**ကော့မှူး ဇန်နဝါရီ ၃၁**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် နွေစပါးစိုက်ပျိုးမည့် သမဝါယမအသင်းသား တောင်သူများအား တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် သွင်းအားစုကုမ္ပဏီများနှင့် ချိတ်ဆက်ပြီး သွင်းအားစုများပေးအပ်ပွဲကို ဇန်နဝါရီ ၃၁ ရက်က ကြာကန်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စုစုထွေးနှင့် တာဝန်ရှိသူများက အသင်းသား တောင်သူများထံ သွင်းအားစုများပေးအပ်သည်။

ကော့မှူးမြို့နယ် သမဝါယမဦးစီးဌာနအနေဖြင့် ၂၀၂၄-၂၀၂၅ ခုနှစ်အတွက် နွေစပါးစိုက်ပျိုးမည့် အသင်းနှစ်သင်းမှ အသင်းသား ၆၁ ဦး စိုက်ပျိုးဧက ၆၇၀ အတွက် ပွံ့ပိုးငွေကျပ် ၁၃၄ ဒသမ ၀၀ သန်းနှင့်ညီမျှသော သွင်းအားစုများအား တောင်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကျော်သူရ (ကော့မှူး)**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်အမှတ် ၁၆ / ၂၀၂၅
၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ **"မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးလိုက်သည် -

| | | |
|---|---|---|
| (က) | ဦးပေါ်လွင်စိန် | ဥက္ကဋ္ဌ |
| (ခ) | ဦးကျော်စိုး | အဖွဲ့ဝင် |
| (ဂ) | ဒေါက်တာသန်းမြင့် | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာမြင့်သူမြိုင် | အဖွဲ့ဝင် |
| (င) | ဦးတင်အောင် | အဖွဲ့ဝင် |
| (စ) | ဦးကျော်မြင့် | အဖွဲ့ဝင် |
| (ဆ) | ဦးဝင်းလှိုင်ဦး (ခ) ကုန်ဇမှုန်း | အဖွဲ့ဝင် |
| (ဇ) | ဦးသန်းဝင်း | အဖွဲ့ဝင် |
| (ဈ) | ဦးတင်ကိုကို | အဖွဲ့ဝင် |

၂။ ယခင် နိုင်ငံတော်သမ္မတရုံး၏ ၁၄ - ၁ - ၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၃ / ၂၀၂၀၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၃ - ၈ - ၂၀၂၃ ရက်စွဲပါ အမိန့်အမှတ် ၆၈ / ၂၀၂၃ နှင့် ၇ - ၉ - ၂၀၂၄ ရက်စွဲပါ အမိန့်အမှတ် ၄၇ / ၂၀၂၄ တို့ဖြင့် ဖွဲ့စည်းထားသော မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ယနေ့မှစ၍ ဖျက်သိမ်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## တက္ကသိုလ်/ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၂၄) သင်တန်းဆင်း

**နေပြည်တော် ဇန်နဝါရီ ၃၁**

တက္ကသိုလ် / ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၄)၏ သင်တန်းဆင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌဦးအောင်သော်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် သူရဦးဘိုနီ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဒုတိယ ပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြား/စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက တက္ကသိုလ်များ၏ သင်ကြား၊ သင်ယူမှုစနစ်များ ခေတ်မီ ဆန်းသစ်စေရေးနှင့် အနာဂတ် နိုင်ငံတော်အကျိုးသယ်ပိုးကြမည့် လူငယ်များတွင် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှု၊ ဝေဖန်သုံးသပ် တွေးခေါ်နိုင်မှု၊ တီထွင်ဖန်တီးတတ်မှု၊ ပြဿနာဖြေရှင်းနိုင်မှု၊ ပိုင်းခြားစိတ်ဖြာသုံးသပ်နိုင်မှုနှင့် ဆန်းစစ်အကဲဖြတ်နိုင်မှုစွမ်းရည်များ ပြည့်ဝစေရေးအတွက် စာတွေ့၊ လက်တွေ့အပြင် မြေပြင် အတွေ့အကြုံများကိုပါ ပေါင်းစပ်လေ့ကျင့်သင်ကြားပေးကြရန် မှာကြားလိုပါကြောင်း။

သင်တန်းမှ ရရှိခဲ့သည့် ဗဟုသုတများကို လက်တွေ့လုပ်ငန်းခွင် အတွေ့အကြုံများနှင့် ပေါင်းစပ်ပြီး မိမိတို့တက္ကသိုလ်/ကောလိပ်နှင့် မိမိတို့ဒေသ၏ ပညာရေး ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည့် ပညာရပ်များကို အမြဲတစေ ဆည်းပူးလေ့လာကာ အရည်အသွေးပြည့်ဝသည့် မျိုးဆက်သစ်လူ့စွမ်းအား အရင်းအမြစ် မြောက်မြားစွာ ပေါ်ထွန်းလာရေးအားဖြည့် ကြိုးပမ်းကြရန် တိုက်တွန်းမှာကြားသည်။

သင်တန်းသို့ ပညာရေးဝန်ကြီးဌာနမှ သင်တန်းသား ၅၉ ဦး၊ သင်တန်းသူ ၃၀၄ ဦး စုစုပေါင်း ၃၆၃ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၂ ရက်မှ ၃၁ ရက်အထိ ရက်သတ္တငါးပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



**ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

**တိုင်းပြည်သာယာဝပြောဖို့ ငြိမ်းချမ်းရေးကို တည်ဆောက်စို့**

## တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ် ကိုကိုးကျွန်းမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၃၁**

တနင်္သာရီ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ် ကိုကိုးကျွန်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံ၌အခြေပြု၍ ကိုကိုးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၆၅ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၅၁ ဦး၊ ခွဲစိတ်ရောဂါ ငါးဦး၊ သားဖွား/မီးယပ်ရောဂါ ၁၅ ဦး၊ ကလေးရောဂါ ၁၀ ဦး၊ အရိုးရောဂါ ၂၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ လေးဦး၊ မျက်စိရောဂါ ၃၅ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၂၀ တို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ် လူနာ ငါးဦး၊ ဓာတ်မှန်ရိုက်လူနာ ခုနစ်ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာကိုးဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၅ ဦး တို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံ တက်ရောက်ကုသရန် လိုအပ်သည့် လူနာနှစ်ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါသည်-

"ကျွန်မ မျက်စိခွဲစိတ်ကုသဖူးတယ်။ လူတွေတော်တော်များများလည်း ကိုကိုးကျွန်းမှာ မျက်စိပြန်ကောင်းသွားတာလည်း တွေ့မြင်ခဲ့ရပါတယ်။ ဒီတစ်ခေါက်ကတော့ နှလုံးရောဂါလာရောက်ကုသတာပါ။ ကျွန်မအနေနဲ့ အခုလိုမျိုး နှစ်စဉ်နှစ်စဉ် လာရောက် ကုသဖို့အတွက်ကိုလည်း မျှော်လင့်ပါတယ်။ ဝမ်းသာပီတိ ဖြစ်မိပါတယ်။ လှိုက်လှဲစွာ ကြိုဆိုပါတယ်။ အခုလိုမျိုး ဆေးသဘောၤကြီး လာကုပေးတဲ့အတွက်ကြောင့်မို့လို့ ရန်ကုန်ကို ပြန်ကုရမယ့် သူတွေလည်း ပြန်မကုရတော့ဘဲနဲ့ ဒီမှာတင် အခမဲ့ ကုသပေးတဲ့အတွက်ကြောင့် အလွန်ဝမ်းသာပီတိ ဖြစ်ရပါတယ်။"

သတင်းစဉ်



(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# တလုံးတစည်းညီညွတ်သော ပြည်ထောင်စုစိတ်ဓာတ်အားမာန်ဖြင့် ...

**နေမင်းသျှင်**

လွန်ခဲ့သည့် ၇၈ နှစ်က မြန်မာတစ်နိုင်ငံလုံး လွတ်လပ်ရေးရရှိရန်၊ နယ်ချဲ့လက်အောက်တွင် ခွဲခြားအုပ်ချုပ်ခံထားခဲ့ရသည့် တောင်တန်းနှင့် ပြည်မဒေသများအားလုံး အတူတကွ လွတ်မြောက်နိုင်ရန်အတွက် တိုင်းရင်းသားများ ပေါင်းစည်းညီညွတ်မှုကို ပြသကာ ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့ကလေးတွင် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုအချိန်မှစကာ ပင်လုံဟုဆိုလျှင် စည်းလုံးညီညွတ်ခြင်း၏ သင်္ကေတ၊ ပင်လုံစိတ်ဓာတ်ဟုဆိုလျှင် စည်းလုံးညီညွတ်သည့် စိတ်ဓာတ်ဟူသည့် အနက်အဓိပ္ပာယ်ကို ဆောင်လာသည်။

သမိုင်းကို ပြန်ကြည့်လျှင် ပင်လုံစာချုပ်သည် လွယ်လွယ်ကူကူ ဖြစ်ပေါ်လာနိုင်ခဲ့ခြင်း မဟုတ်ကြောင်း လေ့လာတွေ့ရှိနိုင်သည်။ နယ်ချဲ့လက်အောက်တွင် နှစ်ပေါင်း ၁၀၀ ကျော် နေထိုင်ခဲ့ကြရပြီးသည့်နောက် မြေပြန့်နှင့်တောင်ပေါ်ဒေသများအကြား ကွဲပြားခြားနားမှုများစွာ ရှိလာခဲ့သည်။

တစ်နည်းအားဖြင့် အများစုဖြစ်သော မြေပြန့်ဒေသနေ ဗမာနှင့် အခြားတောင်ပေါ် တိုင်းရင်းသားလူမျိုးများအကြား ဖြစ်ပေါ်တိုးတက်မှုများ ကွာခြားသွားခဲ့ခြင်းဖြစ်သည်။ နယ်ချဲ့တို့၏ ခွဲခြားအုပ်ချုပ်ပုံစနစ်အရ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး စသည့် အကျိုးအမြတ် ဖြစ်ထွန်းသည့် အချက်အချာဒေသဖြစ်သော မြေပြန့်ပြည်မဒေသကို ဗြိတိသျှတို့က တိုက်ရိုက်အုပ်ချုပ်ခဲ့ပြီး တောင်တန်းဒေသများကို ပဒေသရာဇ်စနစ်အတိုင်း ဆက်လက်ထားရှိ၍ သွယ်ဝိုက်အုပ်ချုပ်ကာ ပြည်မနှင့် တောင်တန်းဒေသများအကြား ကူးလူးဆက်ဆံသွားလာမှုများကို တင်းကျပ်စွာ တားမြစ်ပိတ်ပင်ထားခဲ့သည်။

ဤနည်းလမ်းက ဘာသာစကား၊ ဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှုတို့ မတူညီကြသည့် လူမျိုးများကိုအုပ်ချုပ်ရာတွင် လွယ်ကူစေရုံမျှမက အုပ်ချုပ်မှုစရိတ်အကုန်အကျကိုလည်း သက်သာစေသည်။ တစ်ဖက်ကလည်း ဘာသာရေးနှင့် ယဉ်ကျေးမှုတို့တွင်ပါ မူလက တိုင်းရင်းသားပဒေသရာဇ်တို့ မြန်မာပုံစံယူခဲ့ကြသည်ကို အင်္ဂလိပ်ပုံစံသို့ ပြောင်းလဲလာစေရန်လည်း နယ်ချဲ့တို့ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရသည်။ ပင်လုံစာချုပ် ချုပ်ဆိုချိန်သည် ဒုတိယကမ္ဘာစစ်အပြီး ကမ္ဘာပေါ်တွင် ကိုလိုနီစနစ် စတင်ပြိုလဲကျလာချိန်ဖြစ်သည်။ နယ်ချဲ့တို့သည် တစ်ချိန်က ၎င်းတို့ ကျူးကျော်သိမ်းပိုက်ခဲ့သည့် နိုင်ငံများကို မဖြစ်မနေ လွတ်လပ်ရေးပေးရတော့မည့်အခြေအနေတွင် ဒေသအချို့ကို ၎င်းတို့လက်အောက်တွင် ဆက်လက်ထားရှိနိုင်ရန် ကြိုးပမ်းခဲ့ကြရာ မြန်မာနိုင်ငံကိုလည်း လွတ်လပ်ရေးပေးရတော့မည့်အခြေအနေတွင် ဗမာလူမျိုးနှင့် အခြားတိုင်းရင်းသားလူမျိုးများအကြား သံသယပွားစေရန်နှင့် သွေးကွဲစေရန် သွေးထိုးမှုအမျိုးမျိုး ပြုလုပ်ခဲ့ကြသည်။

သို့ဖြစ်ရာ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ပင်လုံစာချုပ် လက်မှတ်ရေးထိုးကြရာတွင် အပေးအယူလုပ် ညှိနှိုင်းရမှုအချို့ရှိခဲ့ပြီး လွတ်လပ်ရေးရယူပြီးချိန်တွင် မိမိတို့အချင်းချင်းကြား ချစ်ကြည်ရင်းနှီးမှုကို အရင်းတည်၍ ဆက်လက်ဆောင်ရွက်ရန်တို့ ကျန်ရှိခဲ့သည်။ နိုင်ငံလွတ်လပ်ရေး ရယူပြီးသည့်နောက်တွင် နိုင်ငံ အစွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆက်လက်ဆောင်ရွက်ကြရာ၌ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး အေးအတူပူအမျှ စည်းလုံးညီညွတ်စွာ ဆက်လက်ဆောင်ရွက်သွားနိုင်မည်ဟု ဗိုလ်ချုပ်အောင်ဆန်းက မျှော်မှန်းခဲ့ခြင်းဖြစ်သည်။

လွတ်လပ်ရေးရရှိပြီး ၇၇ နှစ်ကြာမြင့်လာပြီဖြစ်သည့် ယနေ့အချိန်တွင် မိမိတို့နိုင်ငံသည် ပြည်တွင်းဒေသအများအပြား၌ မတည်ငြိမ်မှုများ၊ လက်နက်ကိုင်ပဋိပက္ခများနှင့် ကြုံတွေ့နေရပြီး ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးမသွားစေရန် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိသူများက ဝိုင်းဝန်းကာကွယ်နေကြရသည့် အခြေအနေသို့ ရောက်ရှိနေသည်။ လွတ်လပ်ရေးနှင့် မရှေးမနှောင်းမှာပင် ပေါ်ပေါက်လာခဲ့သည့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ**ကို အပြီးတိုင် မဖြေရှင်းနိုင်သေးသည့်အပြင် အသစ်ထပ်မံပေါ်ပေါက်လာသည့် အကြမ်းဖက် လက်နက်ကိုင်သောင်းကျန်းမှုများက နိုင်ငံနှင့် လူမျိုးတို့ကို နစ်မွန်းသည်ထက် နစ်မွန်းအောင် နှစ်မြုပ်ဖျက်ဆီးလျက်ရှိသည်။**

> **“ လွတ်လပ်ရေးရရှိပြီး ၇၇ နှစ်ကြာမြင့်လာပြီဖြစ်သည့် ယနေ့အချိန်တွင် မိမိတို့နိုင်ငံသည် ပြည်တွင်းဒေသအများအပြား၌ မတည်ငြိမ်မှုများ၊ လက်နက်ကိုင်ပဋိပက္ခများနှင့် ကြုံတွေ့နေရပြီး ပြည်ထောင်စုကြီးပြိုကွဲပျက်စီးမသွားစေရန် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိသူများက ဝိုင်းဝန်းကာကွယ်နေကြရသည့် အခြေအနေသို့ ရောက်ရှိနေသည်။ လွတ်လပ်ရေးနှင့် မရှေးမနှောင်းမှာပင် ပေါ်ပေါက်လာခဲ့သည့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများကို အပြီးတိုင်မဖြေရှင်းနိုင်သေးသည့်အပြင် အသစ်ထပ်မံ ပေါ်ပေါက်လာသည့် အကြမ်းဖက် လက်နက်ကိုင်သောင်းကျန်းမှုများက နိုင်ငံနှင့်လူမျိုးတို့ကို နစ်မွန်းသည်ထက် နစ်မွန်းအောင် နှစ်မြုပ်ဖျက်ဆီး လျက်ရှိ ”**

ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ၊ အကြမ်းဖက် တိုက်ခိုက်မှုများရှိနေခြင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုတစ်ဝန်းလုံး ငြိမ်းချမ်းရေးကို ခိုင်ခိုင်မာမာ မတည်ဆောက်နိုင်သေးခြင်းတို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အနှောင့်အယှက်ကင်းကင်းမလုပ်နိုင်၊ မဖွံ့ဖြိုးမတိုးတက်ခြင်း၊ ဆင်းရဲနွမ်းပါးခြင်းတို့ကြောင့် လက်နက်ကိုင်ပဋိပက္ခနွံတွင်းမှ မတက်နိုင်သည့် သံသရာထဲတွင် တဝဲလည်လည်လှည့်ပတ်နေခဲ့ရာ ဆယ်စုနှစ်များစွာကြာမြင့်လာသည်နှင့်အမျှ ကမ္ဘာ့နိုင်ငံများစွာတို့ ဖွံ့ဖြိုးတိုးတက်သွားခဲ့ကြသော်လည်း မိမိတို့နိုင်ငံနှင့် နိုင်ငံသူနိုင်ငံသားတို့ နောက်ကျကျန်ရစ်နေခဲ့ရသည်။

ပြီးခဲ့သည့် ၇၇ နှစ်တာကာလအတွင်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးသည် အနှောင့်အယှက်၊ အဟန့်အတားများကြားတွင် နှေးကွေးနောက်ကျခဲ့ရခြင်းသည် လည်းကောင်း၊ လူမျိုးစွဲ၊ ဝါဒစွဲ အကြောင်းအမျိုးမျိုးဖြင့် လက်နက်ကိုင်ပဋိပက္ခများ ဆက်လက်ဖြစ်ပေါ်နေခဲ့ခြင်းသည်လည်းကောင်း တကယ့်အခြေအနေမှန်များပင်ဖြစ်သကဲ့သို့ အခြားတစ်ဖက်တွင်လည်း ပင်လုံမြေတွင် စတင်အခြေတည်ခဲ့သည့် ပြည်ထောင်စုစိတ်ဓာတ်သည် ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးအတွင်း ဆက်လက်ရှင်သန်နေခဲ့ပြီး နိုင်ငံတော်၏ တစ်ခုတည်းသော အင်စတီကျူးရှင်းဖြစ်သည့် တပ်မတော်နှင့်အတူလက်တွဲကာ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ခေတ်အဆက်ဆက်တွင် ကာကွယ်စောင့်ရှောက်နိုင်ခဲ့ခြင်းသည်လည်း ပကတိ အရှိတရားပင်ဖြစ်သည်။

မြန်မာ့တပ်မတော်သည် မျိုးချစ်စိတ်ဓာတ်ကို အရင်းခံ၍ လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါ်ထွန်းလာခဲ့ခြင်းဖြစ်ပြီး ပြည်ထောင်စုဖွား တိုင်းရင်းသားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ရာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် အမျိုးသားအကျိုးစီးပွားတာဝန်သုံးရပ်ကို ဦးထိပ်ပန်ကာ ပြည်သူနှင့်အတူ လက်တွဲ၍ နိုင်ငံရေးလောကဓံတို့ကို ကြံ့ကြံ့ခံကျော်ဖြတ်ခဲ့ရခြင်းလည်းဖြစ်သည်။

လွတ်လပ်ရေးရရှိပြီး မကြာမီမှာပင် စတင်တောက်လောင်လာခဲ့သည့် ပြည်တွင်းရောင်စုံသူပုန်သောင်းကျန်းမှု အရှိန်အဟုန် မြင့်တက်နေသည့်ကာလ၊ တစ်နိုင်ငံလုံးတွင် လက်နက်ကိုင်အဖွဲ့အစည်းများစွာ၊ အုပ်စုများစွာတို့ ပုန်ကန်ထကြွနေကြခြင်းကြောင့် ထိုစဉ်က မြန်မာအစိုးရကို နိုင်ငံတကာမီဒီယာတို့က ရန်ကုန်အစိုးရဟု ခေါ်ဆိုနေကြသည့်အချိန်တွင် အင်အားနှစ်သောင်းခန့်သာ ရှိခဲ့သော မြန်မာ့တပ်မတော်သည် ပြည်သူလူထု၏ အားပေးမှု၊ ပူးပေါင်းပါဝင်မှုတို့နှင့်အတူ ရက်ပေါင်း ၁၂၂ ရက်ကြာ အင်းစိန်တိုက်ပွဲကို အောင်မြင်စွာဆင်နွှဲနိုင်ခဲ့သည်။

ဆက်လက်၍ နိုင်ငံတစ်ဝန်း ရောင်စုံသောင်းကျန်းမှုများကို တစ်ဆင့်ပြီးတစ်ဆင့် နှိမ်နင်းချေမှုန်းခဲ့ရပြီး ပြည်ပမှ ကျူးကျော်လာသူ တရုတ်ဖြူတို့ကိုလည်း တွန်းလှန်တိုက်ခိုက် မောင်းထုတ်ခဲ့ရခြင်းဖြင့် ပြည်ထောင်စုကြီးမပြိုကွဲရေး စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ရသည်။

**လက်ရှိကာလတွင် ပြည်တွင်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အချို့နှင့် ပြည်တွင်းပြည်ပ အဖျက်သမားများက မိမိတို့နိုင်ငံ၏အကျိုးကို မလိုလားသော ပြည်ပအင်အားကြီး နိုင်ငံအချို့၏ သွေးထိုးမြှောက်ပင့်အားပေးမှုတို့ဖြင့် ဆူပူအကြမ်းဖက်မှုမျိုးစုံနှင့် တိုက်ပွဲများဖော်ဆောင်လျက်ရှိရာ အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများ ပျက်စီးဆုံးရှုံးမှု၊ မြို့ရွာများ ပျက်စီးဆုံးရှုံးမှုတို့ ဖြစ်ပေါ်လျက်ရှိသည်။**

**နိုင်ငံတော်ကို ဆန့်ကျင်ပုန်ကန် တိုက်ခိုက်နေကြသည့် သောင်းကျန်းသူများမှာ လူမျိုးစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ အစွဲပေါင်းစုံနှင့်ဖြစ်ကြပြီး ၎င်းတို့အချင်းချင်းကြားမှ နယ်မြေအငြင်းပွား လုယက်မှုများ၊ လူမျိုးရေးခွဲခြားဆက်ဆံမှုများ၊ အင်အားသုံးနိုင်ထက်စီးနင်းပြုကျင့်မှုများ၊ နှိပ်စက်ညှဉ်းပန်းလုပ်ကြံသတ်ဖြတ်မှုများ၊ ကိုယ်ကျိုးစီးပွား ရှာဖွေလုပ်ကိုင်နေကြမှုများ စသည်ဖြင့် တစ်တောတစ်ကြက်ဖတွန်နေကြသည့် ဇာတ်လမ်းများ နေ့စဉ်နှင့်အမျှ ပေါ်ထွက်နေသည်ကို တွေ့နေရသည်မှာလည်း စိတ်မချမ်းမြေ့ဖွယ်ရာပင် ဖြစ်သည်။**

တိုင်းရင်းသားလူမျိုးများစွာ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် အပြန်အလှန် အမှီသဟဲပြုနေထိုင်နေကြရသည့်နိုင်ငံတွင် ကျဉ်းမြောင်းသည့် လူမျိုးရေးဝါဒကိုကိုင်စွဲကာ လူမျိုးတစ်မျိုးနှင့် တစ်မျိုးကြား ရန်လိုမုန်းတီးမှုများ ဖန်တီးခြင်းသည် ဉာဏ်ပညာ နည်းပါးမိုက်မဲခြင်းပင်ဖြစ်ပြီး မိမိတို့အားလုံး ပျက်စီးရာပျက်စီးကြောင်းသာ ဖြစ်စေနိုင်သည်ဟု တွေးခေါ်ဆင်ခြင်နိုင်ကြရန် လိုသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏တာဝန်ကို စတင်ထမ်းဆောင်စဉ်ကပင် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတစ်ရပ် ပြန်လည်ကျင်းပပေးရေးသည် အန္တိမရည်မှန်းချက်ဖြစ်ကြောင်း တိုင်းသိပြည်သိ ကြေညာခဲ့သည်။ ရွေးကောက်ပွဲမဲမသမာမှုကို ဥပဒေနည်းလမ်းများနှင့်အညီ ဖြေရှင်းရန် ပျက်ကွက်ခြင်းမှ စတင်ခဲ့သည့် နိုင်ငံရေးအပြောင်းအလဲ ဖြစ်ပေါ်ချိန်တွင် သာမန်ဆန္ဒပြရာမှ မင်းမဲ့စရိုက်ဆန်သည့် ဆူပူလှုပ်ရှားမှုများသို့လည်းကောင်း၊ ယင်းမှတစ်ဆင့် NLD အစွန်းရောက်ပါတီဝင်အချို့၏ဦးဆောင်မှုဖြင့် လက်နက်ကိုင်ဆူပူအကြမ်းဖက်မှုများသို့လည်းကောင်း ပြောင်းလဲရောက်ရှိသွားခဲ့သည်။

ထိုမျှမက လူငယ်အချို့ကို အတွေးအခေါ် အယူအဆမှားများရိုက်သွင်းကာ နိုင်ငံတော်အပေါ် သဘောထားမမှန်သည့် တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများထံသို့ပို့ပြီး အကြမ်းဖက်စစ်သင်တန်းများ သင်ကြားစေခဲ့သည်။ ယင်းမှထွက်ပေါ်လာသည့် အကြမ်းဖက်သမားများနှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက အပြစ်မဲ့ပြည်သူများကို သူလျှိုဒလန်ဟု စွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်မှုများ၊ *စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

မိုင်းထောင်၊ ဖုံးခွဲ၊ ပစ်ခတ်၊ ဖျက်ဆီးမှုများကို ဒေသအနှံ့အပြားတွင် ပြုလုပ်ခဲ့၊ ပြုလုပ်နေဆဲဖြစ်သည်။

**CRPH, NUG နှင့် ၎င်းတို့၏ လက်ဝေခံ PDF** အမည်ခံ အကြမ်းဖက်သမားများ၊ ဒေသအလိုက် ပေါ်ထွက်လာသည့် လက်နက်ကိုင်သောင်းကျန်းသူအုပ်စုများ ထကြွသောင်းကျန်းမှုကြောင့် ပြည်တွင်းမတည်မငြိမ်ဖြစ်ပေါ်နေခြင်းကို အခွင့်ကောင်းယူကာ အချို့သော လက်နက်ကိုင်အဖွဲ့များက နယ်မြေချဲ့ထွင် တိုက်ခိုက်သိမ်းပိုက်မှုများ ပြုလုပ်ခဲ့ကြသည်။ ၎င်းတို့၏ လုပ်ရပ်များကြောင့် တည်ငြိမ်အေးချမ်းနေသည့် နယ်မြေဒေသများမှာ စစ်ဘေးဒဏ်သင့်ခဲ့ရပြီး ဒေသဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် လမ်းတံတားများမှအစ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ရသည်။ ဒေသအတွင်းရှိ ပြည်သူများမှာလည်း ၎င်းတို့ပိုင်အိုးအိမ်များ၊ လုပ်ငန်းများကို စွန့်ခွာ၍ တိုက်ပွဲရှောင်များအဖြစ် အခြားဒေသများတွင် သွားရောက်ခိုလှုံနေထိုင်ခဲ့ကြရသည်။

လူနေမြို့ရွာများကို အင်အားသုံးတိုက်ခိုက်မှုများအပြင် နယ်စပ်ကုန်သွယ်ရေးအတွက် အဓိကအသုံးပြုနေရသည့် လမ်းကြောင်းများကို ဖျက်ဆီးပိတ်ဆို့မှုများကြောင့် ပြည်သူလူထုအတွက်ရော နိုင်ငံအတွက်ပါ များစွာ ထိခိုက်နစ်နာစေခဲ့သည်။ အကြမ်းဖက် လက်နက်ကိုင်သောင်းကျန်းမှုများ သက်ဆိုးရှည်ရေး၊ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ အရှိန်မြှင့်လာစေရေးအတွက် ငွေကြေး၊ လက်နက်ခဲယမ်း၊ ဆေးဝါး၊ အစားအသောက်၊ နည်းပညာများကို ပြည်ပနိုင်ငံအချို့က နောက်ကွယ်မှ ထောက်ပံ့ခဲ့ကြပြီး ပြည်ပြေးမီဒီယာများကလည်း သတင်းတု၊ သတင်းအမှားများ ထုတ်လွှင့်ကာ ပြည်ဖျက်လုပ်ရပ်များတွင် တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ပါဝင်ခဲ့ကြသည်။

လက်ရှိနိုင်ငံတော်အစိုးရအနေဖြင့်မူ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် တိုက်တွန်းဆော်ဩနေသကဲ့သို့ ငြိမ်းချမ်းရေးအတွက်လည်း ဖိတ်ခေါ်ကာ တံခါးဖွင့် လက်ကမ်းကြိုဆိုလျက်ရှိသည်။ တစ်ဖက်တွင်လည်း ပြည်တွင်း ဒေသအနှံ့အပြားတွင် ဖြစ်ပေါ်နေသည့် အကြမ်းဖက်ထကြွသောင်းကျန်းမှုများကို တိုက်ခိုက်နှိမ်နင်း၍ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်တည်တံ့ခိုင်မြဲရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ကြရာတွင် မြန်မာ့တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ထက်သန်သည့် ပြည်ထောင်စုဖွား ပြည်သူတစ်ရပ်လုံးကပါ ပူးပေါင်းပါဝင်ဆောင်ရွက်နေကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးတို့ အတူတကွ စုပေါင်းနေထိုင်ကြသည့် နိုင်ငံဖြစ်ပြီး ခွဲခြား၍မရသည့် တောတောင်ရေမြေနှင့် စိုက်ပျိုးမွေးမြူ ကုန်ထုတ်ကုန်သွယ် စီးပွားအခြေအနေများအထိ အပြန်အလှန် ပတ်သက်ဆက်နွှယ် ရိုင်းပင်းလုပ်ကိုင်နေကြရခြင်းဖြစ်သည်။ မည်သည့်တိုင်းဒေသကြီး၊ မည်သည့် ပြည်နယ်တွင်မှ လူမျိုးတစ်မျိုးတည်း သီးသန့်နေထိုင်ကြခြင်း မဟုတ်ဘဲ လူမျိုးတစ်မျိုးထက်မက စုပေါင်းနေထိုင်နေကြခြင်းဖြစ်သည်။

စီမံအုပ်ချုပ်မှုစနစ်အရ ပြည်ထောင်စုကြီး၏ အစိတ်အပိုင်းများကို တိုင်းဒေသကြီးများ၊ ပြည်နယ်များအဖြစ် ပိုင်းခြားသတ်မှတ်ထားခြင်း ဖြစ်သော်လည်း အားလုံးမှာ အဆင့်အတန်းအတူတူ၊ ဤမြေပေါ်တွင် မှီတင်းနေထိုင်ကြသူအားလုံးမှာလည်း တန်းတူရည်တူသာဖြစ်သည်ဟု ပြဋ္ဌာန်းထားသကဲ့သို့ မြန်မာနိုင်ငံသားတိုင်းသည်လည်း မြန်မာနိုင်ငံအတွင်း မည်သည့်ချုပ်ချယ်တားဆီးကန့်သတ်မှုမှ မပါဘဲ လွတ်လပ်စွာသွားလာနေထိုင်ခွင့်၊ လွတ်လပ်စွာ ကုန်စည်ကူးသန်းရောင်းဝယ်ခွင့်တို့ ရှိရမည်သာ ဖြစ်သည်။

ဒီမိုကရေစီ၊ လူ့အခွင့်အရေးတို့နှင့် ပြဒါးတစ်လမ်း၊ သံတစ်လမ်းဆန့်ကျင်သည့် ကျဉ်းမြောင်းသော လူမျိုးစွဲဝါဒ၊ ခွဲခြားဆက်ဆံ မုန်းတီးရေးဝါဒသည် တည်ငြိမ်အေးချမ်းမှုကင်းမဲ့ခြင်း၊ ပျက်စီးဆုံးရှုံးခြင်းကဲ့သို့သော အနိဋ္ဌာရုံများကိုသာ ဖြစ်ပေါ်စေနိုင်သည်ကို ကမ္ဘာ့သမိုင်းသင်ခန်းစာများမှလည်း ထုတ်ယူဆင်ခြင်နိုင်ကြရမည် ဖြစ်သည်။

အမိမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသူအားလုံး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် မိမိတို့အားလုံး တစ်မျိုးတည်းသာဟူသော ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထက်မြက်ရေးကို ဦးထိပ်ပန်ဆင်ကြရမည် ဖြစ်သကဲ့သို့ လူမျိုးတစ်မျိုးချင်းစီ၏ ဘာသာစာပေ၊ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုစသည့် ဝိသေသလက္ခဏာများ မပျောက်မပျက်ဆက်လက်ထွန်းကားနေစေရန်လည်း အလေးအနက် ထိန်းသိမ်းကြရမည်ဖြစ်သည်။ လူမျိုးတစ်မျိုးနှင့် တစ်မျိုးတို့အကြား သပ်လျှိုခြင်း၊ သွေးခွဲခြင်း၊ ရန်တိုက်ခြင်း၊ အမုန်းတရားများ ဖြစ်ပေါ်လာစေရန် လှုံ့ဆော်ဖန်တီးခြင်း ဟူသမျှတို့ကို အထူးသတိပြု ဆန့်ကျင်တွန်းလှန်ကြရန်လည်း လိုအပ်သည်။

ပြည်ထောင်စုဖွား နိုင်ငံသားတစ်ဦးနှင့်တစ်ဦးတို့အကြား အပြန်အလှန်ချစ်ခင်ရင်းနှီးမှု၊ ကူညီရိုင်းပင်းမှု၊ အပြန်အလှန်နားလည်မှု၊ လေးစားမှု၊ သည်းခံခွင့်လွှတ်မှုတို့ဖြင့် သံယောဇဉ်တရားကို တည်ဆောက်ကာ ထာဝစဉ်စွဲမြဲရှင်သန်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို ဆက်လက်ခံယူသွားကြရမည် ဖြစ်သည်။ တစ်သွေးတည်းတစ်သားတည်း စည်းလုံးညီညွတ်၍ နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးအင်အားတို့ တောင့်တင်းခိုင်မာသော ပြည်ထောင်စုကြီးကို ပြည်ထောင်စုသားအားလုံး၏ စုပေါင်းအင်အားဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းတည်ဆောက်ကြရန်နှင့် ပြည်ထောင်စုကို ဖြိုခွဲရန် ကြိုးပမ်းလာသည့် ပြည်တွင်းပြည်ပ အဖျက်ရန်တို့ကိုလည်း ခေတ်အဆက်ဆက်က မိမိတို့ဘိုးဘွားများ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တစည်းတလုံးတည်း တွန်းလှန်ခဲ့ကြသည့်နည်းတူ မိမိတို့ခေတ်တွင်လည်း တစ်မျိုးသားလုံး တာဝန်ကျေပွန်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

> “ နိုင်ငံတော်ကို ဆန့်ကျင်ပုန်ကန်တိုက်ခိုက်နေကြသည့် သောင်းကျန်းသူများမှာ လူမျိုးစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ အစွဲပေါင်းစုံနှင့်ဖြစ်ကြပြီး ၎င်းတို့အချင်းချင်းကြားမှ နယ်မြေအငြင်းပွားလုယက်မှုများ၊ လူမျိုးရေးခွဲခြားဆက်ဆံမှုများ၊ အင်အားသုံး နိုင်ထက်စီးနင်းပြုကျင့်မှုများ၊ နှိပ်စက်ညှဉ်းပန်း လုပ်ကြံသတ်ဖြတ်မှုများ၊ ကိုယ်ကျိုးစီးပွား ရှာဖွေလုပ်ကိုင်နေကြမှုများ စသည်ဖြင့် တစ်တောတစ်ကြက်ဖ တွန်နေကြသည့်ဇာတ်လမ်းများ နေ့စဉ်နှင့်အမျှ ပေါ်ထွက်နေသည်ကို တွေ့နေရသည်မှာလည်း စိတ်မချမ်းမြေ့ဖွယ်ရာပင်ဖြစ် ”

---



## မြဝတီမြို့ အခြေခံပညာအထက်တန်းကျောင်း(၁)၌ ပညာရေးစုံညီပွဲတော် ကျင်းပ

**မြဝတီ ဇန်နဝါရီ ၃၁**

ကရင်ပြည်နယ် မြဝတီမြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရည်ချွန် ဆုချီးမြှင့်ပွဲနှင့် ပညာရေးစုံညီပွဲတော်ကို ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့အဖွဲ့ဝင်(၂) ဦးစိန်သောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းနိုင်၊ ခရိုင်ပညာရေးမှူး ဦးသန်းဆွေဦးနှင့်အဖွဲ့ဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူးက စုံညီပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပရာ ဗဟိုအဆင့်၊ ပြည်နယ်အဆင့်၊ မြို့နယ်အဆင့် ထူးချွန်ဆုရရှိသူများ၊ လူရည်ချွန်ဆုရရှိသူများ၊ ဘာသာရပ်စွမ်းရည်ပြိုင်ပွဲဆုရရှိသူများ၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တို့၌ ကာယ၊ ဉာဏ ထူးချွန်ဆုရရှိခဲ့သူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဇာဖြူဝင်း(မြဝတီ)**

---

## အင်းစိန်မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးမှုအခြေအနေ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၃၁**

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့်အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ခေတ္တရာဓာတ်အားခွဲရုံနှင့် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးသို့သွားရောက်၍ မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုနှင့် ဓာတ်အားခွဲရုံ တည်ဆောက်မည့်နေရာများကို ဇန်နဝါရီ ၃၀ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ၃၃/၆ ဒသမ ၆ ကေဗွီ ခေတ္တရာဓာတ်အားခွဲရုံမှ ဖီဒါအလိုက် ဓာတ်အားဖြန့်ဖြူးမှု အခြေအနေများ၊ ဝန်အားနိုင်နင်းမှုရှိမရှိ အခြေအနေနှင့် ခွဲရုံကြံ့ခိုင်ရေး ဆောင်ရွက်ထားမှုအခြေအနေများ၊ ပဏ္ဍိတခွဲရုံတွင် တည်ဆောက်မည့် ၃၃ ကေဗွီ အဝင်အထွက် Switchgear နှင့် SwitchBay တို့အတွက် Cable တပ်ဆင်နိုင်မည့် လျာထားနေရာများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် အင်းစိန်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးသို့သွားရောက်၍ ဓာတ်အားပျောက်ဆုံးမှုအခြေအနေများ၊ ဓာတ်အားခကြွေးကျန် အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဖီဒါများ၊ ထရန်စဖော်မာများအလိုက် ဓာတ်အားပျောက်ဆုံးမှုများကို စိစစ်၍ တရားမဝင်ဓာတ်အားသုံးစွဲမှုများ ရှိမရှိ စစ်ဆေးဖော်ထုတ်သွားရန်၊ နိုင်ငံတော်ဘဏ္ဍာငွေများနှင့် ဌာနပိုင်ပစ္စည်းများ လေလွင့်ပျက်စီးဆုံးရှုံးမှု မဖြစ်စေရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**ချစ်ဆောင်**

---




မကွေးမြို့နယ် အတွင်းရှိ ရပ်ကွက်များနှင့် ကျေးရွာများ၌ ပူပြင်းခြောက်သွေ့ရာသီကာလ မီးဘေးလုံခြုံရေး၊ မီးသတိပြုရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသူ ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၃၀ ရက်က လိုက်လံအသိပညာပေး နှိုးဆော်ကြစဉ်။

သီဟစည်သူ

---

**နိုင်ငံသာယာ ဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၃၁**

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကျင်းပရေး ဦးစီး ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ဒုတိယ ဝန်ကြီး ဦးရဲတင့်နှင့် တာဝန်ရှိသူ များနှင့်အတူ ယနေ့ညနေပိုင်း တွင် ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်း အနား ခမ်းနားထည်ဝါစွာ ကျင်းပ နိုင်ရေး နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန - ၁ ၌ ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုများကို ကြည့်ရှု စစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး နှင့်အဖွဲ့သည် အဝင်မုခ်ဦး၊ Photo Booth ၊ Interview Booth ၊ ဂုဏ်ပြုခံလျှောက်လမ်း (Red Carpet) နေရာများ၊ အခမ်းအနား ကျင်းပမည့် ကျောက်စိမ်းခန်းမ ၌ အကယ်ဒမီဆုပေးပွဲစင်မြင့် တည်ဆောက်နေမှု၊ အသံစနစ်နှင့် မီးစနစ်များ တပ်ဆင်ပြီးစီးမှု ၊ Stage LED Screen နှင့် LED ဘုတ်များ တပ်ဆင်မည့်နေရာများ၊ နေရာထိုင်ခင်းများနှင့် မီဒီယာဇုန် သတ်မှတ်ထားသည့် နေရာများ ပြင်ဆင် ဆောင်ရွက်နေမှုတို့ အား လိုက်လံကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ရက်အတွင်း ဆောင်ရွက် ရမည့် လုပ်ငန်းစဉ်များကို အချိန်မီ ပြီးစီးအောင် ဆောင်ရွက်ရန်၊ အသံပိုင်းနှင့် မီးပိုင်းဆိုင်ရာကိစ္စရပ် များ လစ်ဟာမှုမရှိအောင် ကြိုတင် ပြင်ဆင်ထားရှိရန်နှင့် အခမ်းအနား အစီအစဉ်များအလိုက် စနစ်တကျ ဖြစ်စေရေး ကြိုတင်လေ့ကျင့်မှုများ ဆောင်ရွက်ရန် မှာကြားသည်။

၂၀၂၄ ခုနှစ်အတွက် မြန်မာ့ ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်း အနားကို ဖေဖော်ဝါရီ ၉ ရက်တွင် နေပြည်တော်ရှိမြန်မာအပြည်ပြည် ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၁ ၌ ခမ်းနားထည်ဝါစွာ ကျင်းပ သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ အာရခန်ဂလစ်မြို့၌ ဆောင်ရွက်သည့် လုံခြုံစိတ်ချရသော အာတိတ်ဒေသ လေ့ကျင့်ခန်းအစီအစဉ် ၂၀၂၅ နှင့် ဆက်စပ်အလုပ်ရုံဆွေးနွေးပွဲနှင့် ညီလာခံများသို့ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၃၁**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ အာရခန် ဂလစ်မြို့၌ ရောက်ရှိနေသော လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းသည် ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းက မြောက်ပိုင်း အာတိတ်ဒေသ ဖက်ဒရယ် တက္ကသိုလ်၌ကျင်းပသည့်အာတိတ် ရေခဲပြင်တွင် ဖြစ်ပေါ်တတ်သော ဘေးအန္တရာယ်များ ကြိုတင် သတိပေးခြင်း၊ တုံ့ပြန်ခြင်းတို့တွင် အသုံးပြုသည့် အဆင့်မြင့် နည်းပညာသုံး စက်ကိရိယာများ ပြပွဲဖွင့်ပွဲအခမ်းအနားသို့ တက် ရောက်သည်။ **(အပေါ်ယာပုံ)**




ပြည်ထောင်စုဝန်ကြီးသည် ပြပွဲ အတွင်း ပြသထားသည့် ဘေး အန္တရာယ် ကျရောက်မှုများအား ထောက်လှမ်းရှာဖွေခြင်း၊ အလို အလျောက်မီးငြိမ်းသတ်ခြင်းများ တွင် အသုံးပြုသည့် မောင်းသူမဲ့ လေယာဉ်ငယ်၊ ရဟတ်ယာဉ်ငယ် နှင့် မော်တော်ယာဉ်ငယ်များ၊ အအေးပိုင်းဒေသများတွင်ဘေးသင့် သူများအား အသက်ကယ်တင်နိုင် ရေး အထူးတီထွင်ထားသည့် ဝတ်စုံများ၊ ရှာဖွေကယ်ဆယ်ရေး နှင့် အရေးပေါ်ဆေးကုသမှုများ တွင် အသုံးပြုသည့် အဆင့်မြင့် နည်းပညာသုံး ပစ္စည်းများကို လေ့လာကြည့်ရှုပြီး သိရှိလိုသည် များကို မေးမြန်းဆွေးနွေးခဲ့သည်။

ထို့နောက်အဆိုပါတက္ကသိုလ်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပြည်သူ့ ကာကွယ်ရေး၊ အရေးပေါ်အခြေ အနေနှင့် သဘာဝဘေးစီမံခန့်ခွဲ ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အာရခန်ဂလစ်မြို့ မြို့တော်ဝန်၊ ဖက်ဒရယ်တက္ကသိုလ်ပါမောက္ခချုပ် နှင့် ဝန်ကြီးဌာန၏ အကြံပေး ပုဂ္ဂိုလ်တို့က ဦးဆောင်ကျင်းပ သည့် အာတိတ်ဒေသ ဘေးကင်း လုံခြုံမှုအတွက် ကြုံတွေ့ရ သည့် အဓိက စိန်ခေါ်မှုများနှင့် ခြိမ်းခြောက်မှုများဆိုင်ရာ စားပွဲဝိုင်း ဆွေးနွေးပွဲသို့ လေ့လာသူအဖြစ် တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲတွင် ရုရှားဖက်ဒရေး ရှင်းနိုင်ငံအနေဖြင့် ကမ္ဘာတွင် အထူးစိတ်ဝင်စားမှုမြင့်မားနေသည့် အာတိတ်ဒေသတွင် ကြုံတွေ့နေ ရသည့် ဘေးအန္တရာယ်အလိုက် ကြိုတင်အသိပေးချက်ထုတ်ပြန် နိုင်ရေး၊ ထိရောက်လျင်မြန်စွာ တုံ့ပြန်ရင်ဆိုင်နိုင်ရေး ဆောင်ရွက် နေမှုဆိုင်ရာအတွေ့အကြုံနှင့်အခက် အခဲများကို ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် အာတိတ် ဒေသ ဘေးကင်းလုံခြုံရေးကဏ္ဍ အသီးသီးက ကြိုးစားဆောင်ရွက် နေမှုနှင့် တက်ရောက်လာသည့် နိုင်ငံအလိုက် သဘာဝဘေး အန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာအတွေ့ အကြုံဖလှယ်ခြင်း ညီလာခံသို့ ဆက်လက် တက်ရောက်ခဲ့သည်။

ညီလာခံတွင် ရုရှားဖက်ဒရေး ရှင်းနိုင်ငံ ပြည်သူ့ကာကွယ်ရေး၊ အရေးပေါ်အခြေအနေနှင့် သဘာဝ ဘေး စီမံခန့်ခွဲရေးဝန်ကြီးဌာန၊ တက္ကသိုလ်များနှင့် လူမှုအဖွဲ့ အစည်းများက အာတိတ်ဒေသရှိ လူပုဂ္ဂိုလ်များ ပြင်းထန်သော ရာသီဥတု အခြေအနေအောက် တွင် ဘေးကင်းလုံခြုံရေး စုစည်း ဆောင်ရွက်မှုဆိုင်ရာ သုတေသန နှင့် အတွေ့အကြုံတွေ့ရှိချက်များကို တင်ပြဆွေးနွေးကြပြီး မြန်မာ နိုင်ငံအနေဖြင့်လည်း သဘာဝ ဘေးအန္တရာယ် စီမံခန့်ခွဲမှုအတွက် ဆောင်ရွက်နေမှု အခြေအနေ၊ မိတ်ဆွေနိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်မည့် အခြေအနေများ ကို တင်ပြဆွေးနွေးခဲ့သည်။

ညပိုင်းတွင် အာရခန်ဂလစ်မြို့ မြို့တော်ဝန်က မြို့တော်ခန်းမ၌ တည်ခင်းဧည့်ခံသည့် ဘေးကင်း လုံခြုံသော အာတိတ်ဒေသ အစီ အစဉ် အမှတ်တရ ညစာစားပွဲသို့ တက်ရောက်ပြီး နှုတ်ခွန်းဆက် စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာ-ဘရာဇီးလ် နှစ်နိုင်ငံအကြား စတုတ္ထအကြိမ် နိုင်ငံရေးရာဆွေးနွေး

**ဘရာဇီးလျား ဇန်နဝါရီ ၃၁**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးလွင်ဦး ခေါင်းဆောင် သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ သည် ဇန်နဝါရီ ၂၈ ရက်က ဘရာ ဇီးလ်နိုင်ငံ ဘရာဇီးလျားမြို့ ဘရာ ဇီးလ် နိုင်ငံခြားရေးဝန်ကြီးဌာန Ruy Barbosa Room ၊ Palacio Itamaraty ၌ ကျင်းပပြုလုပ်သည့် ဒုတိယဝန်ကြီးအဆင့် မြန်မာ- ဘရာဇီးလ် နှစ်နိုင်ငံအကြား စတုတ္ထအကြိမ် နိုင်ငံရေးရာ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံမှ အထွေထွေ ရွေးကောက်ပွဲကျင်းပ ရန် ပြင်ဆင်နေမှု၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် နေရပ်စွန့်ခွာသူ များအတွက် နေရပ်ပြန်လည် ပို့ဆောင်ရေးကိစ္စရပ်များ၊ ကုန်သွယ် ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံ တကာ ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍ၊ နယ်စပ်ဖြတ်ကျော်မှုခင်း များ တိုက်ဖျက်ရေးကဏ္ဍနှင့် ကောင်စစ်ရေးရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။



ထို့ပြင် ဒေသတွင်းနှင့် နိုင်ငံ တကာရေးရာ ကိစ္စရပ်များနှင့် ပတ်သက်၍ မြန်မာနိုင်ငံမှ အာဆီယံ တူညီဆန္ဒ (၅) ချက် အကောင် အထည်ဖော် ဆောင်ရွက်နေမှု၊ ဘရာဇီးလ်နိုင်ငံမှ ၂၀၂၅ ခုနှစ် ဘဲယ်လမ်မြို့၌ ကုလသမဂ္ဂရာသီ ဥတုဆိုင်ရာ ညီလာခံ (COP30) ကျင်းပရန်ပြင်ဆင်နေမှုနှင့် BRICS အဖွဲ့နှင့်သက်ဆိုင်သည့် ဖြစ်ပေါ် တိုးတက်မှုများ၊ အလားအလာ များနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များ နှင့် အခြားသော နှစ်နိုင်ငံ ဘုံအကျိုး စီးပွားဆိုင်ရာကိစ္စရပ်များကို အမြင် ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲအပြီးတွင် မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ဘရာ ဇီးလ် ကိုယ်စားလှယ်များနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံ ရိုက်ပြီး အမှတ်တရလက်ဆောင် ပစ္စည်းများ အပြန်အလှန် လဲလှယ် ခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စား လှယ်အဖွဲ့သည် ဘရာဇီးလ် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး မစ္စ မာရီယာ လော်ရာဒါ ရော်ချာ က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက် ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး သည် ဘရာဇီးလျားမြို့ရှိ မြန်မာ သံရုံး၌ သံရုံးဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို မှာကြားခဲ့သည်။

ဇန်နဝါရီ ၃၀ တွင် ဒုတိယ ဝန်ကြီးသည် ဘရာဇီးလျားမြို့ အစိုးရ၏ နိုင်ငံတကာဆက်ဆံရေး ဌာနအကြီးအကဲ မစ္စတာ ပါကို ဘရစ်တိုနှင့်လည်းကောင်း၊ ဘရာ ဇီးလ် နိုင်ငံတကာပူးပေါင်းဆောင် ရွက်ရေးအေဂျင်စီ ဒုတိယညွှန်ကြား ရေးမှူး မစ္စ မာရီယာ လူီဇာ ဟီဘေးရိုးလိုးပက်စ်ဒါဆီ(လ်)ဗာ နှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံ ခဲ့ပြီး မြန်မာနိုင်ငံနှင့် ဘရာဇီးလ် နိုင်ငံတို့အကြား နှစ်နိုင်ငံ ဆောင်ရွက်လျက်ရှိသည့် နှစ်နိုင်ငံ သံတမန်မြေ အပြန်အလှန် လဲလှယ် ရေး၊ မြန်မာအစိုးရနှင့် ဘရာဇီးလ် ဖယ်ဒရယ် အစိုးရအကြား ပိုမို ပူးပေါင်းဆောင်ရွက်နိုင်မည့် အလား အလာများနှင့် မြန်မာနိုင်ငံနှင့် ဘရာဇီးလ်နိုင်ငံတို့အကြား ဖွံ့ဖြိုးဆဲ နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု (South – South Cooperation) အောက်တွင် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘော တူညီချက်အရ မြန်မာနိုင်ငံ၌ မြွေဆိပ်ဖြေဆေး အရည်အသွေး ပိုင်းဆိုင်ရာကိစ္စရပ်များ တိုးမြှင့်နိုင် ရေးနှင့် အခြားပူးပေါင်းဆောင်ရွက် နိုင်မည့်ကဏ္ဍများကို ဆွေးနွေးခဲ့ ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၅-ခုနှစ်၊ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲအချိန်စာရင်း

- ❖ ၁၃၈၆- ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁၂)ရက်၊ အင်္ဂါနေ့မှ နှောင်းတန်ခူးလဆန်း(၅)ရက်၊ ဗုဒ္ဓဟူးနေ့အထိ (၂၅-၂-၂၀၂၅) ရက်မှ (၂-၄-၂၀၂၅) ရက်ထိ } အစိုးရဓမ္မာစရိယ
- ❖ ၁၃၈၆- ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၃)ရက်၊ တနင်္လာနေ့မှ နှောင်းတန်ခူးလဆန်း(၉)ရက် ၊ တနင်္ဂနွေနေ့အထိ (၃၁-၃-၂၀၂၅) ရက်မှ (၆-၄-၂၀၂၅) ရက်ထိ } ပါဠိပထမပြန်

## အစိုးရဓမ္မာစရိယစာမေးပွဲ ကျင်းပမည့်ရက်နှင့် အချိန်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**
**သာသနာရေးဦးစီးဌာန**

**ရက်စွဲ၊ ၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ( ၃ ) ရက်**
**၂၀၂၅ ခု နှစ် ၊ ဇန် န ဝါ ရီ လ ( ၃၁ ) ရက်**

၁၃၈၆ ခုနှစ်(၂၀၂၅)ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲကို အောက်ပါအချိန်ဇယားအတိုင်း ကျင်းပမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

**အစိုးရဓမ္မာစရိယစာမေးပွဲအချိန်စာရင်း**

| ရက်စွဲ | အချိန် | ဘာသာ |
|---|---|---|
| ၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂)ရက် (၂၅-၂-၂၀၂၅)၊ အင်္ဂါနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း ပါရာဇိကကဏ္ဍပါဠိ အဋ္ဌကထာ (၁) |
| ၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၃)ရက် (၂၆-၂-၂၀၂၅)၊ ဗုဒ္ဓဟူးနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း ပါရာဇိကကဏ္ဍပါဠိ အဋ္ဌကထာ (၂) |
| ၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၄)ရက် (၂၇-၂-၂၀၂၅)၊ ကြာသပတေးနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ(၁) |
| ၁၃၈၆ ခုနှစ်၊ တပေါင်းလကွယ် (၂၈-၂-၂၀၂၅)၊ သောကြာနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ (၂) |
| ၁၃၈၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၁)ရက် (၂၉-၃-၂၀၂၅)၊ စနေနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ (၁) |
| ၁၃၈၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၂)ရက် (၃၀-၃-၂၀၂၅)၊ တနင်္ဂနွေနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ (၂) |
| ၁၃၈၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၃)ရက် (၃၁-၃-၂၀၂၅)၊ တနင်္လာနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | **မြန်မာဂုဏ်ထူး** ပါစိတျာဒိပါဠိအဋ္ဌကထာ သုတ်မဟာဝါ၊ သုတ်ပါထိကပါဠိအဋ္ဌကထာ မဇ္ဈိမနိကာယပါဠိအဋ္ဌကထာ သံယုတ္တနိကာယပါဠိအဋ္ဌကထာ အင်္ဂုတ္တရနိကာယပါဠိအဋ္ဌကထာ ဝိဘင်္ဂါဒိပါဠိအဋ္ဌကထာ ပဋ္ဌာနသမ္ဘိဒါမဂ္ဂပါဠိအဋ္ဌကထာ |
| ၁၃၈၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၄)ရက် (၁-၄-၂၀၂၅)၊ အင်္ဂါနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | **ပါဠိဂုဏ်ထူး** ပါစိတျာဒိပါဠိအဋ္ဌကထာ (၁) သုတ်မဟာဝါ၊သုတ်ပါထိကပါဠိအဋ္ဌကထာ (၁) ဝိဘင်္ဂါဒိပါဠိအဋ္ဌကထာ (၁) |
| ၁၃၈၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၅)ရက် (၂-၄-၂၀၂၅)၊ ဗုဒ္ဓဟူးနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | **ပါဠိဂုဏ်ထူး** ပါစိတျာဒိပါဠိအဋ္ဌကထာ (၂) သုတ်မဟာဝါ၊သုတ်ပါထိကပါဠိအဋ္ဌကထာ(၂) ဝိဘင်္ဂါဒိပါဠိအဋ္ဌကထာ (၂) |

**ညွှန်ကြားရေးမှူးချုပ်**
**သာသနာရေးဦးစီးဌာန**

## ပါဠိပထမပြန်စာမေးပွဲ (ကြီး၊ လတ်၊ ငယ်၊ မူ)တန်းများ ကျင်းပမည့်ရက်နှင့် အချိန်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**
**သာသနာရေးဦးစီးဌာန**

**ရက်စွဲ၊ ၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ( ၃ ) ရက်**
**၂၀၂၅ ခု နှစ်၊ ဇန် န ဝါ ရီ လ ( ၃၁ ) ရက်**

၁၃၈၆ ခုနှစ် (၂၀၂၅)ခုနှစ်၊ ပါဠိပထမပြန်စာမေးပွဲ (ကြီး၊ လတ်၊ ငယ်၊ မူ)တန်းများကို အောက်ပါအချိန်စာရင်းအတိုင်း ကျင်းပမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

**ပါဠိပထမပြန်စာမေးပွဲအချိန်စာရင်း**

| ရက်စွဲ | အချိန် | အတန်း | ဘာသာရပ် |
|---|---|---|---|
| ၁၃၈၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၃)ရက် (၃၁-၃-၂၀၂၅)၊ တနင်္လာနေ့ | မွန်းတည့်(၁၂) နာရီ မှ ညနေ (၃) နာရီထိ | အခြေပြုမူလတန်း ပထမငယ်တန်း ပထမလတ်တန်း ပထမကြီးတန်း | ဝိနည်းကျင့်ဝတ်/ သုကုမာရမဂ္ဂဒီပနီ ဘိက္ခုပါတိမောက်ဘာသာ/ ဓမ္မပဒ ဒွေမာတိကာဘာသာ/ ဓမ္မပဒ ။ |
| ၁၃၈၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၄)ရက်(၁-၄-၂၀၂၅)၊ အင်္ဂါနေ့ | မွန်းတည့်(၁၂) နာရီ မှ ညနေ (၃) နာရီထိ | အခြေပြုမူလတန်း ပထမငယ်တန်း ပထမလတ်တန်း ပထမကြီးတန်း | ကစ္စည်းသဒ္ဒါကြီးဘာသာ ။ ။ ။ |
| ၁၃၈၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၅)ရက် (၂-၄-၂၀၂၅)၊ ဗုဒ္ဓဟူးနေ့ | မွန်းတည့်(၁၂) နာရီ မှ ညနေ (၃) နာရီထိ | အခြေပြုမူလတန်း ပထမငယ်တန်း ပထမလတ်တန်း ပထမကြီးတန်း | အဘိဓမ္မတ္ထသင်္ဂဟဘာသာ ။ ။ ။ |
| ၁၃၈၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၆)ရက် (၃-၄-၂၀၂၅)၊ ကြာသပတေးနေ့ | မွန်းတည့်(၁၂) နာရီ မှ ညနေ (၃) နာရီထိ | အခြေပြုမူလတန်း ပထမငယ်တန်း ပထမလတ်တန်း ပထမကြီးတန်း | တိကမာတိကာ တိကမာတိကာ၊ဒုကမာတိကာနှင့် ဓာတုကထာဘာသာ သုတ္တန္တိကမာတိကာနှင့် ဓာတုကထာဘာသာအဘိဓာန်၊ အလင်္ကာ၊ ဆန်းဘာသာ |
| ၁၃၈၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၇)ရက် (၄-၄-၂၀၂၅)၊ သောကြာနေ့ | မွန်းတည့်(၁၂) နာရီ မှ ညနေ (၃) နာရီထိ | ပထမငယ်တန်း ပထမလတ်တန်း ပထမကြီးတန်း | ဘာသာပြန်ဘာသာ ယမိုက်အောက်(၅)ကျမ်းဘာသာ ယမိုက်အထက်(၅)ကျမ်းဘာသာ |
| ၁၃၈၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၈)ရက် (၅-၄-၂၀၂၅)၊ စနေနေ့ | မွန်းတည့်(၁၂) နာရီ မှ ညနေ (၃) နာရီထိ | ပထမလတ်တန်း ပထမကြီးတန်း | ဘာသာပြန်ဘာသာ ပဋ္ဌာန်းကုသလတိက်ဘာသာ |
| ၁၃၈၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၉)ရက် (၆-၄-၂၀၂၅)၊ တနင်္ဂနွေနေ့ | မွန်းတည့်(၁၂) နာရီ မှ ညနေ (၃) နာရီထိ | ပထမကြီးတန်း | ဘာသာပြန်ဘာသာ |

မှတ်ချက်။ လူနှင့်သီလရှင်များသည် (၃၁-၃-၂၀၂၅)ရက်နေ့တွင် ဝိနည်းဘာသာအစား ပထမကြီးတန်း၌ ဓမ္မပဒ ပါဠိအဋ္ဌကထာ(သုခဝဂ်မှအဆုံးထိ)၊ ပထမလတ်တန်း၌ ဓမ္မပဒပါဠိအဋ္ဌကထာ (ပဏ္ဍိတဝဂ်မှ ဗုဒ္ဓဝဂ် အဆုံးထိ)၊ ပထမငယ်တန်း၌ ဓမ္မပဒပါဠိအဋ္ဌကထာ(အစမှဗာလဝဂ်အဆုံးထိ)၊ အခြေပြုမူလတန်း၌ သုကုမာရ မဂ္ဂဒီပနီ(လယ်တီ)တို့ကို ဖြေဆိုကြရန်ဖြစ်ပါသည်။

**ညွှန်ကြားရေးမှူးချုပ်**
**သာသနာရေးဦးစီးဌာန**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၇) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၃၁**

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်းစစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။











ယခုအခါ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၇) သင်တန်းဆင်းပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီးတွင် ကျင်းပပြုလုပ်ကြသည်။ အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြ အစီအစဉ်အတိုင်းဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကို ကိုင်၍ ကတိသစ္စာခံယူကြသည်။

ထို့နောက် သင်တန်းကျောင်းများအလိုက် သင်တန်းဆင်းထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော်ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်း ပထမဆု၊ ချေမှုန်းရေးပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအမှာစကားများ ပြောကြားကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၇)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၇) ကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၆ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းကာလအတွင်း ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ် စသည့်ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များကိုလည်း ရက်သတ္တပတ်အလိုက် အဆင့်ဆင့်လေ့ကျင့်သင်ကြားခဲ့ကြကြောင်း သိရှိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန်ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်း စစ်သည်များသည်လည်း အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာလုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ(TeamWork)ရရှိခဲ့ပြီး နိုင်ငံချစ်စိတ်(Nationalism)၊ မျိုးချစ်စိတ်(Patrio-tism)၊ အဖွဲ့အစည်းစိတ် (Team Sprit)၊ ရဲဘော်ရဲဘက်စိတ်(esprit de corps) အပြည့်ဖြင့် တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့ သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ကြတော့မည်ဖြစ်သည်။

*စာမျက်နှာ ၁၅ သို့*

# သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်)များကို နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိ ခန့်အပ်လွှာပေးအပ်



**နေပြည်တော် ဇန်နဝါရီ ၃၁**

ကျန်းမာရေးဝန်ကြီးဌာန သွားနှင့်ခံတွင်း ဆရာဝန်(သစ်လွင်) များအား နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင် အရာရှိ ခန့်အပ်လွှာပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း တက်ရောက် အမှာစကားပြောကြားပြီး ခန့်အပ်လွှာများ ပေးအပ်သည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြန်တမ်းဝင် အရာရှိအဖြစ် ခန့်အပ်ခြင်း ခံရသော သွားနှင်ခံတွင်းဆရာဝန်(သစ်လွင်)များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သွားနှင့်ခံတွင်းဆိုင်ရာ ခေတ်မီ ဒစ်ဂျစ်တယ် နည်းပညာများ အသုံးပြုထားသော စက်ပစ္စည်းကိရိယာများ ပြည်သူ့ဆေးရုံများတွင် တပ်ဆင်ပေးထားကြောင်း၊ စနစ်တကျ ကိုင်တွယ်အသုံးပြုတတ်ရန် လိုအပ်သော လေ့ကျင့်သင်ကြားမှုများကိုလည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ပြည်သူ့ကျန်းမာရေး ကဏ္ဍတွင် သွားနှင့်ခံတွင်းကျန်းမာရေး စောင့်ရှောက်မှုသည် အရေးကြီးသည့် အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း၊ ပြည်သူလူထု သွားနှင့်ခံတွင်း ကျန်းမာရေးမြှင့်တင်နိုင်ရေး မူဝါဒများချမှတ်လုပ်ဆောင်လျက်ရှိကြောင်း၊ သမားဂုဏ်၊ ဆေးပညာ ကျင့်ဝတ်များကို အခြေပြုကာ ပြည်သူလူထုကို ဦးထိပ်ထားပြီး ဝန်ဆောင်မှုများ ပေးနိုင်ရန် လိုအပ်ကြောင်း၊ စိတ်ခတ်ကြွခိုင်ပြီး သမားဂုဏ်၊ ဆေးပညာကျင့်ဝတ်များနှင့်အညီ ပြည်သူလူထု ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ကြစေ လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်း ဖြစ်လာကြသည့် အလျောက် နိုင်ငံ့ဝန်ထမ်းတစ်ဦး လိုက်နာကြရမည့် စည်းမျဉ်းစည်းကမ်းများ၊ ကျင့်ဝတ်များကို သိရှိလိုက်နာ စောင့်ထိန်းကြရန် လိုအပ်ကြောင်း၊ မိမိတို့၏ Professional ဖြင့် ပေးအပ်လာသည့် တာဝန်များကို ဟန်ချက်ညီညီ ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံ့ဝန်ထမ်း ဆရာဝန်တစ်ဦး၏ ဘဝအနေဖြင့် အောင်မြင်ရာ အောင်မြင်ကြောင်း နည်းလမ်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာပိုင်စိုးက ဝန်ထမ်းစည်းကမ်းနှင့် ဆရာဝန် ကျင့်ဝတ်သိက္ခာတို့ကို သေချာစောင့်ထိန်းပြီး သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေများမှအရေးပါသည့် အချက်အလက်များကို လိုက်နာဆောင်ရွက်နိုင်ရေး ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်) မှ ကိုယ်စားလှယ်တစ်ဦးနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး) မှ ကိုယ်စားလှယ်တစ်ဦးတို့အား နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင် အရာရှိခန့်အပ်လွှာများပေးအပ်ပြီး သွားနှင့်ခံတွင်း ဆရာဝန် (သစ်လွင်)များအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ယနေ့ အခမ်းအနားတွင် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) မှ ၁၀၈ ဦး၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး) မှ ၉၁ ဦး စုစုပေါင်း ၁၉၉ ဦးအား ပြန်တမ်းဝင် အရာရှိများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခဲ့ကြောင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၂ ခုနှစ်မှ ယနေ့အထိ သွားနှင့်ခံတွင်းဆရာဝန် (သစ်လွင်) ၃၃၀၊ ဆရာဝန်(သစ်လွင်) ၁၃၀၁ ဦး၊ သူနာပြု ၄၆၅၇ ဦး၊ သားဖွားဆရာမ ၈၄၃ ဦးနှင့် ဆေးဘက်ဆိုင်ရာကျွမ်းကျင် ၃၁၉၉ ဦးတို့ကို ခန့်အပ်တာဝန်ပေးခဲ့ပြီး ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ခရမ်းမြို့နယ် မောင်းမကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၃၁**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် မောင်းမကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်နှစ်ပါးနှင့် ဒေသခံပြည်သူ ၁၁၇ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သန်လျင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၄ မှ*

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၇)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှ ရရှိခဲ့သည့်အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့ တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက် တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည်-

(၁) သင်တန်းသား တစ်ယောက်အနေနဲ့ ဘယ်လိုဆက်ပြီး တာဝန်ထမ်းဆောင်သွားမလဲဆိုရင် အခုလို သင်ကြားပို့ချပေးတဲ့ ပညာရပ်တွေကို လက်တွေ့အကျိုးရှိရှိ အသုံးချပြီးတော့ ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ ကျွန်တော်တို့လူမျိုးတွေကို ဆက်လက်ပြီးတော့ ကျရာနေရာဒေသတွေမှာ ပေးအပ်တဲ့တာဝန်တွေကို ကျေပွန်စွာနဲ့ ထမ်းဆောင်သွားမယ်လို့ ပြောကြားချင်ပါတယ်။

(၂) ကျွန်တော်ကတော့ ဒီသင်တန်းမှာ လက်ဖြောင့်ဆုရရှိခဲ့တာပါ။ ကြိုးစားသင်ယူမှုကတော့ ကျွန်တော်တို့ နည်းပြတွေ ပြောထားတဲ့အတိုင်း လိုက်နာဆောင်ရွက်ဖို့ပဲ လိုပါတယ်။ နည်းပြတွေ အနေနဲ့မှန်ကန်တဲ့နည်းလမ်းကို ကျွန်တော်တို့ကို ရှေ့ဆောင်ပို့ခဲ့တဲ့အတွက် ကျွန်တော်တို့ကလည်း ကောင်းကောင်းမွန်မွန် လိုက်နာဆောင်ရွက်ဖို့ အရေးကြီးပါတယ်။ စရောက်တုန်းကတော့ သူငယ်ချင်းမရှိလို့ စိတ်ညစ်မှုတွေ၊ စိတ်ဖိစီးမှုတွေ များတာပေါ့။ အခုနောက်ပိုင်း တစ်ပတ်၊ နှစ်ပတ်ကြာတော့ သူငယ်ချင်းအသစ်တွေနဲ့ ကိုယ့်အိပ်ဆောင်နဲ့ကိုယ် နေရတော့ သင်တန်းမှာနေရတာ ကျွန်တော်ပျော်ရွှင်လာပါတယ်။ တော်တော်လေးလည်းပျော်ခဲ့ပါတယ်။ စရောက်လာတုန်းကတော့ မိသားစုနဲ့ ခွဲရတော့ ဝမ်းနည်းသလို အခုကျတော့ သူငယ်ချင်းတွေနဲ့ ခွဲရမယ်ဆိုတော့ ဝမ်းနည်းမိပါတယ်။ အဓိကကတော့ မိမိဆန္ဒသဘောအတိုင်း ဝင်လာတာ ဖြစ်ပါတယ်။ အရပ်သားစိတ်ဓာတ်နဲ့တော့ တော်တော်ကြီး





ကွာခြားသွားတာပေါ့နော်။ ကျွန်တော်အရင်ကဆို ပေါ့ပေါ့နေ ပေါ့ပေါ့စားတယ်။ ဟိုသွားမယ် ဒီသွားမယ် အလုပ်လုပ်မယ်။ အိမ်ရောက်ရင် စားမယ် သောက်မယ်ဒီလောက်ပဲ သိခဲ့တာပါ။ အခု တပ်မတော်ထဲ ရောက်လာတော့ စည်းကမ်းပိုင်းတွေ ဘာတွေ တော်တော်ရင့်ကျက်လာတယ်။ အသိဉာဏ်တွေပိုပြီး ဖွံ့ဖြိုးလာတယ်ပေါ့ အဲတာကို ကျွန်တော် ခံယူမိပါတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း ဂုဏ်ယူမိပါတယ်။

ထို့နောက် ညပိုင်းတွင် သင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၇)မှ နိုင်ငံ့သားကောင်းစစ်သည်များကို သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲများ ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# လုပ်ငန်းစီးပွားချိတ်ဆက်မှုပြခန်းတွေကနေ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူတွေ ပိုမိုချိတ်ဆက်ပူးပေါင်းဆောင်ရွက်လာစေတဲ့ အကျိုးတွေ ဖြစ်ထွန်းလာလိမ့်မယ်လို့ ယုံကြည်



ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပြပွဲပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်များ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းနှင့် စက်မှုလုပ်ငန်းများ၊ ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည့်အပြင် ဂီတဖျော်ဖြေပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသထွက် MSME ထုတ်ကုန်များ၊ ရိုးရာအစားအစာများကို တစ်နေရာတည်းတွင် လေ့လာဝယ်ယူနိုင်ပြီး တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကိုလည်း လေ့လာနိုင်မည်ဖြစ်ရာ ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ရပါသည်-

**မေး။ ။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီအနေနဲ့ ဘယ်လိုစီစဉ်ဆောင်ရွက်လျက်ရှိတယ်ဆိုတာ ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ။ ကျင်းပရေးလုပ်ငန်းကော်မတီ အနေနဲ့ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီတွေ ဖွဲ့စည်းတာ၊ လုပ်ငန်းတာဝန်တွေ ခွဲဝေသတ်မှတ်ပေးတာ၊ လုပ်ငန်းစီမံချက်ရေးဆွဲတင်ပြတာ၊ လိုအပ်တဲ့ အသုံးစရိတ်တွက်ချက်ပြီး ဦးစီးကော်မတီထံ ကြိုတင်ခွင့်ပြုချက်ရယူဆောင်ရွက်တာ၊ ဆပ်ကော်မတီတွေရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေ၊ အသုံးစရိတ်တွေကို ကြီးကြပ်ကွပ်ကဲပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်တာတွေကို လုပ်ဆောင်ပေးပါတယ်။

တိုင်းဒေသကြီး၊ ပြည်နယ်တွေက MSME အောင်ဂျင်စီဥက္ကဋ္ဌတွေက ကျင်းပရေးဦးစီးကော်မတီမှာ အဖွဲ့ဝင်အဖြစ် ပါဝင်ပြီး ထုတ်ကုန်အမျိုးအစားအဖြစ် ပြည်တွင်းကုန်ကြမ်းသုံးထုတ်ကုန်ပစ္စည်းတွေ၊ သွင်းကုန်အစားထိုး တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းတွေ၊ စိုက်ပျိုးမွေးမြူရေး အခြေခံထုတ်ကုန်တွေ၊ ပြည်ပပို့ကုန်ပစ္စည်းတွေ၊ OROP ထုတ်ကုန်တွေနဲ့ စက်ပစ္စည်းတွေပါဝင်ပြီး စုစုပေါင်း ခြောက်မျိုး ပါဝင်ခင်းကျင်းပြသနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။

**မေး။ ။ ပြခန်းတွေ ပါဝင်ပြသမှု အခြေအနေကို သိရှိလိုပါတယ်။**

ဖြေ။ ။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲမှာ ဝန်ကြီးဌာနပြခန်းတွေ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပြခန်းတွေ၊ ရိုးရာအစားအစာရောင်းချဆိုင်ခန်းတွေ၊ လုပ်ငန်း စီးပွားချိတ်ဆက်မှု (B2B)၊ နည်းပညာပြခန်း(Digital Corner)၊ ပြည်ပစက်ပစ္စည်းနဲ့ ထုတ်ကုန်ပြခန်းတွေ၊ လယ်ယာထုတ်ကုန်နဲ့ပတ်သက်တဲ့ ပြည်တွင်းကုမ္ပဏီပြခန်းတွေ၊ အသင်းအဖွဲ့တွေ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနဲ့ ကုန်ထုတ်သမဝါယမပြခန်းတွေ အပါအဝင် ပြခန်းပေါင်း ၉၅ ခန်း ပါဝင်ပြသရောင်းချသွားမှာ ဖြစ်ပါတယ်။ ဖျော်ဖြေရေးအတွက် တိုင်းရင်းသား ရိုးရာအကတွေ၊ ခေတ်ပေါ်တေးသီချင်းတွေ၊ မြန်မာသံစဉ် သီချင်းတွေ ပါဝင်မှာဖြစ်ပါတယ်။

**မေး။ ။ MSME ထုတ်ကုန်ပြိုင်ပွဲမှာ ဘယ်လိုဆုတွေ ပေးအပ်သွားမယ်ဆိုတာ ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ။ MSME ပြပွဲနဲ့ ပြိုင်ပွဲတွေကို အသေးစား၊ အငယ်စားနဲ့အလတ်စား စီးပွားရေးလုပ်ငန်းတွေ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနဲ့ သမဝါယမကုန်ထုတ်အသင်းတွေ ယှဉ်ပြိုင်ဖို့ စံသတ်မှတ်ချက် Criteria တွေအနေနဲ့ ကုန်ထုတ်လုပ်မှု Supply Chain တစ်လျှောက် ပြည်တွင်းကုန်ကြမ်းတွေအသုံးပြုတာ၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်တာ၊ ဆန်းသစ်တီထွင်နိုင်တာနဲ့ တန်ဖိုးမြှင့်ထုတ်ကုန်အမယ်တွေ ထုတ်လုပ်နိုင်တာ၊ ထုတ်ကုန်ရဲ့ အရည်အသွေးမှန်ကန်တာ၊ သန့်ရှင်းသပ်ရပ်တာ၊ အမှတ်တံဆိပ်နဲ့ ထုပ်ပိုးမှုကောင်းမွန်တာ၊ ဈေးကွက်လိုအပ်ချက်ကိုက်ညီတဲ့ ပြည်ပသွင်းကုန်အစားထိုး ပြည်တွင်းထုတ်ကုန်တွေ ထုတ်လုပ်နိုင်တာနဲ့ နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချနိုင်တာ၊ ဈေးကွက်ထိုးဖောက်နိုင်မှုနဲ့ ဈေးကွက်ချဲ့ထွင်နိုင်ရေး အစီအမံတွေ ဆောင်ရွက်ထားတာ၊ ထုတ်ကုန်အရည်အသွေးနဲ့ လုပ်ငန်းတိုးတက်ရေးကို စဉ်ဆက်မပြတ် လေ့လာသုံးသပ်ပြီး နည်းပညာနဲ့ စွမ်းဆောင်ရည်မြှင့်တင်မှုတွေ ဆောင်ရွက်တာ၊ လုပ်ငန်းခွင်စီမံခန့်ခွဲမှု ကောင်းမွန်တာ၊ လုပ်ငန်းဆိုင်ရာအသိအမှတ်ပြုလက်မှတ်တွေ ရရှိတာ၊ ဒစ်ဂျစ်တယ်စီးပွားရေးအသွင်ကူးပြောင်းမှုမှာ လိုက်ပါဆောင်ရွက်တာ၊ စွမ်းအင်သုံးစွဲမှုလျှော့ချနိုင်တာ၊ အစိမ်းရောင်ပတ်ဝန်းကျင်နဲ့ ဂေဟစနစ် ထိန်းသိမ်းစောင့်ရှောက်တာ၊ ထုတ်ကုန်တွေ ပြန်လည်အသုံးပြုတဲ့ ပတ်လည်စီးပွားရေးစနစ် (Circular Economy) ကျင့်သုံးဖော်ဆောင်တာဆိုပြီး စံသတ်မှတ်ချက်တွေ သတ်မှတ်ထားပါတယ်။

ပြိုင်ပွဲခေါင်းစဉ် အမျိုးအစား ခြောက်မျိုးအနက် လေးမျိုးအတွက် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနဲ့ အသေးစားစက်မှုလက်မှုလုပ်ငန်းအနေနဲ့ စံပြထုတ်ကုန်ဆု လေးဆုတို့ကို ပေးအပ်သွားမှာ ဖြစ်ပါတယ်။ အသေးစားစီးပွားရေးလုပ်ငန်း၊ အငယ်စားစီးပွားရေးလုပ်ငန်း၊ အလတ်စားစီးပွားရေးလုပ်ငန်း၊ သမဝါယမအသင်းအဖွဲ့တွေရဲ့ စွမ်းဆောင်ရည်ဆု၊ အသေးစားစက်မှုလက်မှုလုပ်ငန်း(SSID) စံပြထုတ်ကုန်ဆု(စားသောက်ကုန်၊ လူသုံးကုန်၊ ရက်ကန်း၊ လက်မှု)၊ ဒေသတစ်ခုထုတ်ကုန်တစ်ခု (One Region One Product) ဒေသ ၁၅ ခုအတွက် ဆု ၁၅ ခုဆိုပြီး ဆုအမျိုးပေါင်း ၃၁ မျိုးကို ပေးအပ်ချီးမြှင့်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ဒီလို MSME ပြပွဲ၊ ပြိုင်ပွဲတွေက ဘယ်လိုအကျိုးပြုတယ်၊ အထောက်အကူပြုတယ်ဆိုတာ သိရှိလိုပါတယ်။**

ဖြေ။ ။ MSME လုပ်ငန်းရှင်တွေအနေနဲ့ ထုတ်ကုန်ပြပွဲပြိုင်ပွဲမှာ လာရောက်ပြသရောင်းချခြင်းအားဖြင့် လုပ်ငန်းရှင်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာစေပြီး ကုန်ထုတ်လုပ်မှုကွင်းဆက် (Supply Chain)တစ်လျှောက် ဒေသတစ်ခုရဲ့ လိုအပ်ချက်ကို အခြားဒေသက ဖြည့်ဆည်းလာနိုင်မှာ ဖြစ်ပါတယ်။ အားသာချက် အားနည်းချက်တွေကို သိမြင်လာစေပြီး ထုတ်ကုန်ပစ္စည်းတွေအနေနဲ့ "ဈေးနှုန်းတူပါက ပစ္စည်းကောင်းရမယ်၊ ပစ္စည်းချင်းတူပါက အရည်အသွေးကောင်းရမယ်"ဆိုတဲ့အတွက် အရည်အသွေးကောင်းပြီး ဈေးနှုန်းသက်သာတဲ့ ဒေသအသီးသီးက ထုတ်ကုန်တွေကို အများပြည်သူတွေ သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။

လုပ်ငန်းစီးပွားချိတ်ဆက်မှု ပြခန်းတွေကနေ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူတွေ ပိုမိုချိတ်ဆက်ပူးပေါင်းဆောင်ရွက်လာစေတဲ့ အကျိုးတွေ ဖြစ်ထွန်းလာလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဆုရရှိတဲ့ လုပ်ငန်းရှင်တွေက နိုင်ငံတော်အဆင့်ဖြစ်တဲ့အတွက် မိမိတို့ Brand က တစ်ခါတည်း ထိုးဖောက်ပြီး ဈေးကွက်လည်း ရရှိသွားမှာဖြစ်ပါတယ်။ Digital Corner တွေ ပါဝင်တဲ့အတွက် MSME လုပ်ငန်းရှင်တွေအနေနဲ့ Digital အသွင်ကူးပြောင်းနိုင်ရေးအတွက် လိုအပ်တဲ့ နည်းပညာ၊ အသိပညာ၊ ဗဟုသုတတွေ၊ ဆောင်ရွက်ရမယ့် နည်းလမ်းတွေကို ကျယ်ကျယ်ပြန့်ပြန့် သိရှိသွားမှာဖြစ်ပါတယ်။

MSME ထုတ်ကုန်တွေက ပြည်ပကို တင်ပို့နိုင်ဖို့ လိုအပ်တဲ့အရည်အသွေးတွေ၊ လုပ်ငန်းစဉ်တွေကို ဒီပြပွဲမှာ သက်ဆိုင်ရာဝန်ကြီးဌာနတွေကနေ ပံ့ပိုးကူညီကြမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ သွင်းကုန်အစားထိုးထုတ်ကုန်တွေ၊ ပြည်ပပို့ကုန်(Export)တွေ တိုးမြှင့်နိုင်ပြီး နိုင်ငံခြားဝင်ငွေတွေ တိုးတက်ရရှိလာမှာ ဖြစ်ပါတယ်။ သွင်းကုန်အစားထိုး ထုတ်ကုန်တွေ ထုတ်လုပ်နိုင်ဖို့ ချိတ်ဆက်ဆောင်ရွက်ပေးနိုင်တဲ့အတွက် နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ကျစေပြီး ပြည်တွင်းစီးပွားရေးကို ဦးမော့လာစေမှာဖြစ်ပါတယ်။ MSME လုပ်ငန်းတွေကို အားပေးမြှင့်တင်ရာရောက်တဲ့အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပြီး လူမှုစီးပွားဘဝတိုးတက်လာစေမှာ ဖြစ်ပါတယ်။

**မေး။ ။ ပြည်သူတွေ သိရှိစေဖို့ ဖြည့်စွက်ပြောကြားချင်တာရှိရင်လည်း ပြောကြားပေးပါ။**

ဖြေ။ ။ ပြပွဲပြိုင်ပွဲမှာ ကဏ္ဍပေါင်းစုံက လာရောက်ပြသမှာဖြစ်တဲ့အတွက် ပြည်သူတွေ MSME လုပ်ငန်းစတင်လိုသူတွေနဲ့ တကယ်လုပ်ကိုင်နေတဲ့ လူတွေအတွက် အခွင့်အရေးတွေ၊ အသိပညာ၊ နည်းပညာ၊ စီးပွားရေးဗဟုသုတတွေ များစွာရရှိမှာ ဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်း-ဝင်းဝင်းမင်း၊ ဓာတ်ပုံ- ကိုကြီးထိန်**

## ဘီးလင်းမြို့နယ်၌ သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

**ဘီးလင်း ဇန်နဝါရီ ၃၁**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် သစ်တောဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ရာသီဥတုပြောင်းလဲမှု သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြောပွဲကို ယနေ့ မွန်းလွဲပိုင်းက နှင်းပုလဲကျေးရွာ အထက(ခွဲ) နှင်းပုလဲကျောင်း ပည့ာအားမာန်ခန်းမ၌ ကျင်းပသည်။



ဟောပြောပွဲတွင် အထက(ခွဲ) နှင်းပုလဲကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးအောင်မျိုးဝင်းက အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးခိုင်မွန်က မီးခိုးမြူငွေ့လျှော့ချခြင်းနှင့် သစ်တောထိန်းသိမ်းရေးဆိုင်ရာများနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ သိကောင်းစရာများကို အသိပညာပေး ဆွေးနွေးပြသခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**




## မြို့သစ်မြို့နယ် အခြေခံပညာကျောင်းများ၌ အာဟာရကျွေးမွေး

**မြို့သစ် ဇန်နဝါရီ ၃၁**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ပူးပေါင်း၍ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ KG တန်း ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးခြင်းကို ယနေ့ နံနက် ၁၀ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ကျော်မျိုးဇော်နှင့် ဝန်ထမ်းများ၊ မြို့နယ်ပညာရေးမှူး ဦးဝင်းအောင်၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ဆရာ ဆရာမများက KG တန်း ကျောင်းသား ကျောင်းသူများအား အာဟာရ ကျွေးမွေးကြကြောင်း သိရသည်။

**ကိုဇော်(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးမှ ထွက်ရှိသည့် MSME ထုတ်ကုန်များအား အဆင့်အတန်းပြည့်မီစွာဖြင့် ခင်းကျင်းပြသနိုင်ရေး အလေးထားဆောင်ရွက်

**ပဲခူး ဇန်နဝါရီ ၃၁**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၃၁ ရက်က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲသို့ ပဲခူးတိုင်းဒေသကြီးမှ ခင်းကျင်းပြသမည့် ထုတ်ကုန်ပစ္စည်းများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်သည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော်တွင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဒေသထွက်ကုန်များ လာရောက်ခင်းကျင်းပြသပွဲများ ကျင်းပရာတွင် အဆင့်တန်းပြည့်မီစွာ ပြိုင်ပွဲဝင်နိုင်ရေး အလေးထား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒေသထွက်ကုန်အမယ်သစ်များ ဖော်ထုတ်ခြင်း၊ MSME လုပ်ငန်းရှင်သစ်များ ဖော်ထုတ်ခြင်းကိုလည်း တစ်ပြိုင်တည်း ဆောင်ရွက်သွားရမည်ဖြစ်ပြီး ဈေးကွက်သစ်များ ရှာဖွေခြင်းအပြင် ထုပ်ပိုးမှုနည်းပညာများလည်း ရရှိနိုင်သဖြင့် ဒေသထွက်ကုန်လုပ်ငန်းရှင်များကိုလည်း ဖိတ်ခေါ်ပြသသွားမည်ဖြစ်ကြောင်း၊ မိမိတို့တိုင်းဒေသကြီးအတွင်းမှ စတင်ထုတ်လုပ်ခဲ့သည့် လက်ဆွဲကောက်စိုက်စက်၊ လူစီးနင်းလိုက်ပါနိုင်သည့် တန်ဖိုးသင့်ကောက်စိုက်စက်၊ ဆေးဖျန်းစက်နှင့် ဘက်စုံသုံးအစေ့ချစက်များနှင့် စပါးနှင့် ပဲမျိုးစုံ ခြွေလှေ့စက်များလည်း ထည့်သွင်းပြသမည်ဖြစ်ပြီး ဒေသထွက်ကုန်များကို သက်ဆိုင်ရာကဏ္ဍအလိုက် အရည်အသွေးပြည့်မီစွာ ယှဉ်ပြိုင်ပြသနိုင်ရေး ပွင့်ပွင့်လင်းလင်း တင်ပြပေးစေလိုကြောင်း ပြောကြားသည်။

**ဖြည့်စွက်မှာကြား**

ထို့နောက် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက ခင်းကျင်းပြသယှဉ်ပြိုင်နိုင်ရေး စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက သွားရောက်ပြသမည့် ပြည်တွင်းကုန်ကြမ်းသုံးပစ္စည်းများ၊ သွင်းကုန်အစားထိုး တန်ဖိုးမြှင့်ထုတ်ကုန်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေခံထုတ်ကုန်များ၊ ပြည်ပပို့ကုန်များနှင့် OROP ထုတ်ကုန်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် တိုင်းဒေသကြီး အသေးစား၊ အငယ်စား၊ အလတ်စား MSME အေဂျင်စီအဖွဲ့ဝင်များက ယှဉ်ပြိုင်ပြသသွားမည့် တိုင်းဒေသကြီးဒေသထွက်ကုန်များအပေါ် ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲသို့ ပဲခူးတိုင်းဒေသကြီးမှ ခင်းကျင်းပြသမည့် ဒေသထုတ်ကုန်ပစ္စည်းများအား လှည့်လည်ကြည့်ရှုအားပေးပြီး ပဲခူးတိုင်းဒေသကြီးအတွင်းမှ ဒေသ ထွက်ကုန် အမျိုးအစား ၆၅ မျိုးနှင့် အမယ်မျိုးစုံ ၇၀၀ ကျော် ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး စဉ်ဆက်ပညာရေးလုပ်ငန်း ဆင့်ပွားသင်တန်းဖွင့်လှစ်နေမှု ကြည့်ရှုအားပေး

**လယ်ဝေး ဇန်နဝါရီ ၃၁**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းက ဇမ္ဗူသီရိမြို့နယ် အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်းတွင် ဖွင့်လှစ်နေသည့် စဉ်ဆက်ပညာရေးလုပ်ငန်း ဆင့်ပွားသင်တန်း ဖွင့်လှစ် သင်ကြားနေမှုအား သွားရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။



စဉ်ဆက်ပညာရေး လုပ်ငန်းဗဟိုအဆင့် နည်းပြသင်တန်း တက်ရောက်ပြီးသည့် ဆရာ ဆရာမများက နေပြည်တော် ကောင်စီနယ်မြေအတွင်း ဆက်လက်သင်ကြားပေးမည့် ဆရာ ဆရာမများ၊ ပရဟိတအဖွဲ့များမှ စိတ်ပါဝင်စားသူများ၊ အငြိမ်းစားဝန်ထမ်းများအား ဇန်နဝါရီ ၂၇ ရက်မှ ၃၁ ရက်အထိ ငါးရက်ကြာ ဆင့်ပွားနည်းပြသင်တန်း သင်ကြားပို့ချခဲ့ခြင်းဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၁၂၀ တက်ရောက်ခဲ့သည်။ အဆိုပါ ဆင့်ပွားသင်တန်း တက်ရောက်ပြီးပါက မြို့နယ်ရှစ်မြို့နယ်အတွင်း စာသင်ဝိုင်းများ၊ ဟောပြောပွဲများ၊ ပညာပေးလုပ်ငန်းများကို ဖေဖော်ဝါရီ ၁ ရက်မှမတ်လကုန်အထိ တစ်နေ့သုံးနာရီ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော် ကောင်စီဝင်သည် ယမန်နေ့မွန်းလွဲပိုင်းက ပုဗ္ဗသီရိမြို့နယ်နှင့် လယ်ဝေးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့သည်။ ဦးစွာ ပုဗ္ဗသီရိမြို့နယ် အမှတ် (၂၁ )အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကာ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ ကျောင်းအတွင်း သန့်ရှင်းသာယာလှပရေး၊ ကျန်းမာရေးနှင့်ညီညွတ်သော ကျောင်းဝန်းဖြစ်စေရေး ကျောင်းသား ကျောင်းသူများ တန်းစဉ်ကူးပြောင်းရေး၊ တိုးတက်ရေး၊ ပညာရည်မြင့်မားရေးနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာရေးတို့အတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရန် ဆွေးနွေး ပြောကြားသည်။ ဆက်လက်၍ လယ်ဝေးမြို့နယ် ကျောင်းကုန်းကျေးရွာ မူလတန်းကျောင်းရှိ KG ကျောင်းသား ကျောင်းသူများနှင့် မူလတန်းကျောင်းသား ကျောင်းသူ ၁၀၀ အား နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် မိသားစုတို့က ကျောင်းတွင်း အာဟာရနေ့လယ်စာ ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **ဝေကြည်(ပြန်/ဆက်)**



# အထက (၂) လမ်းမတော်၌ ဝူရှူးအားကစားသင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃၁**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ဝူရှူးအားကစားသင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲက ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်ဇာဝင်းပြည့်က အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများက ဝူရှူးပြကွက်များ သရုပ်ဖော်ပြသသည်။

ထို့နောက် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာမော်တို့က ဝူရှူးနည်းပြဆရာအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**

# ဖြူးမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး

**ဖြူး ဇန်နဝါရီ ၃၁**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ ကျောင်းသား ကျောင်းသူများ သဘာဝဘေး အန္တရာယ်ဆိုင်ရာများသိရှိစေရေးအတွက် ရည်ရွယ်၍သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဖြူးမြို့နယ် သစ်တောဦးစီးဌာနမှ ရာသီဥတုပြောင်းလဲမှု သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောခြင်းကို ဇန်နဝါရီ ၃၁ ရက်က အထက(၁) ကျောင်း၌ ကျင်းပသည်။



ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးအောင်ကျော်မိုးက ရာသီဥတုပြောင်းလဲမှု သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုအကျိုးဆက်များနှင့် သစ်တောသစ်ပင်များ၏ အရေးပါမှုအကြောင်း၊ ဖြူးမြို့နယ် မီးသတ်ဦးစီးမှူး ဦးချမ်းဟိန်းလင်းက မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာများကို ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# မြောင်းမြမြို့ အခြေခံပညာကျောင်းများ၌ မီးဘေးအန္တရာယ်ကာကွယ်ရေးဆောင်ရွက်

**မြောင်းမြ ဇန်နဝါရီ ၃၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်အတွင်း အခြေခံပညာကျောင်းများ၌ မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် မြို့နယ် မီးသတ်ဦးစီးဌာနက ကြည့်ရှုစစ်ဆေးခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းက ဆောင်ရွက်သည်။



အဆိုပါ စာသင်ကျောင်းများ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို မြောင်းမြမြို့နယ် ဒုတိယမီးသတ်ဦးစီးမှူး ဦးမင်းလွင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ မြို့နယ်လျှပ်စစ်မှ တာဝန်ရှိသူများ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇေယျာ(မြောင်းမြ)**

**ချိန်ခါမရွေးသတိပေး မီးဘေးသတိပြု**

# အောင်မြေသာစံမြို့နယ် အခြေခံပညာကျောင်းများရှိ KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေး



**မန္တလေး ဇန်နဝါရီ ၃၁**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်တွင် ကျောင်းနေအရွယ်ကလေးများ အာဟာရဖွံ့ဖြိုးတိုးတက်စေရေး အစီအစဉ်ဖြင့် အခြေခံပညာကျောင်းပေါင်း ၅၄ ကျောင်း၌ ပညာသင်ယူနေသည့် KG ကျောင်းသားကျောင်းသူ၂၆၄၄ ဦးအား ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဒုတိယအကြိမ်အဖြစ် အာဟာရကျွေးမွေးမှုကို ယနေ့တွင် ဆောင်ရွက်သည်။

ကျောင်းတွင်း အာဟာရကျွေးမွေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ သန့်ဇင်လင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်ပညာရေးမှူး ဒေါ်သီတာဌေးနှင့် တာဝန်ရှိသူများက အောင်မြေသာစံမြို့နယ် အမှတ်(၁၂) နှင့် အမှတ်(၁၈) အခြေခံပညာ မူလတန်းကျောင်းများတွင် ပညာသင်ကြားနေကြသည့် KG ကျောင်းသား ကျောင်းသူများအား အစာအုပ်စု သုံးအုပ်စုပါဝင်သော နေ့လယ်စာကျွေးမွေးခြင်း၊ ဖြည့်စွက်စာများ တိုက်ကျွေးခြင်းများအပြင် အစာမစားမီ စနစ်တကျလက်ဆေးခြင်း၊ နေ့လယ်စာစားပြီး သွားတိုက်ခြင်းများကိုလည်း အသိပညာပေး ဆောင်ရွက်သည်။

အဆိုပါကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို ကျောင်းသားကျောင်းသူများအားလုံး ကျန်းမာသန်စွမ်းပြီး အာဟာရပြည့်ဝကာကျန်းမာရေးနှင့် ညီညွတ်သော အမူအကျင့်များ စွဲမြဲကျင့်သုံးတတ်စေပြီး ပညာရေးနှင့် ကျန်းမာရေး အပါအဝင် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်တတ်စေရန်၊ မူလတန်း ကျောင်းသား ကျောင်းသူများ၏ ကြီးထွားဖွံ့ဖြိုးကျန်းမာမှုနှင့် ပညာရေးတိုးတက်မှုများအတွက် ကျောင်းသား ကျောင်းသူများသာမက ၎င်းတို့မိသားစုများ၏ ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်ပုံစံများ မြှင့်တင်ပေးရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ချင်းပြည်နယ်အစိုးရအဖွဲ့က အလင်းသစ်ကျေးရွာစာကြည့်တိုက်အတွက် ငွေကျပ်သိန်း ၁၀၀ ပေးအပ်

**တီးတိန် ဇန်နဝါရီ ၃၁**

ချင်းပြည်နယ် တီးတိန်မြို့၌ ချင်းပြည်နယ်အစိုးရက ကျေးရွာစာကြည့်တိုက်အတွက် ငွေကျပ်သိန်း ၁၀၀ ပေးအပ်ခြင်းကို တီးတိန်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ဇန်နဝါရီ ၃၀ ရက်က ပြုလုပ်သည်။

တီးတိန်မြို့နယ် ဟောက်ပီးကျေးရွာ(တွောင်ဒုံ) အလင်းသစ်စာကြည့်တိုက်အတွက် ပြည်နယ်အစိုးရက ပေးအပ်သော ငွေကျပ်သိန်း ၁၀၀ အား တီးတိန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းက အလင်းသစ်စာကြည့်တိုက်ကော်မတီဝင်များထံ ပေးအပ်သည်။

အလင်းသစ်စာကြည့်တိုက်သည် ဟောက်ပီးကျေးရွာ(တွောင်ဒုံ) ပြည်သူများက ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့ပြီး ဒီဇင်ဘာလတွင် ဆောက်လုပ်ပြီးစီးခဲ့သော ကျေးရွာစာကြည့်တိုက်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ONE Friday Fights-95 ပြိုင်ပွဲ၌ စူပါရေချမ်း ပထမအချီတွင် အလဲထိုးအနိုင်ရပြီး မိုးထက်အောင် အမှတ်ဖြင့် အရေးနိမ့်

ONE Friday Fights-95 ပြိုင်ပွဲကို ဇန်နဝါရီ ၃၁ ရက်က ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ကျင်းပရာ မြန်မာဖိုက်တာ စူပါရေချမ်း ပထမအချီတွင် အလဲထိုးအနိုင်ရပြီး မိုးထက်အောင် အမှတ်ဖြင့် အရေးနိမ့်ခဲ့သည်။

မြန်မာဖိုက်တာ စူပါရေချမ်းသည် ထိုင်းဖိုက်တာ ဒန့်ခ်နှင့် ယှဉ်ပြိုင်ထိုးသတ်ရာ ပထမအချီ ၂ မိနစ် ၄၆ စက္ကန့်တွင် အလဲထိုးအနိုင်ရခဲ့သည်။ စူပါရေချမ်းနှင့် ဒန့်ခ်သည် အရပ်အမောင်းရောထိုးသတ်ပုံအရ ကွာခြားမှုမရှိသလို ပထမအချီစကတည်းက လက်သီးချင်းပြိုင်ထိုး၊ ဆိုင်ထိုးကာ ပွဲကောင်းတစ်ပွဲ ဖြစ်ခဲ့သည်။ နှစ်မိနစ်အကျော်တွင် စူပါရေချမ်း၏ လက်သီးချက်များ ဆက်တိုက်ထိမှန်လာပြီး ဒန့်ခ်ကို ကြိုးဝိုင်းထောင့်တွင် ပိတ်ကာ ဘယ်၊ ညာလက်သီးများ ဆက်တိုက်ပစ်သွင်းရာ ဒန့်ခ် အမှတ်စဉ်ရေတွက်ခံရသည်။ ပြန်ထိုးရာတွင် စူပါရေချမ်းက လက်သီးချက်များ ဆက်တိုက်ပစ်သွင်းကာ ပွဲသိမ်းအနိုင်ရခဲ့ခြင်းဖြစ်သည်။ စူပါရေချမ်းသည် ONE နှင့် ဒုတိယမြောက်ပွဲတွင် ပထမဆုံး နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။



ထိုင်းဖိုက်တာ ဒန့်ခ်အား ပထမအချီ၌ပင် အလဲထိုးအနိုင်ရရှိခဲ့သည့် မြန်မာဖိုက်တာစူပါရေချမ်း။

မြန်မာဖိုက်တာ မိုးထက်အောင်သည် ထိုင်းဖိုက်တာ ဆာမင်ဒမ်နှင့် ယှဉ်ပြိုင်ထိုးသတ်ရာ အမှတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။ မိုးထက်အောင်၏ ပြိုင်ဘက် ဆာမင်ဒမ်သည် နည်းစနစ်ပိုင်းရောပွဲအတွင်းထိုးသတ်သည့် ဗျူဟာပါ ကောင်းမွန်ခဲ့ပြီး မိုးထက်အောင်၏လက်သီးထိုးချက်များကို ရှောင်ကာ တန်ပြန်ထိုးရာ မိုးထက်အောင် အထိနာခဲ့သည်။ မိုးထက်အောင်သည် ဒုတိယအချီနှင့် တတိယအချီတွင် နည်းဗျူဟာပြောင်းပြီး ထိုးသတ်သော်လည်း ဆာမင်ဒမ်က အကောင်းဆုံးတုံ့ပြန်နိုင်သဖြင့် အမှတ်ဖြင့်ဆုံးဖြတ်ရာတွင် အသာရခဲ့ခြင်းဖြစ်သည်။ မိုးထက်အောင်သည် ONE နှင့် လက်တွဲပြီး တတိယမြောက်ပွဲတွင် ပထမဆုံးရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ **ညီမြတ်သော်တာ**

**ဓာတ်ပုံ-ONE Championship**



ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေးဆွေးနွေးပွဲကို ဇန်နဝါရီ ၃၀ ရက်က ကျင်းပရာ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်ဦးဆွေ နှင့် တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးစဉ်။

မြို့နယ်(ပြန်/ဆက်)

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၃၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ရွာသာကြီး Dry Port ၌ မော်တော်ယာဉ်ခြောက်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၃ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ခြောက်မျိုး၊ လူသုံးကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၅၃၀၆၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus သုံးစီး၊ King Long Bus နှစ်စီး၊ Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၄၀၀၀၀၀၀) ကိုလည်းကောင်း၊ ဇန်နဝါရီ ၃၀ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၄၂၈၆၅၈၇) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၆၈၁၇၁၈၇ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဇန်နဝါရီ ၃၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ်နှင့် မုံရွာမြို့နယ်အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ်နှစ်စီးနှင့် မော်တော်ဆိုင်ကယ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင် ဝေါမြို့နယ်၌ လိုင်စင်မဲ့ Toyota Mark II မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးမြို့နယ်နှင့် ဆိပ်ဖြူမြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီးနှင့် မော်တော်ဆိုင်ကယ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

ထို့အပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မအူပင်မြို့နယ်နှင့် ဝါးခယ်မမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၂၈ ရက်၊ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၂၉၆၇၁၈၇) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ငြိမ်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံး ကိုဒ့ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရွှေပြည်သာမြို့နယ်တရားရုံးတော်၌
၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၈

ဦးထွန်းမင်းနိုင် နှင့် ဦးသက်ရှည်
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၀/၃၄)ရပ်ကွက်၊ ရေကြည်လမ်း၊ အမှတ် (၇၈၅/က) နေ ဦးသက်ရှည် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးထွန်းမင်းနိုင်က **"ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ၁၃ရက်(၁၃၈၆ခုနှစ်၊ တပို့တွဲလဆုတ် ၁ ရက်) မွန်းမတည့်မီ(၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြိမ်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ (သို့မဟုတ်)သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လွှမ်းပို့ပို့စိုး)**
**မြို့နယ်တရားသူကြီး**
**ရွှေပြည်သာမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

သထုံခရိုင်၊ သထုံမြို့၊ အောက်ကျင်းရပ်ကွက်၊ အကွက်အမှတ် (၅၇)၊ မူဆာတန်းအကွက်၊ ဦးပိုင်အမှတ် (၁၂) မြေဧရိယာ (၀.၂၆၄)ဧကအား အခွန်တော်အမှု-၆၂၅/၁၉၂၇ အရ (၂၇-၇-၁၉၂၇) ရက်မှ (၂၆-၇-၁၉၈၇)အထိ နှစ်(၆၀) မြေငှားဂရန်အား ဦးသာရ အမည်ဖြင့်ရရှိ၍ မြေစာရင်းဦးစီးဌာန၏ ဦးပိုင်မှတ်ပုံတင်(၁-က)တွင် မှတ်သားခဲ့သော်လည်း ၎င်းမှ တစ်ဆင့် ဦးလှငွေ အမည်ဖြင့် (၆-၃-၁၉၈၉)ရက်မှ (၅-၃-၂၀၁၉)ရက်အထိ နှစ်ပေါင်း(၃၀)သက်တမ်းအား ထပ်မံရရှိခဲ့သော်လည်း သက်ဆိုင်ရာ မြေစာရင်းဦးစီးဌာနရှိ ဦးပိုင်မှတ်ပုံတင်စာရင်း (၁-က)တွင် မှတ်သားရခြင်းမရှိသေးပါသောကြောင့် မှတ်သားပေးနိုင်ပါရန် ဦးလှငွေ၏အမွေဆက်ခံသူများဖြစ်သည့် ဒေါ်ငွေငွေလှနှင့် ဒေါ်ဆန်းဆန်းလှတို့မှ လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အုပ်ချုပ်ရေးမှူး**
**သထုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင်နောက်ရပ်ကွက်၊ အမှတ်-၁၅၊ မဏိမေခလာလမ်း၊ မြေတိုင်းရပ်ကွက်၊ အမှတ် (၂၆-BB^ခ)မြေကွက်အမှတ်- ၁၁၉၊ နှစ်(၆၀) ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၈)ထပ်ခွဲ၊ ခါတ်လှေကားပါ တိုက်အဆောက်အအုံ၏ ၅-လွှာ၊ အကျယ်အဝန်း ၂၅ပေx ၅၀ပေရှိ တိုက်ခန်းအား ပိုင်ရှင် ဦးအောင်မင်းသိန်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ထားဝယ်မြို့၊ ဝဲကျွန်းထိန်သစ်ရပ်၊ ကျွန်းရတနာလမ်း၊ အမှတ် (၇၂၅-က)နေ ဦးအောင်ကိုဦး-ဒေါ်ဖြူသန္တာ လင်မယားတို့မှ အပိုင်အပြတ်လွှဲပြောင်း ဝယ်ယူမည်ဖြစ်ပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဦးအောင်ကိုဦး-ဒေါ်ဖြူသန္တာထံသို့ ဖြစ်စေ၊ အထောက်အထားတင်ပြလျက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးအေးကြိုင် (ဥပဒေတွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၂၉၉၆)**
**အမှတ်(၄၃)၊ ရေးလမ်း၊ ဝဲကျွန်းထိန်သစ်ရပ်၊ ထားဝယ်မြို့၊**
**ဖုန်း- ၀၉-၄၂၂၁၉၂၅၂၀**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7K/5438 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၄၄၂၁၉, Honda Wave 110, m/c ယာဉ်လက်ဝယ်ရှိသူ ဦးခင်ဇော်အေး ၆/မမန(နိုင်)၁၂၀၄၈၆က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း(၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၁ယ/၅၄၄၄, Honda Click 125 အမျိုးအစား m/c ယာဉ်လက်ဝယ်ရှိသူ ဦးကြည်ဝင်း ၆/ပလန(နိုင်)၀၁၁၃၅၅က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း(၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မြိတ်)**

## ဖြန့်ဖြူးသူပြောင်းလဲကြောင်းအသိပေးကြေညာခြင်း

ပြည်ပထုတ်လုပ်သူ Apex Agrochem Pte.,Ltd. မှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါဆေးများအား ပြည်တွင်းမူလဖြန့်ဖြူးသည့် Apex Agrochem Co.,Ltd. မှ Shwe Khit Myay Co.,Ltd. သို့ ဖြန့်ဖြူးသူပြောင်းလဲ၍ တင်သွင်း ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်-

| No | Brand Name | Active Ingredients | Registration No |
|---|---|---|---|
| 1 | Notify | Triazophos 20% EC | P2024-6463 |
| 2 | Antic | Fenpropathrin 20% EC | P2024-6461 |

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံ တင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်သို့ ဤကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**Apex Agrochem Co.,Ltd.**
**No (A-5), Room (102), Mindama Condo, Mindama Street,**
**Mayangone, Yangon. Ph-09-406045950**

## ငြိမ်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးကိုဒ့ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
မုဒုံမြို့နယ်တရားရုံး
၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၄

ဦးဝင်းမောင် နှင့် ဒေါ်ညွှန့်စိန် ပါ-၁၀
**(တရားလို)** **(တရားပြိုင်များ )**

သံဖြူဇရပ်မြို့နယ်၊ စက်စဲကျေးရွာနေ-(၇)တရားပြိုင်ကိုမောင်နစ်၊ (၈) တရားပြိုင်မသီတာဦး၊ (၉)တရားပြိုင် မညို (၁၀)တရားပြိုင် ကိုလင်းဦး (ယခုနေရပ်လိပ်စာမသိ)သူတို့ သိစေရမည်။

သင်တို့အပေါ် တရားလို ဦးဝင်းမောင်က တရားပြိုင်များဖြစ်သော ဒေါ်ညွှန့်စိန် ပါ-၁၀ အား အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁) ရက်၊ (၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်နေ့) မွန်းမတည့်မီ (၁၀) နာရီတွင် အထက်အမည်ပါသူ တရားလိုအဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်က ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြိမ်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြလိုသည့် စာရွက်စာတမ်းများ အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၂၈) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်မြင့်ဌေး)**
**မြို့နယ်တရားသူကြီး**
**မုဒုံမြို့နယ်တရားရုံး**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ တောင်ဝိုင်းလမ်း၊ ဈေးကြိုရပ်ကွက်နေ ဦးဇော်လင်း အောင်(၁၀/ကထန(နိုင်) ၀၆၅၇၂၇)နှင့် ဒေါ်ဖြူနှင်းအိ (၁၀/မလမ(နိုင်)၁၆၀၁၃၈)တို့မှ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်တော်/ကျွန်မတို့၏ သမီးဖြစ်သူ မခေးပန်းချီခြယ် (၁၀/မလမ(နိုင်)၂၉၅၅၅၈)သည် မိဘများ၏ ဆိုဆုံးမမှုအား နားမထောင်ဘဲ၎င်း၏ သဘောဆန္ဒအလျောက် နေအိမ်မှ ထွက်ခွာသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသီးခံပါ။)**

**ဦးဇော်လင်းအောင်-ဒေါ်ဖြူနှင်းအိ**
**ဖုန်း-၀၉-၇၈၈၀၄၃၂၀၀**

## မွေးသက္ကရာဇ်အမှန်

ဦးဇော်မြင့်ဦး ၅/ရဥန(နိုင်) ၀၇၉၆၀၈ ၏သမီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းခရိုင်၊ ဟုမ္မလင်းမြို့နယ်၊ အထက(နမ့်တော) (Grade-5) မှ မယမင်းရွှေစင် ၏ မွေးသက္ကရာဇ်အမှန်မှာ (၁၆-၁-၂၀၁၃)ရက်နေ့ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ တောင်ငူခရိုင်ပညာရေးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်နော်ပိုပိုချစ် ၇/ညလပ(နိုင်)၁၄၂၆၉၃ ၏ ဖခင်အမည် ဦးဆဲမူး(ခ)ဦးစိုးဝင်း မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဆဲမူး(ခ)ဦးစိုးဝင်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/25142 Honda Wave 125 i ယာဉ်လက်ဝယ်ရှိသူ ဦးစစ်နေဗလ ၁၄/ဘကလ(နိုင်)၃၁၅၈၅၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၈ယ/၇၃၆၂ ယာဉ်လက်ဝယ်ရှိသူ ဦးလှညွန့် ၁၀/မလမ(နိုင်)၁၄၃၇၁၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/ တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်ရှိ တပ်ကြပ်ကြီး သန်းထွန်း(ကိုယ်ပိုင်အမှတ်-၇၁၇၅၂၆)၉/မထလ(နိုင်)၀၁၂၁၈၀(ဘ)ဦးအောင်ထွန်း အမည်ပေါက် ပါမစ်မြေကွက်အမှတ်-ပစ(င)၅၉၈၁အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်စိုးစိုးမော် ၈/မသန(နိုင်)၀၀၀၀၅၀(ဘ)ဦးခင်မောင်သန်းမှ တရားဝင်အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မှုရင်း၊ မြေကွက်ဖိုးပေးသွင်းချလံမိတ္တူ၊ တပ်ကြပ်ကြီး သန်းထွန်း သေဆုံးခြင်းလက်မှတ် မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများ တင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချုထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄)ရပ်ကွက်၊ ကျောင်းလမ်းသွယ်(၂)၊ မြေကွက်အမှတ်(၉၃၀)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၇)ဟုခေါ်တွင်သော (ပါမစ်)မြေ အလျား(၆၀)'X အနံ(၂၀')ရှိ ခေါင်းရင်းခြမ်း မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်မြင့်ဦး (၁၂/ဒဂန(နိုင်)၀၀၃၇၃၅) ထံမှ ကျွန်ုပ်မိတ်ဆွေ(၁)ဦးထွန်းထွန်းဦး ၁၂/သဃက(နိုင်)၀၄၁၈၃၂၊ (၂)ဒေါ်နှင်းနှင်းဝေ (၁၂/ဒဂန(နိုင်)၀၁၁၁၄၀) တို့က (၁၁-၅-၂၀၂၄)ရက်တွင် နှစ်ဦးသဘောတူ အိမ်၊ခြံ၊မြေကွက် အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ် ပြုလုပ်ချုပ်ဆိုကာ တရားဝင်ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားသည့် မြေနှင့်အိမ်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေမျိုးကြည်**
**LL.B,CBL,DBL,DIL**
**အထက်တန်းရှေ့နေ (စဉ်-၃၃၂၈၆/၂၀၁၀)**
**အမှတ်(၃၂၅)၊ ခေမာ(၁)လမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၉၄၇၇၆၇၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇)၊ စံပယ်မြိုင် (၁) လမ်း၊ မြေကွက်အမှတ်(၅၃၃) ရှိ ဦးဝင်းအောင် (၁၂/လကန(နိုင်)၀၇၂၉၃၂) အမည်ပေါက် မြေချပါမစ် မူရင်း၊ ဧရိယာအကျယ်အဝန်း (၄၀ ပေ x ၆၀ ပေ) အနက်မှ ဧရိယာအကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ) (ခေါင်းရင်းခြမ်း) အိမ်၊ ခြံမြေကွက်နှင့် လျှပ်စစ်မီတာအပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်မြတ်မြတ်သွေး (၁၂/ပဇတ(နိုင်) ၀၀၃၀၁၁ ) ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးကျော်သက်ဝင်း (၁၂/ဗဟန(နိုင်) ၀၈၇၈၂၇) နှင့် ဒေါ်နေခြည်သွင်(၆/ထဝန(နိုင်)၀၉၈၀၃၉)တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အကြောင်းအရာနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်သက်ဝင်း နှင့် ဒေါ်နေခြည်သွင် တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်မြတ်မွန်ခိုင် (LLB) | ဒေါ်စုရည်လှိုင်(LL.B) | ဒေါ်သင်းလဲ့လှိုင်(LL.B) |
|---|---|---|
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၅၆၇၄၅) | (စဉ်-၁၈၇၄၅) | (စဉ်-၅၆၇၄၄) |

**အမှတ်(၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(A)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၂၄၄၉၄၂၂ ၊ ၀၉-၆၉၃၅၆၃၇၈၅**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ပေါက်ကုန်းကြီးကျေးရွာနေ မရတနာအောင် ၇/ကဝန(နိုင်)၁၈၂၅၄၀၏ဖခင် ဦးဆန်းဝင်းနှင့် ဦးစန်းဝင်း ၇/ကဝန(နိုင်)၀၅၂၀၅၇ တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၁-၂၀၂၅ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၂) ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်းကြော်ငြာတွင် တပ်သားကျော်ကျော် အစား တပ်သားကျော်ကျော်ဟိန်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြိတ်မြို့၊ မြိတ်တက္ကသိုလ်မှ ရူပဗေဒအထူးပြုဖြင့် ဖြေဆိုအောင်မြင်ခဲ့သော မမေဖြိုးသူ၏ ဖခင် ဦးဇော်မင်းဦးနှင့် ဦးသီဟမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးဇော်မင်းဦး(ခ)ဦးသီဟ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးဇော်မြင့်ဌေး၏ သားဖြစ်သူ ၂၀၂၃ခုနှစ်၊ မတ်လ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်ခဲ့သော မောင်သော်ဇင်စိုး၏ မိခင် ဒေါ်အေမီလတ်ဦးနှင့် ဒေါ်အိအိလှိုင် ၆/ထဝန(နိုင်)၀၉၀၃၉၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်အေမီလတ်ဦး(ခ)ဒေါ်အိအိလှိုင်**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ဦးမောင်ကြီး ၏သား ကျွန်တော် မောင်ထက်လင်းထွန်း ၇/ပခန(နိုင်)၄၄၆၇၄၆ ၏ နိုင်ငံကူးလက်မှတ် အမှတ် (MB-862441) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်လှမျိုးနွယ် (၇/ပခန(နိုင်)၃၅၅၈၁၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၃၇၁၄၄၅၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2D/4102 ယာဉ်လက်ဝယ်ရှိသူ ဦးရဲသွင် ၁၂/သဃက(နိုင်)၂၁၆၂၉၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/7090 ယာဉ်လက်ဝယ်ရှိသူ ဦးမြလွင် ၇/ကဝန(နိုင်)၀၄၆၀၇၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အ.လ.က(ခွဲ)၊ကလေ့ကျောင်း(Grade-2)မှ ပညာသင်ကြားနေသော မိမြတ်မှူးသက်၏ ဖခင်အမည်မှန်မှာ မင်းတင်မောင်ဝင်း ၁၀/မဒန(နိုင်) ၁၇၄၉၈၄ ဖြစ်ပါကြောင်း။

**မင်းတင်မောင်ဝင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ အောင်ဇေယျရပ်ကွက်နေ ဦးမောင်မောင်သွင်၏ ဇနီး ဒေါ်အေးမြင့်(ခ)ဒေါ်အေးအေးမြင့် ၉/တကန(နိုင်)၀၀၇၉၆၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဆရာစံရပ်ကွက်နေ ဦးစိုးလင်း၏ဇနီး ဒေါ်စမ်းစမ်းအေး(ခ) ဒေါ်စန်းစန်းအေး ၉/တကန(နိုင်)၀၄၅၇၅၅ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်မှန်

ဦးသန်းနွယ်စိုး၏ သမီးဖြစ်သူ မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ နင်းကြမ်းကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း Grade-4 မှ မဟန်စုသွေး၏ အမည်မှန်မှာ မဟန်ဆုသွေးဖြစ်ပါကြောင်း။

**မဟန်ဆုသွေး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၁ယ/၆၉၇၉၉ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်ဝင်း ၁၀/မလမ(နိုင်)၁၃၁၆၃၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၂၀၉၀ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မျိုးမျိုးထက် ၁၀/သဖရ(နိုင်)၀၇၈၀၉၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၁

ဒေါ်မေဖြိုးဝေ နှင့် ဒေါ်အုန်းရှင်
(တရားလို) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ သရဖီလမ်း၊ အမှတ်(၆၂၈) နေ ဒေါ်အုန်းရှင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုက "ပဋိညာဉ်အတိုင်းအရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ရက်(၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက် ကြိုတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မိုးမိုးအောင်)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

## သတိပေးတားမြစ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရိပ်သာရပ်ကွက်၊ ရုံးဟောင်းလမ်း၊ အမှတ်(C/၁၁၈)တွင် ယခင်ကနေထိုင်ခဲ့သူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဖြူဖြူလင်း၁၂/လကန(နိုင်)၁၃၃၀၉၆၏ လွှဲအပ်ချက်အရ"သတိပေးတားမြစ်ကြောင်း" ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေနှင့် "ဦးအောင်မျိုးနိုင်"တို့သည် (၁၅-၃-၂၀၂၂) ရက်နေ့ကတည်းက ရန်ကုန်မြောက်ပိုင်း ခရိုင်တရားရုံးတွင် "ကွာရှင်းပြတ်စဲကြောင်း ကတိစာချုပ်"ကို ချုပ်ဆို၍ ကွာရှင်းခဲ့ပြီးဖြစ်ပါသည်။ ထိုနေ့မှာပင် "ပစ္စည်းခန်းခွဲဝေခြင်းသဘောတူစာချုပ်"ကိုလည်း လက်မှတ်ရေးထိုးခဲ့ကြပါသည်။

ပစ္စည်းခန်းခွဲဝေခြင်းစာချုပ်ပါပစ္စည်းစာရင်းတွင် "အမှတ် (C/၁၁၈)၊ရုံးဟောင်းလမ်း၊ ရိပ်သာ ရပ်ကွက်၊ လှည်းကူးမြို့ရှိ "(၂)ထပ်တိုက်"ကို မရောင်းချမီအမျိုးသမီးက အမျိုးသားဖြစ်သူသို့ နေထိုင်ခွင့်ပြုထားပြီး တိုက်ကို ရောင်းချမည်ဆိုပါက ရောင်းချရရှိသည့် ရောင်းဖိုးငွေ၏ "ထက်ဝက်တိတိ" ကို ခွဲဝေယူကြရန် "(အိမ်တွင်တစ်ဦးတည်းသာ နေထိုင်ရမည်)"ဟု ဖော်ပြခဲ့သည်ကို သဘောတူလက်မှတ်ရေးထိုးခဲ့သော်လည်း "ဦးအောင်မျိုးနိုင်"သည် ယခုအခါစာချုပ်ပါ ယင်းအချက်ကို ဖောက်ဖျက်လျက်ရှိပါသည်။

"ဒေါ်ဖြူဖြူလင်း"နှင့်"ဦးအောင်မျိုးနိုင်"တို့ ပူးတွဲပိုင်ဆိုင်လျက်ရှိသော အထက်ပါ (၂) ထပ်တိုက် ပေါ်တွင် ဦးအောင်မျိုးနိုင်မှအပ အခြားသူများနေထိုင်ခြင်းကို "တားမြစ်" အပ်ပါသည်။ အဆိုပါ (၂)ထပ်တိုက်ကို ဒေါ်ဖြူဖြူလင်း၏သဘောတူခွင့်ပြုချက်မပါဘဲ ဦးအောင်မျိုးနိုင်တစ်ဦးတည်း၏ဆန္ဒဖြင့် ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လှူဒါန်းခွင့်မရှိကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ဒေါ်ဖြူဖြူလင်း၏ လွှဲအပ်ချက်အရ**

**ဦးခင်မောင်ညွန့် B.Sc (Chem); H.GP; R.L.) ဦးဥက္ကာဗိုလ် (LL.B)**

| | |
|---|---|
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၆၅၇၂/၂၀-၇-၉၈)** | **(စဉ်-၅၃၆၁၅/၃၁-၈-၂၀၂၀)** |

**ရုံးခန်း- ၆၆၊ ဝဏ္ဏကျော်စွာလမ်း၊ (၁၄/၅) ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊**
**မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း - ၀၉ - ၅၀၈၁၉၁၁**

## ဦးတင်မောင်ထွန်းနှင့်အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(သ-၄)၊ ဦးပိုင် အမှတ်(၄၄)၊ ဧရိယာ (၀.၀၅၅၁)ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဦးတင်မောင်ထွန်း(တသ)အမည်ပေါက်သည့်ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်၏မြောက်ဘက်ခြမ်း (၂၀)(၆၀)ပေအား ဦးတင်မောင်ထွန်း၏အထွေထွေ ကိုယ်စားလှယ်စာရသူ ဒေါ်ဂျိုဝှေးက လွှဲပြောင်းရောင်းချခဲ့သဖြင့် ကျွန်မဒေါ်ဝါဝါမြင့်မှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူကာလက်ရှိထား ပိုင်ဆိုင်လျက်ရှိပါသည်။

အဆိုပါအရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားသည်ဖြစ်၍ (၁၄-၂-၂၀၂၅) နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ဆက်သွယ်၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုပေးပါရန်အသိပေးအကြောင်းကြားပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အား ချုပ်ဆိုပေးရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးတင်မောင်ထွန်းနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဝါဝါမြင့်**
**အကွက်(သ-၄)၊ (ခ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၄၀၂၅၀၉၁၄၇**

## မော်လမြိုင် ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးရှိ (၂၀၂၄ -၂၀၂၅) ဘဏ္ဍာရေးနှစ်အတွက် ဆေးဝါးရန်ပုံငွေမှ ဆေးဝါးများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ (၂၀၂၄-၂၀၂၅) ဘဏ္ဍာရေးနှစ်အတွက် ဆေးဝါးရန်ပုံငွေဖြင့် မော်လမြိုင်ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးတွင် လာရောက်ကုသနေသော လူနာများအတွက် ဆေးနှင့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန်ခေါ်ယူအပ်ပါသည်။

| | | |
|---|---|---|
| **လျှောက်လွှာများရောင်းချမည့်ရက်** | - | ၁-၂-၂၀၂၅ရက် (စနေနေ့) (ရုံးချိန်အတွင်း) |
| **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | - | ၁၄-၂-၂၀၂၅ရက် (သောကြာနေ့) (ညနေ ၄:၃၀ နာရီ) |

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးခန်း၌ လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**အထွေထွေရောဂါကုဆေးရုံကြီး-မော်လမြိုင်မြို့**
**ဖုန်း-၀၅၇-၂၀၂၄၈၄၅**

## ဖိတ်ကြားလွှာ

ပဲခူး-ဥသျှောင်ဂေါက်သီးရိုက်အသင်း၏နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးနှင့် ကပ္ပတိန်ဖလားဂေါက်သီးရိုက်ပြိုင်ပွဲကို အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်ပါသဖြင့် အသင်းသားများမပျက်မကွက်တက်ရောက်ပါရန်လေးစားစွာဖြင့်ဖိတ်ကြားအပ်ပါသည်-

နေ့ရက်-၁၂-၂-၂၀၂၅ရက်(ဗုဒ္ဓဟူးနေ့)
နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး(၁၀:၀၀)နာရီ
Tee Off - (၁၂:၀၀)နာရီ
ဆုပေးပွဲနှင့် ညစာစားပွဲ-ညနေ(၆:၀၀)နာရီ

**ဥသျှောင်ဂေါက်ကွင်းအုပ်ချုပ်မှုကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ တပ်ကြပ်ကြီးသောင်းအေး(ကိုယ်ပိုင်အမှတ် ၅၁၆၄၂၃၊ ၁၂/မရက(နိုင်)၀၁၅၅၃၂(ဘ)ဦးချစ်လှိုင်အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င)၅၆၂ အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံသမီးဖြစ်သူ ဒေါ်အိအိချို ၁၂/မရက(နိုင်)၁၁၆၅၂၁(ဘ)ဦးသောင်းအေးမှ တရားဝင်အမွေခံဖြစ်ကြောင်း၊ တရားရုံးကျမ်း ကျိန်ဆိုချက် မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊တပ်ကြပ်ကြီးသောင်းအေး သေဆုံးခြင်းလက်မှတ် မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများ တင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက် ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြော်ငြာချက်

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ကျသောင်းတောင်ကျေးရွာနေ(ဘ) ဦးမြအောင်၏သမီးဖြစ်သူ ဒေါ်သက်သက်လှိုင် ၉/လဝန(နိုင်)၁၆၅၁၂၂ နှင့် ကျောက်ပန်းတောင်းမြို့နယ်၊ စည်ပေါက်ကန်ကျေးရွာနေ(ဘ) ဦးအောင်စန်း၏သားဖြစ်သူ ဦးထွန်းနွယ်(ခ)ဦးလှထွန်းနွယ် ၉/ကပတ(နိုင်)၁၄၆၅၇၃တို့သည် (၂၈-၁-၂၀၂၅)ရက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ထိုတရားဝင်ကွာရှင်းပြတ် စဲပြီးသည့်ရက်မှစ၍ ၎င်းတို့နှစ်ဦးမှာ တစ်ဦးနှင့်တစ်ဦးမည်သို့မျှ ပတ်သက်ဆက်နွယ်ခြင်းမရှိတော့သလို တစ်ဦး၏ကောင်းခြင်း၊ ဆိုးခြင်းများမှာလည်း တစ်ဦးနှင့်သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **ဒေါ်သက်သက်လှိုင်၏လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်သက်သက်လှိုင်** | **ဒေါ်သဥ္ဇာသန်းဇော် (တရားလွှတ်တော်ရှေ့နေ)** |
| **၉/လဝန(နိုင်)၁၆၅၁၂၂** | **(စဉ်- ၁၈၃၄၅)** |
| | **အမှတ်(၃) ရပ်ကွက်၊ လယ်ဝေးမြို့၊** |
| | **ဖုန်း-၀၉- ၉၅၆၄၀၅၁၂၃** |

Pursuant to Myanmar Insolvency Law section 147 and Rule 9 and Rule 15(b) of the Myanmar Insolvency Rules
(In Members' Voluntary Winding-up)
**GLOBESHIP SERVICES MYANMAR LTD**
**(Registration No. – 123784715)**

(1) At the Special Meeting of the Members and Directors of the GLOBESHIP SERVICES MYANMAR LTD (hereinafter referred to as "the Company") on **31st January 2025,** the following "Special Resolutions" were passed:

a. "The Company" be voluntarily winding-up by the members effective from 31 January 2025 under section 147, sub-section (a)(2) of the Myanmar Insolvency Law,
b. "The Company" appointed Daw San Tint, Advocate (Serial No. 2020), Myanmar Association of Insolvency Practitioners Member No. (00162) as the Liquidator of "the Company" (hereinafter referred to as "the Liquidator") and
c. "The Company" be and was hereby accorded to authorize the liquidator's general powers and to carry on the business of "the Company" so far as is, in the opinion of the liquidator, required for the beneficial management or winding up "the Company".

(2) That all persons claiming to be creditors of "the Company" are hereby requested to submit details of their claims for review together with any documentary evidence in their possession to the Liquidator's office email: info@smstlawfirm.com (or) the following address within one month from the date of this announcement.

**According to the instruction given by the Board of Directors of "the Company"**
**Daw San Tint (B.A (Law), LL.B), Advocate (Serial No. 2020)**
**Liquidator of GLOBESHIP SERVICES MYANMAR Ltd (In Members' Voluntary Winding-up) Liquidator's Office:**
**SM & ST Law Firm Co., Ltd**
**No. (588), Yuzana Street, Pauk Taw Quarter, Insein Township, Yangon, Myanmar. Phone: +95 (0) 9509 9637.**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
## မြောက်ဥက္ကလာပမြို့နယ်တရားရုံး
## ၂၀ ၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၈

ဦးလွင်ကို နှင့် ဦးမောင်ခွေး
(တရားလို) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ပီမိုးနင်းလမ်း၊ အမှတ်(၂၆၅)နေ တရားပြိုင် ဦးမောင်ခွေး သိစေရမည်။

သင့်အပေါ်၌တရားလိုက "ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆို ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၄)ရက်၊ (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆုတ် ၂)ရက် မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက် များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်ကိုယ်စား လှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင် သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ ၃၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ လူနေရပ်ကွက်အမှတ်(၃)၊ မာန်ပြေ (၇)လမ်း၊ အရှေ့အမှတ်(၂၈၁/က)၊ အလျား(၂၀)ပေxအနံ(၆၀)ပေ အကျယ် အဝန်းရှိ အိမ်ခြံမြေအပါအဝင် အကျိုးခံစားခွင့်များအား ရောင်းချသူ ဒေါ်ရင်ရင်သန်း ၁၂/သကတ(နိုင်)၀၃၁၇၅၆ မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ဒေါ်မွန်မွန်မြတ် ၁၂/ခရန(နိုင်)၀၉၂၁၄၂၊ ဒေါ်မြတ်နိုးပိုင် ၁၂/သကတ (နိုင်)၂၃၄၅၁၀ တို့ မှ ဝယ်ယူရန် သဘောတူညီခဲ့သည့်အလျောက်(၃၀–၁–၂၀၂၅) ရက်တွင် နှစ်ဦးသဘောတူ အိမ်ခြံမြေ အရောင်းအဝယ် စရန်ပေးကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုခဲ့ပြီး စရန်ငွေတစ်ချို့တစ်ဝက်ကို ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ ယင်းအိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းများနှင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးရဲမင်းထွဋ် LL.B , Diploma in Business Law**
**(တရားလွှတ်တော်ရှေ့နေ) အမှတ်(၄၇၅)၊ ဇမ္ဗူသီရိ(၃)လမ်းအရှေ့၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း – ၀၉–၇၉၉၆၁၁၃၀၀**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ကျားတက်စံပြကျေးရွာနေ (ဘ) ဦးကျော်လွင် ၇/ကဝန(နိုင်)၀၉၀၂၁၈တို့၏သား မောင်စိုးမိုးကျော် ၇/ကဝန (နိုင်)၁၈၄၂၄၀သည် မိဘတို့၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိဘများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စမှန်သမျှကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးရဲမင်းထွဋ် LL.B , Diploma in Business Law**
**(တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၄၇၅)၊ ဇမ္ဗူသီရိ(၃)လမ်းအရှေ့၊ ၆/အနောက်ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း – ၀၉–၇၉၉၆၁၁၃၀၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မိတ္ထီလာမြို့၊ ဇောင်ချမ်းကုန်းကျေးရွာအုပ်စု၊ အကွက်အမှတ်နှင့် အမည်(၁၉–ဍ/ဇောင်ချမ်းကုန်း)၊ ဦးပိုင်အမှတ်(၆၅)၊ မြေကွက်အမှတ်(၆၅)၊ မြေရိယာ ၀ ဒသမ ၀၈၈ ဧကရှိ မြေကွက်သည် ဒု–ဗိုလ်မှူးကြီးသူရဇော်ဝင်း အမည်ဖြင့် ၁၆–၉–၂၀၂၇ ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိထားပါသည်။ ဂရန်အမည်ပေါက်သူမှာကွယ်လွန်သွားပြီဖြစ်ပြီး မြေငှားဂရန်စာချုပ်မူရင်းမှာလည်း ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်မိတ္တူမှန်ထုတ်ပေးနိုင်ပါရန် ဇနီးဖြစ်သူ ဒေါ်ဝင်းမြင့် ၁၂/လမတ(နိုင်)၀၂၁၃၄၄ မှ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ် ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မိတ္ထီလာခရိုင်**

## ကန့်ကွက်နိုင်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ တောင်ဇလပ် ရပ်ကွက်၊ ကွင်း/အကွက် အမှတ် နှင့် အမည် (၂၉/တောတိုက်)၊ ဦးပိုင်အမှတ်(၂၀/ခ)၊ ဧရိယာ ၀ ဒသမ ၀၄၀ ဧကရှိဝင်းမြေအား ဒေါ်အေးအေးမော် ၅/ကလထ(နိုင်) ၁၁၁၀၃၂ နှင့် ဒေါ်ချောစု ၅/ကလထ(နိုင်)၁၅၀၄၇၅ တို့က ၎င်းတို့အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှ (၁၅)ရက်အတွင်း ခိုင်လုံသော မှတ်ပုံတင်စာချုပ် စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက်လျှောက်ထားနိုင်ပါသည်။

**ဒေါ်အေးအေးမော်နှင့် ဒေါ်ချောစုတို့၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဝင်းမြနွယ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၁၆၆)**
**မင်းသုခလမ်းသွယ်(၁)၊ ချမ်းမြေ့အောင်စည်ရပ်ကွက်၊ ကလေးမြို့**
**ဖုန်း–၀၉–၄၀၀၄၉၃၆၄၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၄ စီမံကိန်း–၂၊ မြေကွက်အမှတ် ၈၉၊ မြေကွက်တည်နေရာအမှတ်(၈၉)၊ သခင်ဖိုးလှကြီးလမ်း၊ ၁၄ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ခင်သန်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်သန်း ၁၂/ဥကတ(နိုင်)၁၀၆၂၁၈ မြေကွက်အား ဦးသာရီ (ဖခင်) နှင့် ဒေါ်ခင်သန်း(မိခင်)တို့ကွယ်လွန်သဖြင့် ဒေါ်မာမာအေး ၁၂/ဥကတ (နိုင်) ၁၀၆၀၆၃ မှ တစ်ဦးတည်းသော သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာအမှတ် ၁၄၁၅/၂၀၂၄ (၂၇–၅–၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်၊ နိုင်၊ ကတ်၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်း၊ ဝန်ဆောင်ခတို့တင်ပြ၍ပိုင်ဆိုင်ကြောင်း စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ မင်္ဂလာဥယျာဉ်ရပ်ကွက်ရှိ အရှေ့လားသော်–သြဘာလမ်း၊ အနောက်လားသော်–ဦးသန်းရွှေ မြေကွက်၊ တောင်လားသော်–ဦးဝင်းစိုးမြေကွက်၊ မြောက်လားသော် ဦးကြည်စိုး၊ ဒေါ်နုနုအေး မြေကွက်၏အလား (၄)ရပ်အတွင်း၌ရှိသော အကွက်အမှတ်(၆၆/က) အကွက်အမည်–ကလေးမြို့မြောက်၊ ဦးပိုင်အမှတ် (၁၅၀/ခ)၊ ဧရိယာ ၀ ဒသမ ၂၁၄ ဧက မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ဆက်စပ်စာချုပ်နှင့် လက်ရှိထားသောမြေဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးသိန်း ၅/ကလထ(နိုင်)၁၂၁၁၅၅ ထံမှ ကျွန်ုပ်မိတ်ဆွေများက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်မည့် တန်ဖိုး၏တစ်စိတ်တစ်ဒေသကိုလည်း စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာစာပါသည့်ရက်မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်လှဝေ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၉၉၃/၂၀၁၇)**
**တောင်ဖီလာရပ်ကွက်၊ နယ်မြေ(၈/၁၅၅)၊ ကလေးမြို့၊ ဖုန်း–၀၉–၄၀၀၅၁၇၂၂၃**

## အများသိစေရန်အသိပေးကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ အောင်မြေမာန် ရပ်ကွက်၊ အိမ်အမှတ်(၇/၅)၊ ဘုရင့်နောင်လမ်းနေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသိန်းမင်း(ဘ) ဦးတင့်ဆွေ ၅/ကလထ(နိုင်)၁၃၆၄၆၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါ အတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းမင်းနှင့် မယာဉ်စုမွန်(ဘ)ဦးခင်မောင်မြင့် ၅/ကလထ (နိုင်)၁၂၇၈၈၄ တို့မှာ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့သည်မှာ (၁၁) နှစ်ခန့်ရှိပြီဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ ဦးသိန်းမင်းအား မယာဉ်စုမွန်က စိတ်ဒုက္ခ အမျိုးမျိုးဖြစ်အောင် ပြုမူဆောင်ရွက်ခြင်း၊ လင်မယားခြင်း ညှိနှိုင်းဆောင်ရွက်မှု များကို လက်ခံမှုမရှိခြင်း၊ အခြားခွင့်လွှတ်၍မရသော အပြုအမူများ အကြောင်းကိစ္စ များကို အကြိမ်ကြိမ်ပြုလုပ်ကာ ၁၀–၁–၂၀၂၅ ရက်တွင် ကျွန်ုပ်၏မိတ်ဆွေအား အသိပေးခြင်း တစ်စုံတစ်ရာမရှိဘဲ မယာဉ်စုမွန်မှာ နေအိမ်မှဆင်းသွားခဲ့သဖြင့် ယနေ့မှစ၍ မယာဉ်စုမွန်အား ဇနီးအဖြစ်မှစွန့်လွှတ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာ ကျဆင်းစေရန် ပြုမူပြောဆိုခြင်း၊ ရေးသားဖြန့်ဝေခြင်းများ မပြုလုပ် ရန်လည်း အသိပေးကြေညာအပ်ပါသည်။

သို့ဖြစ်၍ ရန်ကုန်မြို့ တိုက်ခန်းအမှတ်(၁၀၂)၊ ပထမထပ်၊ ကနောင် မင်းသားကြီးလမ်း၊ ကနောင်အိမ်ရာ၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့တွင် ဝယ်ယူ ထားသည့် တိုက်ခန်းနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းမင်း သိရှိခြင်းမရှိဘဲ ရောင်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရန်နှင့် မယာဉ်စုမွန်အား ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသိန်းမင်း၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးပိုင်စိုး (LL.B)၊**
**အထက်တန်းရှေ့နေ (စဉ်–၄၇၇၆၄)**
**မင်းသုခလမ်းသွယ်(၁)၊ ချမ်းမြေ့အောင်စည်ရပ်ကွက်၊ ကလေးမြို့**
**ဖုန်း–၀၉–၉၇၉၁၁၉၂၂၉**

## ပတ်စ်ပို့ပျောက်

(ဘ)ဦးမြင့်ဦး၏ သမီး ဒေါ်ညိုညိုဝင်း ၈/နမန(နိုင်)၁၁၅၆၄၇ ၏ မြန်မာနိုင်ငံကူးလက်မှတ် (၂၀၀၆ခုနှစ်/နံပါတ်မမှတ်မိ)သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၂၆၃၇၀၉၉၃၉**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1E/6516 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/10756 HONDA WAVE 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းလှိုင် ၁၄/ဖပန(နိုင်)၁၄၁၁၈၉က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 16U/8062 Bajaj 200 T/Wယာဉ်လက်ဝယ်ရှိသူ ဦးမင်းဇော် ၉/ညဥန(နိုင်)၁၁၂၇၅ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ပခုက္ကူ)**

## ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၆/အရှေ့)ရပ်ကွက်၊ ၇/ဈေးလမ်း၊ အမှတ်(၁၀၆၆)ဟုခေါ်တွင်သော ဆောက်လုပ်ဆဲ (၂)ခန်းတွဲ (၇)ထပ်တိုက်၏မြေညီထပ် (တိုက်ရှေ့မျက်နှာမူလျှင်-ယာဘက်)၊ အကျယ်အဝန်း(၁၈ ပေ x ၅၄ ပေ)ရှိ တိုက်ခန်းအား ကန့်ကွက်နိုင်ပါကြောင်း

အထက်လိပ်စာပါတိုက်ခန်းကို(၁၈–၄–၂၀၂၂)ရက်စွဲပါ မြေပိုင်ရှင်နှင့်ကန်ထရိုက်တာတို့ အခန်းပေးအခန်းယူ နစ်ဖြင့် ကန်ထရိုက်တိုက်ဆောက်လုပ်ခြင်း သဘောတူကတိစာချုပ်အရ ကန်ထရိုက်တာအနေဖြင့် အကျိုးခံစားခွင့်ရရှိထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ရှားဘရားသားစ်ဆောက်လုပ်ရေး ကန်ထရိုက်တာ ဦးဇော်နိုင်မြင့် ၁၂/မဂတ(နိုင်)၀၀၉၄၃၃ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မြတ်မွန်စိုး ၁၁/စတန(နိုင်)၀၆၅၀၈၁ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား မူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား အပြီးသတ်စာချုပ်ချုပ်ဆိုကာ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဘူမောင်(LL.B) (စဉ်–၂၂၇၄၇)      ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဉ်–၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း–၀၉–၅၁၁၈၀၀၇၊ ၀၉–၅၁၁၅၉၉၀၊ ၀၉–၅၁၈၃၅၆၉**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း Grade–3 မှ မောင်အောင်ဘုန်းမြတ်နှင့် Grade–2 မှ မောင်ကောင်းပြည့်စုံတို့၏ ဖခင်အမည်မှန်မှာ ဦးဘိုလင်း ၁၂/လမန(နိုင်)၁၇၃၂၀၉ ဖြစ်ပါကြောင်း။ **ဦးဘိုလင်း**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ လေးစုရပ်ကွက်၊ အကွက်အမှတ်၅၉၉၊ ဦးပိုင်အမှတ်(၁၇)၊ မန္တလေး–စစ်ကိုင်းလမ်းရှိဦးသောင်းညွှန့်၊ ဒေါ်သောင်းသောင်း အမည်ပေါက် ဂရန်မြေကွက်အား ဇနီးဖြစ်သူ ဒေါ်သောင်းသောင်းကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၁၈၆/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ခင်ပွန်းဖြစ်သူ ဦးသောင်းညွှန့် ၉/အမရ(နိုင်) ၀၆၂၄၆၂ က အမှုတွဲအမှတ် (၆၂၇၇/၂၀၂၄–၂၀၂၅) ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ချမ်းအေးသာစံမြို့နယ်၊အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၇၅)၊ ဦးပိုင်အမှတ်(၃၂.က)၊ ၃၁ x ၃၂ လမ်းကြား၊ ၈၅ x ၈၆ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးလှထွန်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၃၆၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးခင်မောင်ဦး ၁/ရကန (နိုင်)၀၃၁၉၂၃ က အမှုတွဲအမှတ် (၀၇၃၆/ ဘ(ပြောင်း)/၂၀၂၄–၂၀၂၅)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ် ၁၁၆၊ ဦးပိုင်အမှတ် (၂–က)၊ ၂၂လမ်း၊ ၈၆x၈၇လမ်းကြားရှိ ဂရန်မြေကွက်ပေါက်သူ ဦးကျော်ဝင်း၏ (SPရရှိသူ ဦးသိန်းသောင်းဦး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၆၅၅/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးစက်လွင် ၅/ပလဘ(နိုင်)၀၀၇၈၂၁က အမှုတွဲအမှတ် (၆၃၀၁/၂၀၂၄–၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအနောက်ရပ်ကွက်၊ အကွက်အမှတ်(၃၈)၊ ဦးပိုင်အမှတ် ၃၅+၃၆+၃၇+၃၈+၃၉အတွင်းမှ ခဲစင်းပြ ၃၅+၃၆+၃၇(ခဲစင်း) လမ်း ၈၀၊ ၉x၁၀လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမေရ်ဆင်း ၉/ပဘန(ဧည့်)၀၀၀၀၅၀၈၏ (SPရရှိသူ ဒေါ်ညွှန့်ညွှန့်ဝေ၊ ဒေါ်သိမ့်သိမ့်ထွန်း)တို့က အမှုတွဲအမှတ်(၆၃၀၂/၂၀၂၄–၂၀၂၅)ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက် အမှတ် ၈၀၇၊ ဦးပိုင်အမှတ်(၇၅)၊ ၆၂လမ်း၊ ၂၈x၂၉လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်နှင်းနှင်းမော်၊ ဒေါ်နုနုရီ၏ (SPရရှိသူ ဦးသိန်းထွန်းမြင့်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၃၃၄/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အိအိခိုင် ၁/မကန(နိုင်)၁၈၈၆၆၅က အမှုတွဲအမှတ်(၆၃၀၄/၂၀၂၄–၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အင်္ဂလိပ်ဖောင်းကြွ နံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8L/3282 ၏ အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/37780 KENBO WAVE 125 ယာဉ်လက်ဝယ်ရှိသူ ဦးဝေလင်း ၁၄/ဖပန(နိုင်)၁၆၆၇၇၇က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဖျာပုံမြို့)**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာနေ မထူးဝတီသန့်ဇော်၏ မိခင် ဒေါ်ထူးမွန်(ခ)ဒေါ်ထူးမွန်ဦး ၉/ပသက(နိုင်)၀၉၄၁၁၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ထူးမွန်(ခ)ဒေါ်ထူးမွန်ဦး**

## ဖခင်အမည်မှန်

အင်္ဂပူမြို့နယ်၊ မဲဇလီကုန်းမြို့၊ အထက မဲဇလီကုန်း၊ Grade-9 (C) မှ မစုမြတ်ရွှေဇင် ၏ ဖခင်အမည်မှန်မှာ ဦးခင်မြင့် ၇/လပတ(နိုင်)၁၄၃၁၆၆ ဖြစ်ပါသည်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4S/5329 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

## မွေးသက္ကရာဇ်အမှန်

ဟသ်ာတမြို့နယ်၊ ဒူးယားအမှတ်(၁)ရပ်ကွက်၊ (၃)လမ်းနေ (ဘ) ဦးစောကြယ်ထွဋ် ၏ သမီး နော်လင်းလက်ကြယ်ပွင့် ၁၄/ဟသတ(နိုင်)၃၉၅၁၃၂ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၈-၂-၂၀၀၉ ခုနှစ် ဖြစ်ပါသည်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5P/6662 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)
အင်းစိန်

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၈၂၇၃ Kenbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းလတ် ၇/ပမန(နိုင်)၁၀၇၈၇၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ နေပြည်တော်ရုံး

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၂)၊ ဦးပိုင်အမှတ်(၈၁)၊ ၆၀x၆၁ကြား၊ ၁၂၆x၁၂၇ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ရှောက်စန်း ၁၃/မနန(နိုင်)၀၀၉၇၄၅ က အမှုတွဲအမှတ် ၆၃၁၈/၂၀၂၄-၂၀၂၅ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်မောင်ကြီး ၉/လဝန(နိုင်)၁၁၄၀၈၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်မောင်ကြီးသည် လွန်ခဲ့သော ၂၀-၂-၂၀၂၂ ရက်တွင် ကားပိုင်ရှင် အုံနာအမည်ပေါက်ဖြစ်သူ ဒေါ်အေးအေးခိုင်ထံမှ LIGHT TRUCK (၁၀ပေ)အဖြူရောင် ယာဉ်အမှတ်(8L-6335)ကားအား ကားအရောင်းအဝယ်စာချုပ် ချုပ်ဆိုဝယ်ယူခဲ့ပါသည်။ ယခုအခါတွင် ကျွန်ုပ် မိတ်ဆွေပိုင်ဆိုင်သော ယာဉ်အမှတ်(8L-6335) LIGHT TRUCK (၁၀ပေ)အဖြူရောင်ယာဉ်မှာ ခိုးယူခံရပြီး ပျောက်ဆုံးသွားခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေ ပိုင်ဆိုင်သော အဆိုပါယာဉ်နှင့် ပတ်သက်၍ ယာဉ်လိုင်စင်သက်တမ်းတိုးခြင်း၊ Owner Book အမည်ပြောင်းခြင်း စသည်တို့ကို လုပ်ဆောင်ပါက ကန့်ကွက်ပါကြောင်း ဤရက်မှစ၍ ကြေညာအပ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ ကားနှင့်အတူ ကားပိုင်ဆိုင်မှုစာရွက်စာတမ်းများပါ ပျောက်ဆုံးသွားသည့်အတွက် ပေါင်နှံထားခြင်း၊ ရောင်းချထားခြင်း၊ ပေါင်နှံထားမှုကို လက်ခံသူ၊ ရောင်းချ ရာတွင် ဝယ်ယူလက်ခံထားသူတို့အား တွေ့ရှိပါက တရားဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ယာဉ်လိုင်စင်သက်တမ်းတိုးခြင်း၊ Owner Book အမည်ပြောင်းခြင်း ကိစ္စရပ်များကို ကျွန်ုပ်မိတ်ဆွေမသိရှိဘဲ ပြုလုပ်ခြင်းဖြစ်သည့်အတွက် ကန့်ကွက်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဦးမောင်မောင်ကြီး၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စုစုအောင် (LL.B) (စဉ်-၁၃၄၉၈/၂၀၁၇)
(တရားလွှတ်တော်ရှေ့နေ)
ရုံးခန်း-အမှတ်(၄၃၈/က)၊ သစ္စာလမ်း၊ ၁၀-ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း - ၀၉-၇၇၈၉ ၄၀၂၀၆

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းခရိုင်၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄-H, ၃၄-I, ၃၄-I[1]) မြေကွက်အမှတ် (၂၉၉) စတုရန်းပေ (၁၆၉၃၁)၊ ဧရိယာ ၀ ဒသမ ၃၈၈ ဧကရှိ ဦးရှိန်ဝင်း အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက် (တစ်နည်းအားဖြင့်ဆိုသော်) ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းခရိုင်၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှုရတနာလမ်း၊ အမှတ်(၂၉၉)ဟုခေါ်တွင်သည့် မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၏ အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးရှိန်ဝင်း ၁၂/ဒဂန(နိုင်)၀၂၁၇၇၆ မှ တရားဝင် လက်ရှိထားပိုင်ဆိုင်၍ လွှတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုပြီး ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများအား အရောင်းအဝယ်ပြုလုပ်ရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများမှလည်း ဝယ်ယူရန်အတွက် သဘောတူညီပြီး စရန်ငွေပေးကတိစာချုပ်ကိုချုပ်ဆို၍ စရန်ငွေအချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန် အကြောင်းတစ်စုံတစ်ရာရှိပါက ခိုင်မာသောပိုင်ဆိုင်မှုစာချုပ် စာတမ်း/စာရွက်စာတမ်း အထောက်အထား(မူရင်း)များအားယူဆောင်ကာ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ချက်မရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်အေးသီတာမော် (LL.B,D.B.L)
( တရားလွှတ်တော်ရှေ့နေ ) (စဉ်-၈၄၂၉/၁၂)
အမှတ်( ၉၉/၁၀၁ )၊ ကျောက်မြောင်းလမ်းနှင့် မလွကုန်းလမ်းထောင့်၊
ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ သဃ်္ဃန်းကျွန်းခရိုင်၊
ရန်ကုန်တိုင်းဒေသကြီး
ဖုန်း ၀၉-၅၁၄၃၁၂၄၊ ၀၉-၅၀၄၈၂၂၁

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းခရိုင်၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်( ၃၄-H, ၃၄-I, ၃၄-I[1]) မြေကွက်အမှတ်( ၃၀၀ )၊ စတုရန်းပေ (၉၈၀၁)၊ ဧရိယာ ၀ ဒသမ ၂၂၅ ဧကရှိ ဦးရှိန်ဝင်း အမည်ပေါက် နှစ်(၆၀) မြေငှား ဂရန်မြေကွက် (တစ်နည်းအားဖြင့်ဆိုသော်) ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းခရိုင်၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှုရတနာလမ်း၊ အမှတ်(၃၀၀)ဟု ခေါ်တွင်သည့် မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၏ အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးရှိန်ဝင်း ၁၂/ဒဂန(နိုင်)၀၂၁၇၇၆ မှ တရားဝင် လက်ရှိထားပိုင်ဆိုင်၍ လွှတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုပြီး ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများအား အရောင်းအဝယ်ပြုလုပ်ရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများမှလည်း ဝယ်ယူရန်အတွက် သဘောတူညီပြီး စရန်ငွေပေး ကတိစာချုပ်ကိုချုပ်ဆို၍ စရန်ငွေအချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန် အကြောင်းတစ်စုံတစ်ရာရှိပါက ခိုင်မာသောပိုင်ဆိုင်မှုစာချုပ်စာတမ်း/ စာရွက်စာတမ်း အထောက်အထား(မူရင်း)များအား ယူဆောင်ကာ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ချက်မရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်အေးသီတာမော် (LL.B,D.B.L)
( တရားလွှတ်တော်ရှေ့နေ (စဉ်-၈၄၂၉/၁၂)
အမှတ်( ၉၉/၁၀၁ )၊ ကျောက်မြောင်းလမ်းနှင့် မလွကုန်းလမ်းထောင့်၊
ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ သဃ်္ဃန်းကျွန်းခရိုင်၊
ရန်ကုန်တိုင်းဒေသကြီး
ဖုန်း ၀၉-၅၁၄၃၁၂၄၊ ၀၉-၅၀၄၈၂၂၁

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှုလက်မှု(၄)လမ်း၊ အမှတ်(၁၉/ဈ)နေ (ဘ) ဦးပညာမြင့် ၁၂/တမန(နိုင်) ၀၉၈၈၄၄ နှင့် (အမိ) ဒေါ်နန်းချောစု ၁၂/တမန(နိုင်)၀၀၂၁၂၀ တို့၏သား စောထက်အောင်လင်း ၁၂/တမန(နိုင်)၁၂၉၄၁၂ သည် မိဘများ၏ ဆိုဆုံးမမှုများကိုမနာခံဘဲ မိဘများကိုယ်စိတ်နှလုံး စိတ်ဆင်းရဲစေသော ကိစ္စရပ်များအား အကြိမ်ကြိမ်အခါခါပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝတို့အား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးပညာမြင့် ၁၂/တမန(နိုင်)၀၉၈၈၄၄
ဒေါ်နန်းချောစု ၁၂/တမန(နိုင်)၀၀၂၁၂၀

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၃၇)၊ ဦးပိုင်အမှတ်(၆၈)၊ ၄၁(စီ)လမ်း၊ ၅၃ x ၅၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်ကျော်ဝင်း ၉/မဟမ(နိုင်)၀၀၁၈၉၇ က အမှုတွဲအမှတ်(၆၃၀၆/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၄၉)၊ ဦးပိုင်အမှတ်(၂၇)၊ ၃၉ x ၄၀ ကြား၊ ၅၃ x ၅၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးစိန်မောင် ၉/မရမ(နိုင်)၀၆၇၈၀၇ က အမှုတွဲအမှတ် (၆၃၀၇/၂၀၂၄-၂၀၂၅) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဏ-၉)၊ဦးပိုင်အမှတ်(၂၅-က)၊ ၆၀ x နဒီမြောင်းကြား၊ ၁၀၇ x ၁၀၁ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးသန်းထွန်းအောင် ၉/မနတ(နိုင်)၀၃၁၉၈၅ က အမှုတွဲအမှတ်(၆၃၀၈/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဒ-၃)၊ ဦးပိုင်အမှတ်(၆၀)၊ ၃၇ x ၃၈ ကြား၊ ၆၃ x ၆၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်အဲလှထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၇၉/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးကိုကိုဦး ၉/မရတ(နိုင်)၁၁၅၂၃၉ က အမှုတွဲအမှတ် (၆၃၀၅/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စိုက်/မွေး(၁)ရပ်ကွက်၊ ဆေးရုံလမ်း၊ လေးထောင့်ကန်၊ အမှတ်-၂/၃/၈(ခ)နေ ဒေါ်သန္တာငွေ ၁၂/ဒဂတ(နိုင်)၀၁၀၂၂၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ တိုးချောင်ကလေးအပိုင်၊ ကျုံခရင်းကွင်း၊ ကွင်းအမှတ်(၄၆၁)၊ ဦးပိုင်အမှတ်(၅၇/၁) အိုးအိမ်မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ ကွင်းအမှတ်(၁/င)ဟုမြေတိုင်းဦးစီးဌာန၏ မှတ်သားထားသော လယ်မြေ၏အရှေ့ဘက်-အထက်တန်းကျောင်း၊ အနောက်ဘက်-ဆောက်လုပ်ရေးပစ္စည်းဆိုင်၊ တောင်ဘက်-အမှတ်(၂)ကားလမ်းမကြီး၊ မြောက်ဘက်- မီးရထားသံလမ်းတို့၏ကြားတွင်ရှိသော လယ်မြေ ၈ ဒသမ ၉၂၄ ဧက အကျယ်ရှိ မူလပိုင်ရှင် ဦးအုန်းမောင်သည် ကွယ်လွန်သွားပြီးဖြစ်၍ မိဘများ၏ အမွေကို ဆက်ခံပိုင်ဆိုင်ခွင့်ရှိသော သားသမီး(၈)ဦးတို့မှ ဆက်လက်ပိုင်ဆိုင်ခွင့်ရှိသော လယ်မြေကွက်များဖြစ်ကြပါသည်။

အဆိုပါလယ်မြေကွက်များနှင့်ပတ်သက်၍ မူလပိုင်ရှင် ဦးအုန်းမောင်၏ ဆက်ခံခွင့်ရှိသူ သားသမီး(၈)ဦးတို့မှ လုပ်ပိုင်ခွင့်ကိစ္စရပ်အဝဝကို ဆောင်ရွက်နိုင်ရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန္တာငွေအား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တရားဝင်အထွေထွေကိုယ်စားလှယ်လွှဲစာများ လွှဲအပ်ထားပြီးဖြစ်ပါသည်။ ယင်းလယ်မြေများနှင့်စပ်လျဉ်း၍ အထွေထွေကိုယ်စားလှယ်စာရရှိသူ ဒေါ်သန္တာငွေသည် လယ်မြေကွက်များ၏ လုပ်ငန်းကိစ္စရပ်များကို (၂၀၁၆)ခုနှစ်မှစ၍ ယနေ့အချိန်ထိ စဉ်ဆက်မပြတ် ဒေါ်သန္တာငွေ တစ်ဦးတည်းကသာ သက်ဆိုင်ရာဌာနအသီးသီးတို့တွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ လယ်မြေများနှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူ သားသမီး(၈)ဦးတို့မှ ဒေါ်သန္တာငွေ တစ်ဦးတည်းကိုသာ မြေကိစ္စပြီးဆုံးသည်အထိ ဆောင်ရွက်နိုင်ရန် လုပ်ပိုင်ခွင့်အပြည့်အဝ ပေးအပ်ထားပြီးဖြစ်၍ အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမျှထပ်ဆင့်ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ အထွေထွေကိုယ်စားလှယ်လွှဲစာများ လွှဲအပ်ခြင်းမပြုလုပ်ပါရန် အလေးအနက် အသိပေးကြေညာအပ်ပါသည်။ ယင်းသို့ အသိပေး ကြေညာနေသည့်ကြားမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန္တာငွေ မသိရှိဘဲ (သို့မဟုတ်) အသိပေးခြင်းမရှိဘဲ တစ်စုံတစ်ခုပြုလုပ်ခဲ့ပါက ဒေါ်သန္တာငွေမှ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက် သွားမည်ဖြစ်ကြောင်းလည်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

ဒေါ်သန္တာငွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးခိုင်ဇင် (LLB,D.B.L,D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၁၂၄)
လိုင်စင်ရသည့်နေ့စွဲ (၂၉-၇-၂၀၁၄)
တိုက်အမှတ်(၁၈)၊ အခန်းအမှတ်(၂၃)၊ မလိခအိမ်ရာ၊ ဘဝမြင့်ရပ်ကွက်၊
သဃ်္ဃန်းကျွန်းမြို့နယ်၊ ဖုန်း-၀၉-၂၅၄၇၂၃၇၇

## ပဲခူးမြို့၊ အမှတ်(၁၀၅၈-က)၊ ဥသာ(၅)လမ်း၊ နန်းတော်ရာရပ်ကွက်ဟု ခေါ်တွင်သည့် အကျယ်အဝန်း အလျားပေ (၂၃) x အနံပေ (၆၀)ရှိ မြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

အထက်လိပ်စာပါမြေကွက်ကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိထားလက်ရောက်ပိုင်ဆိုင်ထားသူ ဦးသျှိုင်းသူ ၇/ပခန(နိုင်)၂၆၆၅၂၄ နှင့် ဒေါ်မို့မို့အောင်၇/ပခန(နိုင်)၃၁၇၉၆၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဆုမြတ်မိုးဦး ၇/ဒဥန(နိုင်)၁၆၀၁၂၅ က အပြီးအပိုင်ဝယ်ယူရန် သဘောတူညီသည့်အလျောက် ၂၉-၁-၂၀၂၅ ရက်တွင် အရောင်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါမြေကွက်အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်ငွေပေးချေခြင်း ကတိစာချုပ် ချုပ်ဆိုကာ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြတ်မာလာဦး (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၂၄၈)
အမှတ်(၉၅)၊ သနပ်ပင်လမ်း၊ နန်းတော်ရာရပ်ကွက်၊ ပဲခူးမြို့

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၉)ရပ်ကွက်၊ ဗိုလ်ဆွန်ပတ်လမ်း၊အမှတ်(၃၆၄)ဟုခေါ်တွင်သော နှစ်ခန်းတွဲခြောက်ထပ်တိုက်၏ စတုတ္ထထပ်-ခြေရင်းခန်း၊ အကျယ်အဝန်း အလျား(၁၈)ပေxအနံ(၅၅) ပေ ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါ တိုက်ခန်းကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိထား လက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသူဟုအဆိုပြုသူ ဒေါ်နုနုရီ ၁၂/ဗဟန(နိုင်)၀၂၂၆၆၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမိုးကျော် ၆/မအရ(နိုင်)၀၄၃၁၁၁နှင့် ဒေါ်မီမီစန်း ၆/မအရ(နိုင်)၀၄၃၁၀၁ တို့က အပြီးအပိုင်ဝယ်ယူရန် သဘောတူညီသည့်အလျောက် ၃၀-၁-၂၀၂၅ ရက်တွင် အရောင်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါ တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်ငွေပေးချေခြင်း ကတိစာချုပ်ချုပ်ဆိုကာ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြတ်မာလာဦး (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၂၄၈)
အမှတ်(၉၅)၊ သနပ်ပင်လမ်း၊ နန်းတော်ရာရပ်ကွက်၊ ပဲခူးမြို့

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(င-၆)၊ ဦးပိုင်အမှတ်(၁၁၄-က)၊ ၆၂ x ၆၄ ကြား၊ ၁၀၉ x ၁၁၀ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်ရွှေ၏ (GP ရရှိသူ ဒေါ်ဆိုက်လန်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၆၀၈/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်စန်းဝင်း ၉/မရတ(နိုင်)၀၉၂၄၂၀၊ ဦးရန်နိုင်အောင် ၉/မရတ(နိုင်)၁၂၇၅၉၈၊ ဒေါ်စန္ဒာဝင်း ၉/မရတ(နိုင်)၀၀၀၅၂၉ တို့က အမှုတွဲအမှတ် ၆၃၁၂/၂၀၂၄-၂၀၂၅ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂

| | | |
|---|---|---|
| ဦးသူရကျော်စွာ | နှင့် | ဦးငွေလှိုင် |
| (တရားလို) | | (တရားပြိုင်) |

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ ရွှေလင်ဗန်း၊ ရွှေမေတ္တာ(၂)လမ်း၊ အမှတ်-၁၁၆ နေ တရားပြိုင် ဦးငွေလှိုင် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးသူရကျော်စွာက ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက် (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆုတ် ၁၂ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သန္တာထွန်းကျော်)
မြို့နယ်တရားသူကြီး
လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တရားရုံး

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စောသီရိသိဂ်ီ(Rebecca Ko)
B.Sc (Chemistry) (Q), R.L, DBL, Dip ELT
အထက(၂)လသာ/St. John's Convent ကျောင်းသူဟောင်း၊
လဝကဝန်ထမ်းအငြိမ်းစား
မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)
အလုပ်အမှုဆောင်ကော်မတီဝင်
အသက် (၇၄) နှစ်

ရန်ကုန်မြို့နေ (ဦးမောင်ကို-ဒေါ်အေး(ခ)ဒေါ်ကစ်တီ)တို့၏သမီး၊ [ဝဏ္ဏကျော်ထင် ဦးတင်ထွတ်နိုင်(တရားရုံးချုပ်တရားသူကြီး-အငြိမ်းစား)]၏ ဇနီး၊ ဦးသူရိန်စောထွတ်နိုင် (သံမှူး၊ မြန်မာအဖွဲ့ရုံး၊ ဂျီနီဗာမြို့)၏ ချစ်လှစွာသောမိခင်ကြီးသည် ဒေသစံတော်ချိန် ၂၉-၁-၂၀၂၅ ရက် (ဗုဒ္ဓဟူးနေ့)၊ ည ၂၀:၅၆ နာရီတွင် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့၌ (၈၆) ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၂၅ ရက် (တနင်္လာနေ့) တွင် ဂျီနီဗာမြို့ရှိ Saint-Georges Funeral Center and Crematory သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီးဆွေမျိုးမိတ်ဆွေသင်္ဂဟများကို အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၂-၂၀၂၅ ရက် (အင်္ဂါနေ့) နံနက် ၀၇:၀၀ နာရီမှ ၁၀:၀၀ နာရီအထိ ရန်ကုန်မြို့၊ သုဝဏ္ဏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စောသီရိသိဂ်ီ (Rebecca Ko)
B.Sc (Chemistry) (Q), R.L, DBL, Dip ELT
အထက(၂)လသာ/St. John's Convent ကျောင်းသူဟောင်း၊
လဝကဝန်ထမ်းအငြိမ်းစား
မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)
အလုပ်အမှုဆောင်ကော်မတီဝင်
အသက် (၇၄) နှစ်

သံမှူး ဦးသူရိန်စောထွတ်နိုင် ၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်စောသီရိသိဂ်ီ သည် ၂၉-၁-၂၀၂၅ ရက် (ဗုဒ္ဓဟူးနေ့)၊ ဒေသစံတော်ချိန် ည ၂၀:၅၆ နာရီတွင် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့၌ (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာအဖွဲ့ရုံး၊ ဂျီနီဗာမြို့မိသားစု

---

## အထူးကြေကွဲဝမ်းနည်းခြင်း
## ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)
အသက် (၈၅) နှစ်

ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန၊ ပါမောက္ခ၊ ဌာနမှူး (ငြိမ်း)၊ ဘာသာစာပေသုတေသီပညာရှင်၊ မြန်မာစာပါရဂူ သင်တန်း ဦးစီးကော်မတီဝင်၊ ပညာရေးဝန်ကြီးဌာန၊ မြန်မာစာ အဖွဲ့ အချိန်ပြည့်အဖွဲ့ဝင် ဆရာကြီးဒေါက်တာ ဦးခင်အေး (မောင်ခင်မင် - ဓနုဖြူ)၊အသက်(၈၅)နှစ်သည်(၂၈-၁-၂၀၂၅) ရက်တွင် ကွယ်လွန်အနိစ္စရောက်ရှိကြောင်းကြားသိရသည့် အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးကြေကွဲ ဝမ်းနည်းရပါကြောင်း။

မြန်မာစာဌာန၊
ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်

---

အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စောသီရိသိဂ်ီ
အထက (၂) လသာ/St. John's Convent ကျောင်းသူဟောင်း
လဝကဝန်ထမ်းအငြိမ်းစား
မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)
အလုပ်အမှုဆောင်ကော်မတီ
အသက် (၇၄)နှစ်

ဆွစ်ဇာလန်နိုင်ငံ၊ဂျီနီဗာမြို့နေ MoFA 2010 Batch မှ သူငယ်ချင်း၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်စောသီရိသိဂ်ီ (လဝက ဝန်ထမ်းအငြိမ်းစား၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (ဗဟို) အလုပ်အမှုဆောင်ကော်မတီဝင်) သည် ၂၉-၁-၂၀၂၅ ရက် (ဗုဒ္ဓဟူးနေ့)၊ ည ၂၀:၅၆ နာရီတွင် (၈၆) ပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

MoFA 2010 Batch မှ သူငယ်ချင်းများ

---

## အများသိစေရန် ကြေညာခြင်း

တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ မင်္ဂလာအောင်မြေ (၁) ရပ်ကွက်နေ(ဘ)ဦးမျိုးခိုင် (၁၃/တကန(နိုင်)၁၄၂၃၃၄)နှင့်(အမိ) ဒေါ်ငွေငွေဝင်း (၉/ပဘန(နိုင်)၀၇၁၃၅၈)တို့၏သမီးဖြစ်သူ မရွှန်းလဲ့ဖြိုး (၁၃/တကန (နိုင်) ၃၅၅၁၅၅)၊ အသက် (၁၇) ရှိ အမျိုးသမီးငယ် တစ်ဦးဖြစ်ပြီး မိဘအုပ်ထိန်းမှုအောက်၌ နေထိုင်နေစဉ် (၂၅-၁-၂၀၂၅)ရက် နံနက်ပိုင်းအချိန်၌ မိသားစုနေထိုင်သည့် နေအိမ်မှပျောက်သွားသည့်အတွက် ၎င်းအားတွေ့ရှိပါက မိဘများထံ အကြောင်း ကြားပေးရန်နှင့် လက်ခံထားသူများအား ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးမျိုးခိုင်-ဒေါ်ငွေငွေဝင်း
မင်္ဂလာအောင်မြေ(၁)ရပ်ကွက်၊ ရွှေညောင်မြို့၊ တောင်ကြီးမြို့နယ်၊
ဖုန်း-၀၉-၇၉၈၀၆၂၀၇၂

---

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဗိုလ်မှူးကြီးနေဝင်း(ငြိမ်း)
နယ်စပ်ကုန်သွယ်ရေးညွှန်ချုပ်(ငြိမ်း)
ကျောက်ပန်းတောင်းမြို့နယ်အသင်းဥက္ကဋ္ဌ
အသက် (၇၅)နှစ်

နယ်စပ်ကုန်သွယ်ရေးညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဗိုလ်မှူးကြီးနေဝင်း(ငြိမ်း)သည် ၃၀-၁-၂၀၂၅ရက် ညနေ ၆:၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ကျောက်ပန်းတောင်းအသင်း(ရန်ကုန်)

---

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်မှူးကြီးနေဝင်း(ငြိမ်း)
နယ်စပ်ကုန်သွယ်ရေး ညွှန်/ချုပ်(ငြိမ်း)
အသက်(၇၅)နှစ်

နယ်စပ်ကုန်သွယ်ရေး ညွှန်/ချုပ်(ငြိမ်း) ဗိုလ်မှူးကြီး နေဝင်း(ငြိမ်း)သည် ၃၀-၁-၂၀၂၅ရက်တွင် ကွယ်လွန် သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့် ထပ်တူ အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

ဦးငွေဦး-သီဟသုဓမ္မသိင်္ဂီ ဒေါ်ကြူကြူမြင့်
ရွှေချမ်းသာဒေါင်းမင်း ကုမ္ပဏီမိသားစု

---

အထူးကြေကွဲဝမ်းနည်းခြင်း
## ဆရာကြီး ဒေါက်တာခင်အေး(မောင်ခင်မင်၊ ဓနုဖြူ)
အသက် (၈၅) နှစ်

ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန၊ ပါမောက္ခ၊ ဌာနမှူး (ငြိမ်း)၊ဘာသာစာပေသုတေသီပညာရှင်၊စာရေးဆရာ၊မြန်မာစာ အဖွဲ့အချိန်ပြည့်အဖွဲ့ဝင်၊ အမျိုးသားသင်ရိုးညွှန်းတမ်း ကော်မတီအဖွဲ့ဝင်၊ မြန်မာစာပါရဂူသင်တန်း ဦးစီးကော်မတီဝင်၊ တက္ကသိုလ်များ မြန်မာစာသင်ကြားရေးအဖွဲ့ သဘာပတိဆရာ ကြီး ဒေါက်တာခင်အေး(မောင်ခင်မင်၊ ဓနုဖြူ)(အသက်(၈၅) နှစ်) ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် မြန်မာစာလောက၊ မြန်မာစာပေလောကနှင့် မိသားစုအတွက်ကြီးစွာသော ဆုံးရှုံးမှု အဖြစ်ဖြင့် အထူးကြေကွဲဝမ်းနည်းရပါသည်။

မြန်မာစာဌာန
မန္တလေးတက္ကသိုလ်

---

ဝမ်းနည်းကြေကွဲခြင်း
## အလင်္ကာကျော်စွာ ဒေါက်တာဦးခင်အေး (မောင်ခင်မင်-ဓနုဖြူ)
ပါမောက္ခ(ဌာနမှူး)(ငြိမ်း)၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

ကမာရွတ်မြို့နယ်၊ စန္ဒာမြိုင်ကွန်ဒို(4B-1)နေ ရန်ကုန်တက္ကသိုလ်၊ ရတနာဆောင်ကျောင်းသူဟောင်း ဒေါက်တာစုစုနွယ်(တွဲ ဖက်ပါမောက္ခ-ငြိမ်း၊ ရန်ကုန်တက္ကသိုလ်)၏ချစ်လှစွာသောခင်ပွန်းဖြစ်သူ ဆရာကြီး ဒေါက်တာ ခင်အေး (မောင်ခင်မင်-ဓနုဖြူ၊ အသက်(၈၅)နှစ် သည် ၂၈-၁-၂၀၂၅ရက်(အင်္ဂါနေ့) နံနက်တွင် ကွယ်လွန်ဆုံးပါးသွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့် ထပ်တူ အထူးပင်ဝမ်းနည်းကြေကွဲ ရပါသည်။

ရန်ကုန်တက္ကသိုလ် ရတနာဆောင် အဆောင်မှူးဟောင်းနှင့်
ရတနာဆောင် ကျောင်းသူဟောင်းများအဖွဲ့

---

ယာဉ်မှတ်ပုံတင်စာအုပ်
မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/79460 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းနိုင် ၁၂/လကန(နိုင်)၂၁၉၄၃၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီး
ဦးစီးမှူးရုံး(ပဲခူး)

---

ယာဉ်မှတ်ပုံတင်စာအုပ်
မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1R/9740,Nissan Sunny -N-17 ယာဉ်လက်ဝယ်ရှိသူ U Myat Ko Ko Oo ၉/ပမန(နိုင်) ၁၈၈၈၄၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကညန၊နေပြည်တော်ရုံး

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်မှူးကြီးနေဝင်း(ငြိမ်း)
DSA (15)
နယ်စပ်ကုန်သွယ်ရေးညွှန်ချုပ်(ငြိမ်း)
အသက် (၇၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ နီလာလမ်း၊ အိမ်အမှတ်(၄၅)၊ မြန်မာ့ဂုဏ်ရောင်အိမ်ရာနေ ဗိုလ်ကြီး ဒေါ်စောသိန်း(ငြိမ်း)၏ ခင်ပွန်း၊ ဦးဇော်မင်းသိန်း - ဒေါက်တာ ဆင့်ဆင့်ဖြိုး တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ဦးသော်တာ-ဒေါ်ခင်အုန်းမြင့်၊ ဒေါ်မြင့်မြင့်သိန်း၊ အရှင်ဦးဝိစာရ၊ သီလရှင် ဒေါ်စန္ဒာသီရိ၊ ဦးနောင်ကြီး-ဒေါ်ချိုချိုသိန်းတို့၏အစ်ကို ဦးနေဝင်း သည် ၃၀-၁-၂၀၂၅ရက် (ကြာသပတေးနေ့) ညနေ(၆:၁၀)နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၃-၂-၂၀၂၅ ရက် (တနင်္လာနေ့) နံနက် (၁၁:၃၀)နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသောကြောင့် လိုက်ပါပို့ဆောင် နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် (၉:၃၀)နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၅-၂-၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## Juliet Seit Doe @ ဒေါ်ခင်ခင်ဆွေ
အသက် (၇၄) နှစ်

(ဦးစိုက်ဒိုး-ဒေါ်မာသာဆွေထက်)တို့၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ ခြံအမှတ် ၂ (က)၊ သဇင်မြိုင်လမ်းနေ ဦးအောင်ထွဋ်ကျော်၏ဇနီး၊ ကိုအောင်ဆွေမွန်-မဝါဝါရွှေ၊ (ကိုမျိုးဆွေအောင်)-မယဉ်မိုးသွယ်၊ ကိုငြိမ်းအေးဆွေ တို့၏ ချစ်စွာသောမိခင်ကြီး၊ မောင်အုပ်စိုးပိုင်၊ မသီရိမိုးအောင်၊ မောင်ကျော်ခန့်ပိုင်၊ မဖြိုးဝင့်ဝါမွန်တို့၏ချစ်စွာသော ဘွားဘွားကြီးဖြစ်သူ Juliet Seit Doe @ ဒေါ်ခင်ခင်ဆွေသည် ၃၀-၁-၂၀၂၅ ရက်(ကြာသပတေးနေ့) မွန်းလွဲ (၁:၂၀)နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသည်။ ဈာပနဝတ်ပြုခြင်းကို ၁-၂-၂၀၂၅ ရက် (စနေနေ့) နံနက် ၉:၀၀ နာရီတွင် အမှတ် ၁၀၄၊ အင်းယားလမ်း၊ ကမာရွတ်မြို့နယ်ရှိ သန့်ရှင်းသောကားတိုင်ဘုရားကျောင်းတွင်ပြုလုပ်ပြီး ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်ဆွေများကို အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (ထထ-၂)၊ ဦးပိုင်အမှတ်(၈၂)၊ ၆၀x၆၁ကြား၊ ၁၂၆x၁၂၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရှောက်စန်း ၁၃/မနန(နိုင်)၀၀၈၇၄၅ က အမှုတွဲအမှတ်(၆၃၁၉/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃/စက်မှုဇုန်)၊ မြေကွက်အမှတ် (၂၀၄)၊ မြေကွက် တည်နေရာအမှတ်(၂၀၄)၊ (၂၃/စက်မှုဇုန်) ရပ်ကွက်၊ ဒဂုံတောင်၊ ဦးဖောင် (CD-052419) အမည်ပေါက် နှစ်(၆၀)စက်မှုမြေငှား ဂရန်မြေအား၊ ဂရန်အမည်ပေါက် ဦးဖောင်(ခင်ပွန်း)ဖြစ်သူသည် (၂၅-၆-၂၀၀၃) ရက်တွင် ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်ကြူကြူစိန်(၁၂/ဗတထ(နိုင်)၀၃၀၃၅၀) မှ တရားဝင်အမွေဆက်ခံခွင့်ရှိသူ ဇနီးဖြစ်ကြောင်း၊ အခြားသောဇနီးမယား တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ အထက်ပါမြေကွက်၏ အကျိုးခံစားခွင့် အရပ်ရပ်တို့အား တစ်ဦးတည်းသော ဇနီးဖြစ်သူ မိမိကသာလျှင် အမွေဆက်ခံ ပိုင်ဆိုင်ပါကြောင်း၊ မိမိမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ် ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာအမှတ်-၂၄၈/၂၀၂၄(၉-၁၂-၂၀၂၄)၊ အသိသက်သေနှစ်ဦး၏ ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ အိမ်ထောင်စုစာရင်း၊ ခင်ပွန်းသေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူး လျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်း စစ်ဆေးရာ သွပ်မိုးသွပ်ကာ (၁)လုံး၊ အုပ်ညှပ် (၂)လုံးရှိပြီး ကိုယ်တိုင်မနေ၊ အင်အား သစ်သောက်ရေသန့်စက်ရုံရှိပြီး ဒေါ်ကြူကြူစိန်၊ လုပ်ငန်းမန်နေဂျာမှ ကွင်းဆင်း သိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဒေါ်ကြူကြူစိန်၏ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

## ဖခင်အမည်မှန်

မကွေးမြို့၊ အလက(သိင်္ဂါ) Grade-2မှ မောင်ကောင်းထက်ဦး၏ ဖခင်အမည်မှန်မှာ ဦးထွန်းကျော်သက် ၈/ မကန(နိုင်)၂၀၆၂၁၃ ဖြစ်ပါကြောင်း။

ဦးထွန်းကျော်သက်

---

## ပတ်စ်ပို့ပျောက်

ကွန့်တော် ဦးအောင်ဖြိုးချစ် ၉/ညဥန(နိုင်)၁၉၅၇၀၀ ၏ ပတ်စ်ပို့နံပါတ် MH-755593 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၄၀၂၆၄၂၅၇၉

---

ယာဉ်မှတ်ပုံတင်စာအုပ်
မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/56566 ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူအောင် ၇/ပခန(နိုင်)၃၃၈၂၄၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီး
ဦးစီးမှူးရုံး(ပဲခူး)

❖ နိုင်ငံစီးပွား တိုးတက်ရေးနှင့် ထုတ်ကုန်ပစ္စည်းများ တိုးမြှင့်နိုင်ရေးအတွက် နိုင်ငံ၏ အဓိက စီးပွားရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ် ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် ပြုလုပ်သော ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## MNL ပြိုင်ပွဲ မြဝတီကို ရန်ကုန်ယူနိုက်တက်အသင်း ဂိုးပြတ်အနိုင်ယူ

ရန်ကုန် ဇန်နဝါရီ ၃၁

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၈) ဒုတိယနေ့ကို ဇန်နဝါရီ ၃၁ ရက်က သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်းက မြဝတီအသင်းကို လေးဂိုး - တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ထိပ်ဆုံးသုံးသင်း စာရင်းဝင်ရန် အမှားမခံတော့သည့် အဆုံးအဖြတ်ကာလ ဖြစ်သောကြောင့် ရန်ကုန်ယူနိုက်တက် အသင်းသည် အနိုင်သုံးမှတ်အပြင် ဂိုးပြတ်နိုင်ပွဲပါ ရယူနိုင်ခဲ့သည်။

*စာမျက်နှာ ၁၉ ကော်လံ ၅* ○



ရန်ကုန်ယူနိုက်တက်အသင်းနှင့် မြဝတီအသင်း ယှဉ်ပြိုင်နေစဉ်။

## ယနေ့ သတင်းအညွှန်း

### နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၇) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်



ပြည်တွင်းသတင်း စာ ၁၄

### လုပ်ငန်းစီးပွားချိတ်ဆက်မှုပြခန်းတွေကနေ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူတွေ ပိုမိုချိတ်ဆက်ပူးပေါင်းဆောင်ရွက်လာစေတဲ့ အကျိုးတွေ ဖြစ်ထွန်းလာလိမ့်မယ်လို့ ယုံကြည်

တွေ့ဆုံမေးမြန်း စာ ၁၆

### ဆင်ဖြူကျွန်းမြို့အနီး ကျေးရွာနှစ်ရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ခဲ့ဟု မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်ဝေလျက်ရှိ

ပြည်တွင်းသတင်း စာ ၁၉



အဲမို့နှင့် မူဂါဆီတို ယှဉ်ပြိုင်ထိုးသတ်စဉ်။

## မြန်မာဖိုက်တာ အဲမို့ ဒုတိယအချီတွင် ဂျပန်ဖိုက်တာကိုအလဲထိုး အနိုင်ယူ

ONE Friday Fights-95 ပြိုင်ပွဲကို ဇန်နဝါရီ ၃၁ ရက်က ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပရာ မြန်မာဖိုက်တာ အဲမို့က ဂျပန်ဖိုက်တာ မူဂါဆီတိုကို အလဲထိုး အနိုင်ရရှိသည်။

အဲမို့သည် ပွဲအလှည့်အပြောင်းအောက်တွင် အလဲထိုး အနိုင်ရခဲ့ခြင်းဖြစ်ပြီး ပထမအချီတွင် ပြိုင်ဘက်ကစားသမား၏ လက်သီးချက်များကြောင့် အမှတ်စဉ်နှစ်ကြိမ် ရေတွက်ခံရသော်လည်း ဒုတိယအချီတွင် အလဲထိုးဖြင့် ပြန်လည်အနိုင်ရခဲ့ခြင်းဖြစ်သည်။ ပထမအချီအစပိုင်းတွင် နှစ်ဦးစလုံး လက်ရည်မကွာသော်လည်း နှစ်မိနစ်ဝန်းကျင်မှ စတင်ကာ

*စာမျက်နှာ ၁၉ ကော်လံ ၅* ❖

## ယူရိုပါလိဂ် ၁၆ သင်းအဆင့် မန်ယူတိုက်ရိုက်တက်လှမ်း

ယူအီးအက်ဖ်အေ ယူရိုပါလိဂ်ပြိုင်ပွဲ လိဂ်အဆင့်နောက်ဆုံးပွဲစဉ်အဖြစ် ရိုမေးနီးယားကလပ် အက်ဖ်စီအက်စ်ဘီနှင့် မန်ယူအသင်းပွဲစဉ်ကို ဇန်နဝါရီ ၃၁ ရက် နံနက် ၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်းက နှစ်ဂိုးပြတ်နိုင်ပွဲရရှိပြီး ၁၆ သင်းအဆင့်သို့ တိုက်ရိုက်တက်လှမ်းနိုင်ခဲ့သည်။

*စာမျက်နှာ ၁၉ ကော်လံ ၅* ❑



မန်ယူအသင်းမှ ဒါးလော့ အက်ဖ်စီအက်စ်ဘီအသင်းဘက် အဖွင့်ဂိုး သွင်းယူစဉ်။